ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

## ဂျာနယ်

စာတည်းအဖွဲ့အမှာ ............ ၁
၁၉၈၈ ဩဂုတ်လ အရေးတော်ပုံကို ပြန်လည်သုံးသပ်ခြင်း ............ ၂
အခါအခွင့်ကောင်းဆိုတာ ဗကပ အမြင် ............ ၆
အပြောင်းအလဲဆိုတာနဲ့ ပတ်သက်ပြီး ဗကပ ရဲ့ အမြင်နဲ့သဘောထား ............ ၉
တိုင်းပြည်ရှေ့ရေး ဗကပ အတွေး ............ ၁၁
၁၉၈၉ က ရတဲ့သင်ခန်းစာ ............ ၁၂
စစ်အာဏာရှင်စနစ် အမွေခံများရဲ့ဒုက္ခ ............ ၁၆
သယံဇာတကျိန်စာနဲ့ ဘနဖူးသိုက်တူးတဲ့သူတွေ ............ ၁၉
၂၀၁၅ ရွေးကောက်ပွဲနီးလာလေ နိုင်ငံရေးအရှုပ်အထွေးတွေများလေ ............ ၂၅
စစ်တပိုင်းအစိုးရ လုပ်ဆောင်နေတဲ့ ဗမာပြည်စီးပွားရေး အပြောင်းအလဲ ............ ၂၇
နောက်ကြောင်းပြန်မလှည့်ဖို့ဆိုလျှင် ............ ၃၇
ဒေါက်တာမောင်မောင်ရဲ့ ၁၉၈၈ အုံကြွမှုစာအုပ် ............ ၃၉
ဦးနုရဲ့တာတေစနေသားစာအုပ် ဝေဖန်ချက် ............ ၄၀
လယ်ယာမြေပြဿနာဖြေရှင်းရေးလမ်းနှစ်သွယ် ............ ၄၃
လမ်းပေါ်နိုင်ငံရေးခေတ်ကုန်ပြီတဲ့လား ............ ၅၃
အီဂျစ်ရဲ့ဒီမိုကရေစီခရီး ............ ၅၆
နိုင်ငံတကာကဗျာ – လူတသန်းချီတက်ပွဲ ............ ၆၃
သတင်းနဲ့မှတ်ချက် ............ ၆၇

အမှတ် (၃၆)

ဩဂုတ်၊ ၂၀၁၃ ခုနှစ်။

# ပြည်သူ့အာဏာ

အမှတ် (၃၆) ၂၀၁၃ ခုနှစ် ဩဂုတ်


## စာတည်းအဖွဲ့အမှာ

### ၂၀၁၅ ရွေးကောက်ပွဲ

လူတိုင်းစိတ်ဝင်စားတဲ့ကိစ္စ။
ကမ္ဘာက စောင့်ကြည့်မယ့်ကိစ္စ။
ကျားစဉ်းလဲ ဥပုသ်ဆောင်ဝင်တယ်ထင်ပြီး လူတချို့၊ ပါတီတချို့ စိတ်ကူးယဉ်နေကြတဲ့ ရွေးကောက်ပွဲ။
ကြံ့ဖွံ့ဘက်ကို ကြည့်ပါ့မယ်။
(၁) ဖြစ်နိုင်တဲ့နည်းပေါင်းစုံသုံးပြီး ဒီချုပ် (NLD) နဲ့ မတိမ်းမယိမ်း မဲရအောင်ကြိုးစားဖို့ ပြင်နေတယ်။
နည်းပေါင်းစုံဆိုတာ –
– (NLD) ဆီက မဲနုတ်သွားနိုင်တဲ့ ပါတီတွေကို အားပေးအားမြှောက်ပြုခြင်း။ ဖုတ်ပူမီးတိုက် အသက်သွင်းပေးခြင်း။
– (NLD) နဲ့ တိုင်းရင်းသားပါတီတွေ ထိပ်တိုက်တွေ့ပေးခြင်း။
– ဘာသာရေး ထိပ်တိုက်တွေ့မှုတွေ  ဖန်တီးခြင်းအားဖြင့် (NLD) လုပ်ရကိုင်ရကျပ်စေပြီး ဘာသာရေးသမားတွေရဲ့ ယုံကြည်မှု ကျဆင်းစေခြင်း။
– အကြမ်းဖက်သမားတွေ လက်ယားလာအောင် အခြေအနေတွေ ဖန်တီးထားခြင်း၊ ဖွပေးခြင်း၊ သပ်ရှုခြင်း။
– ရွေးကောက်ပွဲနီးလာလေ ဒီခြေလှမ်းတွေကို ပိုပီပီပြင်ပြင်မြင်ရလေ ဖြစ်ပါမယ်။ ရွေးကောက်ပွဲကာလမှာတော့ ကျီရွှာလို၊ ရခိုင်ဘက်လို၊ မိတ္ထီလာ၊ လားရှိုးဘက်လို လက်ရဲဇက်ရဲ သတ်ဖြတ်ပြတာတွေ ဖြစ်လာနိုင်တယ်။ ပုဒ်မ (၁၄၄) တို့၊ နေဝင်မီးငြိမ်းတို့  ထုတ်ပြန်နိုင်တယ်။ စစ်တပ်က ဝင်ထိန်းတယ်ဆိုတာမျိုး ကြုံလာနိုင်တယ်။ လက်ပံတောင်းကိစ္စလိုမျိုးလည်း မေ့ထားလို့မရ။
(၂) အကြောင်းတခုခုပြပြီး ရွေးကောက်ပွဲရက်ရွှေ့တာမျိုး မလုပ်ဘူးဆိုရင် ထွက်လာတဲ့အခြေအနေ ကြည့်လိမ့်မယ်။  ၂၅% စစ်တပ်မဲနဲ့ အာဏာဆက်ကိုင်ထားနိုင်ရင် ရွေးကောက်ပွဲရလဒ် အတည်ဖြစ်သွားနိုင်တယ်။ ဒါမှမဟုတ် ညွန့်ပေါင်းအစိုးရဆိုတာမျိုး ပေါ်လာနိုင်တယ်။

သေသေချာချာပြောနိုင်တာကတော့ မရရတဲ့နည်းတွေနဲ့ လုပ်ပါလိမ့်မယ်။ အသာတကြည် အာဏာလွှဲပေးလိမ့်မယ်တော့ မယုံကြည်ဘူး။
အတိုက်အခံတွေဘက် (တိုင်းရင်းသားများအပါအဝင်) ကို ကြည့်ပြန်တော့ လူထုက တို့ကိုမဲပေးမှာပဲဆိုတဲ့ ယုံကြည်မှုတော့ ကိုယ်စီရှိကြဟန်တူတယ်။ ဒါပေမဲ့ နအဖ က မသမာနည်းတွေသုံးပြီး ကောက်ကောက်ကျစ်ကျစ် လုပ်လာရင် လူထုကို မှီခိုကာ ကိုယ့်ရပိုင်ခွင့် ကိုယ်တိုက်ယူမယ်ဆိုတဲ့ ဖော်ပြချက် မတွေ့ရသေးဘူး။ ဒါကတော့ အားမရစရာပါ။
လွေးရခါနီး ထမင်းလုတ်ပုတ်ချခံရတာ ၁၉၉၀ ခုနှစ်မှာ တကြိမ်ဖြစ်ခဲ့ပြီ။ အခုတခါ အပုတ်ချခံရရင်တော့ ပြည်သူအပေါ်တာဝန်မကျေရာ ရောက်ပါလိမ့်မယ်လို့ပဲ ပြောပါရစေ။

စာတည်းအဖွဲ့
(၂၃ – ၇ – ၂၀၁၃)

# ၁၉၈၈ ဩဂုတ်လအရေးတော်ပုံကို
# ပြန်လည်သုံးသပ်ခြင်း
## ဗကပ (ဗဟို)
## (၁ - ၈ - ၂၀၁၃)

(၁) ၈၈ အရေးတော်ပုံ ငွေရတုတိုင်တော့မည်။ ယခု ပြန်လည်သုံးသပ်ခြင်းသည် လာလတ္တံ့သော လူထုအရေးတော်ပုံအတွင်း ဆောင်ရန်နှင့် ရှောင်ရန်ကို (ဗကပ အနေဖြင့်) တင်ပြလိုသောကြောင့် ဖြစ်သည်။

(၂) အရေးတော်ပုံတိုင်းသည် အခြေအနေအရပ်ရပ် ရင့်မှည့်နေမှ ဖြစ်ပေါ်လေ့ရှိသည်။

အခြေအနေရင့်မှည့်သလား၊ မရင့်မှည့်သလားဆိုတာကို အကဲဖြတ်ဖို့ အကြောင်းအချက် (၂) ခု ရှိသည်။

(တစ်) အုပ်စိုးသူအာဏာရများက ပုံစံဟောင်းအတိုင်း အုပ်စိုးရန် (လုံးဝ) မဖြစ်နိုင်တော့သည့်အခါ

(နှစ်) အုပ်စိုးခံ ပြည်သူလူထုက အာဏာဟောင်း၏ အုပ်စိုးမှုကို ဆက်လက်ပြီး သည်းမခံနိုင်တော့တဲ့အခါ

ဤ (၂) ချက် ပြည့်စုံရပါမည်။

(၃) ၁၉၈၈ က အုပ်စိုးသူဘက်ကိုကြည့်ပါ။ ၁၉၆၂ ကစပြီး ၁၉၇၄ – ၇၅ – ၇၆ တို့အထိ သူတို့၏ အုပ်စိုးမှုကို အကြမ်းပတမ်းနည်းဖြင့် ထိန်းသိမ်းခဲ့သည်။ "ဆိုရှယ်လစ်မိုင်း" တိုက်ခဲ့သည်။ တစုံတရာအောင်မြင်ခဲ့သည်။ 'အကူးအပြောင်းကာလ' မို့ သည်းခံကြဖို့ ပြောသည်။ ဒါလည်း တစုံတရာအောင်မြင်ခဲ့သည်။ သို့သော် နောက်တော့ ပွင့်ကျသည်။

(က) ပြည်သူလူထုဘက်က ကြည့်လျှင် –

- ၁၉၆၂ ကတည်းက တတပ်ချင်းထွက်ပြီး စီးချင်းထိုးသည်။ သွေးချောင်းစီးမျှ နှိပ်ကွပ်ခံခဲ့ရသည်။ တတပ်ချင်းထွက်ပြီး စီးချင်းထိုးတိုင်း နှိပ်ကွပ်ခံရတာနဲ့ နိဂုံးချုပ်သည်။ (ကျောင်းသားတပ်၊ ကျောင်းသားနဲ့ ပညာတတ်လူငယ်များတပ်၊ အလုပ်သမားတပ်၊ မြို့နေအလယ်အလတ်အလွှာနဲ့ ကျောင်းသားစုပေါင်းတပ်တို့ စီးချင်းထိုးခဲ့သည်။)
- နိုင်ငံရေးဝါရင့်များနှင့် တောင်သူလယ်သမားများက ပွဲကြည့်ပရိသတ်လို ဖြစ်နေခဲ့သည်။

ဤအခြေအနေကို 'ဗကပ' က သုံးသပ်ပြီး

- ၁၉၈၀ တွင် လမ်းစဉ်ပြောင်းသည်။ '၁၃၀၀ ပြည့်အရေးတော်ပုံ တပ်သားဟောင်းကြီးများ' ကို လှုံ့ဆော်သည်။ စည်းရုံးသည်။

- လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့စဉ်က မိမိတို့ မျှော်မှန်းခဲ့တာနဲ့ အခု ဖြစ်နေတာကို နှိုင်းယှဉ်ပြသည်။ ဗိုလ်နေဝင်း စစ်အာဏာရှင်စနစ်ကို မတိုက်ဖျက်နိုင်လျှင် မိမိတို့တာဝန်မကျေသေး၊ မိမိတို့ မသေခင်မှာ ဗိုလ်နေဝင်း စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ဖို့ လုံးပန်းကြစို့ဟု ဆော်သြသည်။

- ၁၃၀၀ ပြည့်၏ ရွှေရတုနှစ်တွင် စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အရေးတော်ပုံတခု ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြဖို့ တိုက်တွန်းသည်။

- အားလုံးလောက်က သဘောတူကြသည်။ တချို့က တက်တက်ကြွကြွတုံ့ပြန်သည်။ တချို့က သာမန်ပဲ တုံ့ပြန်သည်။ ဦးနုကတော့ သူ့ထုံးစံအတိုင်း "အရေးကြုံလာလျှင် မောင်နုကို ရှေ့ဆုံးက တွေ့စေရမည်" ဟု နှုတ်ဖြင့် ပြန်ကြားသည်။ ဦးကျော်ငြိမ်းက ဒီတခါတော့ သခင်ဗသိန်းတင်တို့နဲ့ သဘောထားချင်း ကိုက်ညီသည်ဟု သူ့အတွင်းပိုင်းမှာ ပြောတာကို တဆင့်စကားကြားရသည်။ ပမညတ တွေက ဘာမှ မတုံ့ပြန်။ ဗိုလ်အောင်ကြီးကတော့ ဗိုလ်နေဝင်းဆီသွားပြီး 'အကြံပေးတာ လုပ်သည်' ဟု သိရသည်။ နောက်တော့ ဗိုလ်အောင်ကြီး အိတ်ဖွင့်ပေးစာများ ပေါ်လာသည်။

(ခ) အုပ်စိုးသူဘက်ကိုကြည့်လျှင်

- သူတို့ 'လော့ရင်းနစ်နေပြီ' ဆိုတာ သိလာသည်။ ဘာတခုမှ မအောင်မြင်ဘဲ ကျရှုံးနေတာကို မြင်လာသည်။ အကြီးဆုံးမြီရှင် ဂျပန်ကလည်း ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံ (LDC) လျှောက်မှ ကြွေးမြီ ဝန်ထုပ်ဝန်ပိုးက သက်သာမည်ဟု အကြံပေးသည်။ LDC လျှောက်ရသည်။

- သို့သော် LDC ဖြစ်လို့ ကြွေးဝန်ထုပ်ဝန်ပိုးလျော့ရုံသာ ရှိသည်။ ပြည်တွင်းစီးပွားရေးနဲ့ ငွေကြေးဘဏ္ဍာ အကျပ်အတည်းက ရှိမြဲ၊ ဒုက္ခပေးဆဲ ဖြစ်သည်။ ထုတ်ထားတဲ့ငွေတွေ တရားမဝင် ကြေညာရပြန်သည်။ ဤသို့ဖြင့် ဗိုလ်နေဝင်း၏ ပြင်သင့်ပြင်ရမှာပဲဆိုသောစကား ထွက်လာသည်။ သူ့မှာ အိမ်တော်ပါ ငယ်ကျွန်တွေပဲ အားကိုးစရာ ရှိသည်။ (ဒေါက်တာမောင်မောင်ရဲ့စာအုပ် ဖတ်ကြည့်ပါ။)

- ၁၉၈၈ မတ်လ၊ ဇွန်လက ကိစ္စတွေ မရေးတော့ပါ။

- ဩဂုတ်လရောက်တော့ အခြေအနေရင့်မှည့်ခဲ့ပြီ။ ဒါကြောင့် ပြည်လုံးကျွတ်အုံကြွမှုကြီး ပေါ်တော့သည်။ လူထုလူတန်းစား၊ လူ့အလွှာစုံ ပါလာသည်။ တောင်သူလယ်သမားတွေ ပါလာ တာက အခရာကျသည်။ နယ်မြို့တွေက လှုပ်ရှားမှုတိုင်းမှာ တောင်သူလယ်သမားတွေ ပါလာခဲ့ပြီ။

(၄) ဤနေရာတွင် ဗကပ ၏ အမြင်ကို ပြောပါမည်။

- တတပ်ချင်းထွက်တိုက်တာတွေ မရှိလျှင် '၈၈ ဩဂုတ်အရေးတော်ပုံ' မရှိနိုင်ပါ။

- မုချနိုင်မည့်တိုက်ပွဲကိုမှ တိုက်မည်ဆိုလျှင် ဘယ်တော့မှ အရေးတော်ပုံကြီး ဖြစ်မလာနိုင်ပါ။

- သမိုင်းကို လူထုက ဖန်တီးသည်ဆိုတာမှာ လွယ်လွယ်ဖန်တီးလို့ မရပါ။ ရှုံးပွဲအလီလီကို ဖြတ်သန်းပြီး ဘာတွေကြိုတင် ပြင်ရမလဲဆိုတာကို နိဂုံးချုပ်ချက်လုပ်ပြီး ရှာကြံရတာချည်း ဖြစ်သည်။
- မုချနိုင်မည့်တိုက်ပွဲ (ရာနှုန်းပြည့်နိုင်တဲ့တိုက်ပွဲ) ကို ဘယ်သူမှလည်း ကြိုတင်ပြီး မတွက်ချက်နိုင်ပါ။

(၅) ၈၈ ဩဂုတ်လ အရေးတော်ပုံ 'အမြတ်နဲ့အရှုံး' ကို စာရင်းချုပ်သော် –

အမြတ် –

- ဒီမိုကရေစီပါတီများ ပေါ်လာသည်။
- ယေဘုယျဒီမိုကရေစီတော်လှန်ရေး လက်နက်ကိုင်တိုက်ပွဲလမ်းစဉ် ပေါ်လာသည်။
- ပြည်သူလူထုအတွင်း ဒီမိုကရေစီအတွေးအခေါ် သွတ်သွင်းပေးနိုင်သည်။

အရှုံး –

- စစ်အာဏာရှင်စနစ်ကို အစတုံးအောင် မသုတ်သင်နိုင်ခဲ့။ ယခုအထိ ရှင်သန်ဆဲ ဖြစ်သည်။ 'တော်လှန်ရေး ကောင်စီ' 'နဝတ' 'နအဖ' စစ်ကောင်စီများ နေရာတွင် ကာ/လုံ ကောင်စီက '၂၀၀၈ အခြေခံဥပဒေ' အရ ဆက်လက် တည်ရှိနေသည်။ 'ပြုပြင်ပြောင်းလဲရေးမှိုင်း' မိသူတွေ များနေသည်။
- '၁၉၇၄ အခြေခံဥပဒေ' တုန်းက ၇၄ – ၇၅ – ၇၆ ခုနှစ်များတွင် ချက်ချင်းအန်တုနိုင်ခဲ့သော်လည်း အခုတော့ '၂၀၀၈ အခြေခံဥပဒေ' ကို (ခြွင်းချက်ဖြင့်) လက်ခံနေကြပြီ။ ၂၀၁၅ – ၂၀၂၀ ကို မျှော်နေကြပြီ။ (ဤသို့ဖြစ်လာရသည်မှာ နိုင်ငံတကာ့အခြေအနေ ပြောင်းလဲလို့လည်း ဖြစ်ပါသည်။ ဒီနေရာမှာ ဒီကိစ္စ ရေးဖို့ မရည်ရွယ်ပါ။)
- ဘာကြောင့်ရှုံးသလဲ။ နိုင်ငံရေးခေါင်းဆောင်သူ မကြံ့ခိုင်လို့ (သို့မဟုတ်) မရှိလို့ ဖြစ်သည်။
- အောင်ပွဲရလျှင် မိဘတွေ များတတ်သည်။ မိဘတွေမှာကလည်း ဘုံလုပ်ငန်းစဉ်မရှိ။ မညီညွတ်ကြ။
- ရှုံးပွဲဆိုလျှင် မိဘမဲ့ ဖြစ်တတ်သည်။ မည်သူကမှ တာဝန်မယူ။

(၆) ဗကပ ၏ ကိုယ့်ကိုယ်ကိုယ်ဝေဖန်ရေး။

- အတက်ရောက်ကာမှ လှည်းစည်းကုံးပြတ်ပြီး ဗကပ နောက်လန်ကျသည်။ ဗကပ ကိုယ်တိုင်၏အပြစ် ဖြစ်သည်။ ပြင်ပကို လွှဲမချ။
- ဗိုလ်အောင်ကြီး၊ ဗိုလ်ခင်ညွန့်တို့ အူမြူးကြသည်။ ဗိုလ်ခင်ညွန့်က စာအုပ်နီထုတ်ပြီး ဗိုလ်အောင်ကြီးက NLD ကို ကွန်မြူနစ်စီးနေပြီ၊ ထုတ်ပစ်ရမည်ဟု လုပ်သည်။ တိုက်ဆိုင်မှု မဟုတ်ပါ။ သူတို့ '၂' ဦးပေါင်းပြီး လော်စစ်ဟန်အကူအညီနဲ့ ဗကပ ဖြိုခွဲရေး လုပ်ခဲ့စဉ်က အစီအမံဖြစ်သည်။ (လော်စစ်ဟန်ကို ဆိုရှယ်လစ်စစ်အုပ်စုက မွေးမြူခဲ့တာ ဖြစ်သည်။)

(၇) ဘာ့ကြောင့်ပြန်လည်သုံးသပ်သလဲ။

- စစ်အာဏာရှင်စနစ် ရှိနေသမျှ လူထုအုံကြွမှုနဲ့အရေးတော်ပုံ ပေါ်နေမှာဖြစ်သည်။ ဘယ်တော့၊ ဘယ်လို ပေါ်မည် ဆိုတာကိုကား မပြောတတ်ပါ။
- ခန့်မှန်းတွက်ချက်ကြည့်ရလျှင် ၂၀၁၅ နောက်ပိုင်းကျမှ တတပ်ချင်းထွက်တိုက်တဲ့ စီးချင်းထိုးတိုက်ပွဲတွေ ပေါ်မည်ထင်သည်။
- တောင်သူလယ်သမားတိုက်ပွဲတွေ ပေါ်မည်ဟု တွက်သည်။ အခုတော့ သူတို့လည်း စုစုစည်းစည်း လှုပ်ရှားတာတွေ တွေ့ရလို့ ဖြစ်သည်။ နဝတ/နအဖ က ကျောင်းတွေကို ဖြန့်ခွဲပစ်လိုက်လို့ ကျောင်းသား ကို အတော်စုစည်းရဦးမည် ဖြစ်သည်။
- တော်လှန်ရေးအတွေးအခေါ်က ဒီရေနိမ့် ဖြစ်နေသည်။ ခေရှင်လစ်ဘရယ်ဝါဒ အတွေးအခေါ်က ရေပန်း စားနေသည်။ ဒါကြောင့် ကြာလိမ့်မည်။
- သို့သော် ပြန်လည်သုံးသပ်ထားတာ မမှားပါ။ ကြိုတင်ပြင်ဆင်မထားလျှင် ၁၉၈၈ ဩဂုတ်လတုန်းကလို ဖြစ်လိမ့်မည်။ အထူးသဖြင့် ဘုံနိုင်ငံရေးလုပ်ငန်းစဉ် မရှိလျှင် မိတ်တွေများပြီး ဦးနှင်းပွဲထောင် ဖြစ်လိမ့်မည်။
- ၁၉၄၆ စက်တင်ဘာအုံကြွမှုမှာ နိုင်ငံရေးခေါင်းဆောင်မှုရှိသည်။ ဒါကြောင့် နိုင်သည်။ အဲဒီလိုဖြစ်ဖို့ အများကြီးလုပ်ကြရမည်။
- ‘ပြုပြင်ပြောင်းလဲရေးမှိုင်း’ ရှိနေသမျှ မှန်ကန်တဲ့ခေါင်းဆောင်မှု မတည်ဆောက်နိုင်ပါ။
- စစ်အာဏာရှင်စနစ်ကို ‘မဲဆန္ဒ’ နဲ့ တစတစပြုပြင်ပြောင်းလဲယူလို့ မရနိုင်ပါ။ မှန်ကန်တဲ့အတွေးအခေါ်ကို လူထုကြီးက လက်ခံအောင် အတော်ကြာကြာလုပ်ရလိမ့်မည်ဟု ဗကပ က မြော်မြင်ပါသည်။

ဗကပ (ဗဟို)

(၁ – ၈ – ၂၀၁၃)

**သမိုင်းကို လူထုက ဖန်တီးသည်ဆိုတာမှာ လွယ်လွယ်ဖန်တီးလို့ မရပါ။**

**ပွဲ့ပွဲအလီလီကို ဖြတ်သန်းပြီး**

**ဘာတွေကြိုတင် ပြင်ရမလဲဆိုတာကို နိဂုံးချုပ်ချက်လုပ်ပြီး**

**ရှာကြံရတာချည်း ဖြစ်သည်။**

# အခါအခွင့်ကောင်းဆိုတာ
# မကာပ ရဲ့အမြင်
# (၁ - ၇ - ၂၀၁၃)

(၁) ‘အင်အားစုဆောင်း၊ ရေရှည်မြှုပ်နှံ၊ အခါအခွင့်ကောင်းကိုစောင့်’ ဆိုတဲ့ ‘မူ’ ဟာ U/G ပါတီရဲ့ ယေဘုယျမူ ဖြစ်ပါတယ်။ အဲဒီထဲက ‘အခါအခွင့်ကောင်းဆိုတာ’ ဘာလဲ။ ဘယ်တော့ အဲဒီ ‘အခါအခွင့်ကောင်း’ ပေါ်မှာလဲ။ ဒီကိစ္စနဲ့ပတ်သက်တဲ့ အမြင်ကို တင်ပြပါမယ်။

(၂) အခါအခွင့်ကောင်းဆိုတာ

- (၁၉၄၆) စက်တင်ဘာလက အခြေအနေမျိုး
- (၁၉၈၈) ဩဂုတ်လက အခြေအနေမျိုးကိုပြောတာ ဖြစ်ပါတယ်။

အကျဉ်းချုံးပြီးပြောရင်

- အုပ်စိုးသူတွေဘက်က ပုံစံဟောင်းနဲ့ ဆက်လက်အုပ်စိုးလို့ မဖြစ်တော့တဲ့အခါ။
- အုပ်စိုးခံတွေဘက်က ဆက်လက်ပြီး သည်းမခံနိုင်တော့တဲ့အခါကို ဆိုလိုပါတယ်။

ပိုပြီးရှင်းအောင် ပြောရရင် (၁၉၈၈) မတ်လက ဩဂုတ်လအထိ အခြေအနေမျိုးပါ။

အဲဒီတုန်းက

- ၁၉၆၂၊ ၁၉၇၄ – ၇၅ – ၇၆ တုန်းကလို မဟုတ်တော့ဘူး။ ကျောင်းသားတွေ၊ တက်ကြွသူတွေ၊ အလုပ်သမားတွေ၊ တတ်သိပညာရှင်တွေရဲ့ တသီးတခြားအုံကြွမှုမျိုး မဟုတ်တော့ဘူး။ ပြည်လုံးကျွတ် လူထုလူတန်းစား၊ လူ့အလွှာတွေအားလုံး အဆင်သင့်ဖြစ်နေကြပြီ။ ဒေါက်တာမောင်မောင်က ‘အသံတိတ်အများစုကြီး’ ဆိုတာ ပြောတော့ အိမ်ရှင်မတွေကပါ လမ်းပေါ်ထွက်လာတယ်။

(၃) အခါအခွင့်ကောင်းကို စောင့်ဖို့ဆိုတာကလည်း ငြိမ်နေပြီးစောင့်ဖို့ မဟုတ်ပါဘူး။ တက်ကြွစွာ လှုပ်ရှားရင်းစောင့်ဖို့ ဖြစ်ပါတယ်။

- တော်လှန်တဲ့၊ တိုးတက်တဲ့ အတွေးအခေါ်ကို လူထုကြီးအတွင်း ဝါဒဖြန့်တာ၊ လှုံ့ဆော်တာ၊ စည်းရုံးတာ လုပ်ရင်း စောင့်ဖို့ပါ။

- (၁၉၆၂) က (၁၉၇၇) ထိ 'မဆလ' ဆိုရှယ်လစ်မှိုင်းမိနေသူတွေ အမြင်မှန်ရလာတယ်။ 'ဖျောင်းဖျ – နားချ – လက်တွေ့နဲ့ပြပြီး' စောင့်ဖို့ပါ။ (အဲဒီတုန်းက ဆိုရှယ်လစ်မှိုင်းမိသူတွေ မနည်းပါဘူး။ 'ပမညတ' တအုပ်လုံး၊ 'ဗကပ' ခြံခုန်သူတပြုံလုံးသာမက အလုပ်သမား၊ လယ်သမား၊ ကျောင်းသားနဲ့ အနုပညာရှင် တချို့ပါ 'မှိုင်းမိ' ခဲ့ကြပါတယ်။)

- အခုလည်း '၂၀၀၈ အခြေခံဥပဒေ' ကို 'ဝင် – ပြင်' ချင်သူတွေ ရှိပါတယ်။ ပြုပြင်ပြောင်းလဲရေးမှိုင်း မိနေကြပါတယ်။

- 'ပြုပြင်ပြောင်းလဲရေးမှိုင်း' က မျက်မှောက်နိုင်ငံတကာ့အခြေအနေကြောင့်လည်းတကြောင်း ပါနေတယ်။

အမေရိကန်သမ္မတ ဘုရှ် (အငယ်) လက်ထက်တုန်းက 'မင်းတို့ကို ဖြုတ်ချမယ်။ NLD အစိုးရနဲ့ အစားထိုးမယ်' လို့ ကြိမ်းဝါးနေတော့ ဗိုလ်သန်းရွှေတို့က 'နယ်ချဲ့လက်သစ်ဆန့်ကျင်ရေး – ကိုလိုနီဝါဒလက်သစ် ဆန့်ကျင်ရေး' ပြောခဲ့ရတာပဲ။

အခုတော့ သမ္မတအိုဘားမားက 'မင်္ဂလာပါမြန်မာ' လို့ပဲ ပြောနေတာပါ။ ဗမာပြည်ကိုလည်း အနောက်အုပ်စုဝင်တွေ ချောင်းပေါက်အောင် လာနေကြတယ်။ ဦး (ဗိုလ်) သိန်းစိန်အစိုးရကို ကောင်းချီး ပေးနေကြတယ်။ '၂၀၁၅ ရွေးကောက်ပွဲ' မျှော်တဲ့ရောဂါလည်း ပြည်တွင်းမှာ ထနေတယ်။ 'သမ္မတ ဖြစ်ချင်တယ်' ဆိုသူတွေကလည်း အမေရိကားကိုထွက်ပြီး ပြောနေကြတယ်။

'ဒီမိုကရေစီသားငယ် မွေးဖွားဖို့ မီးနေခန်းဝင်နေတဲ့ ဦး (ဗိုလ်) သိန်းစိန်' သွေးလန့်သွားအောင် မလုပ်မိစေဖို့ (နောက်ကြောင်း ပြန်မလှည့်စေဖို့) ပဲ NLD ခေါင်းဆောင်တွေက အာရုံစိုက်နေကြတယ်။ ဟိုတုန်းက 'ပမညတ' တွေ၊ 'ခြံခုန်သူ' တွေ ဆိုရှယ်လစ်မှိုင်းမိသလို 'ပြုပြင်ပြောင်းလဲရေး' မှိုင်းမိနေကြတယ်။

(၄) ဘယ်အချိန်ထိ စောင့်မလဲ။ ဗကပ ရဲ့ မှန်းဆချက်က '၂၀၁၅' လွှန်ကာလထိတော့ အနည်းဆုံးစောင့်ရမယ်လို့ တွက်ပါတယ်။

- ဆိုရှယ်လစ်မှိုင်းမိနေသူတချို့ (၁၉၇၇) နေဝင်း ပါတီတွင်း အာဏာသိမ်းတော့မှ မှိုင်းမိတဲ့ဘဝက လွှတ်တယ်။ အများစုကြီးက ဂျပန့်ကြွေးလည်ပင်းအထိရောက်ကာ LDC ဖြစ်တော့မှ၊ ငွေစက္ကူတွေ တရားမဝင် ထပ်ပြီး ကြေညာရတော့မှ လွှတ်တာပါ။

- နေဝင်းမှာ 'အိမ်တော်ပါ ငယ်ကျွန်' တွေကိုပဲ အားကိုးစရာ ကျန်တော့တဲ့အခါ '၁၉၇၄ အခြေခံဥပဒေ' ထဲက ပုဒ်မတခုကို ပြုပြင်ဖို့ စကားစတော့မှ အများစုကြီး 'ဆိုရှယ်လစ်မှိုင်း' မိတဲ့ဘဝက လွှတ်ကြတာ ဖြစ်ပါတယ်။

(၅) တက်ကြွစွာလှုပ်ရှားရင်းစောင့်ရေး ဆိုတာက

- ပြည်သူ့ဒီမိုကရေစီလူတန်းစား၊ လူ့အလွှာများဖြစ်တဲ့ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားလူငယ်များနဲ့ ပညာတတ်အလတ်တန်းစားအလွှာများ၊ တိုင်းချစ်ပြည်ချစ်အမျိုးသားခေါင်းရှင်များကို ဦးတည်ပြီး လတ်တလော လုပ်ငန်းတာဝန်များ တင်ပြခြင်း၊ ဆွေးနွေးခြင်း၊ တနိုင်တပိုင် တိုက်ပွဲဝင်ပြီး စောင့်ဖို့ပါ။
- မှိုင်းမိနေသူများကို ရှင်းပြ – ဖျောင်းဖျ – နားချရင်း စောင့်ရမှာပါ။

(ဖ) နိဂုံးချုပ်အားဖြင့် တင်ပြလိုတာက

- ဗကပ က ‘ဝါရင့်’ မတရားသင်းပါ။ လောလောဆယ် လိုလားတာက (၁၉၈၈) နောက်ပိုင်းမှာ မတရားသင်း ကြေညာခံရတဲ့ ပါတီများ၊ အင်အားစုများ ‘တရားဝင်အသင်းများ’ ဖြစ်စေချင်ပါတယ်။
- ဗကပ က တရားဝင်အသင်းအဖွဲ့ ဖြစ်ချင်ပေမယ့် မလွယ်မှန်းသိပါတယ်။ တည်ရှိနေဆဲ ဥပဒေများ၊ နည်းဥပဒေများ ရှိနေသမျှ မဖြစ်နိုင်ပါဘူး။
- ဒါကြောင့်လည်း ဗကပ ရဲ့ သဘောထားအမြင်များကို အခုလို တင်ပြနေခြင်း ဖြစ်ပါတယ်။
- နောင်မှာလည်း အခါအားလျော်စွာ တင်ပြနေမှာ ဖြစ်ပါကြောင်း။

# ၇၅ - စိန်ရတု

ရဲဘော်များ၊ မိတ်ဆွေများခင်ဗျား –
လာမည့် ၂၀၁၄၊ ဩဂုတ်လ (၁၅) ရက်နေ့သည် ဗမာပြည်ကွန်မြူနစ်ပါတီ တည်ထောင်သည့် (၇၅) နှစ်မြောက် စိန်ရတုသဘင်ကာလ ဖြစ်ပါသည်။
ဤအခါတော်နေ့ကို  အထိမ်းအမှတ်ပြုသည့်အနေဖြင့် ပြည်သူ့အာဏာနှင့် အရေးတော်ပုံဂျာနယ်တို့ကို အထူးထုတ်များအဖြစ် ထုတ်ဝေသွားပါမည်။
ရဲဘော်များ၊ မိတ်ဆွေများထံမှ စာမူများ၊ ပါတီနှင့်ပတ်သက်သည့် သမိုင်းဝင်ဓာတ်ပုံများ၊ လက်ရေးမူများ၊ အချက်အလက်များ စသည်တို့ကို ပေးပို့ကြပါရန် မျှော်လင့်ပါသည်။
အားတက်သရော ပေးပို့ကြလိမ့်မည်ဟုလည်း ယုံကြည်ပါသည်။
ပေးပို့ကြပါရန်လည်း အနူးအညွတ် တောင်းဆိုလိုက်ပါသည်။

(စာတည်းအဖွဲ့)

## ‘အပြောင်းအလဲ’ ဆိုတာနဲ့ပတ်သက်ပြီး
## ဗကပ ရဲ့ အမြင်နဲ့သဘောထား
## [မေ – ၂၀၁၃]

(၁) ‘အပြောင်းအလဲ’ နဲ့ပတ်သက်ပြီး အမြင်အမျိုးမျိုးရှိကြသည်။ ဘယ်အတွေးအခေါ်၊ ဘယ်ရပ်တည်ချက်ကနေကြည့်ပြီး စဉ်းစားသလဲ ဆိုတာပေါ်မှာ မူတည်ပါသည်။ မတူနိုင်ပါ။

– ဗကပ ကတော့ လမ်းပြမြေပုံအောင်မြင်ပြီးလို့ ‘၂၀၀၈ အခြေခံဥပဒေ လမ်းကြောင်းအတိုင်း စစ်အာဏာရှင်စနစ်က ‘ရှေ့သို့’ ချီတက်တာလို့ မြင်ပါသည်။

– နိုင်ငံတကာ့အခြေအနေ အပြောင်းအလဲနဲ့အညီ ထိန်းညှိပြီး လုပ်နေတာဟု သုံးသပ်ပါသည်။

(၂) နိုင်ငံတကာ့အခြေအနေ အပြောင်းအလဲဆိုရာတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ‘ဗမာပြည်ဆိုင်ရာပေါ်လစီ’ အပြောင်းအလဲကိုပြောတာ ဖြစ်ပါသည်။ အထူးသဖြင့် စစ်အေးလွန်ကာလတွင် ပြိုင်ဘက်ကင်းဗိုလ်ကြီး ဖြစ်သွားသည့် ‘အမေရိကန်၏ ဗမာပြည်ဆိုင်ရာပေါ်လစီ’ အပြောင်းအလဲကို ရည်ညွှန်းပါသည်။

– သမ္မတဘုရှ် (အငယ်) လက်ထက်က ကွန်ဆာဗေးတစ်လက်သစ် (neo - con) ပေါ်လစီဖြစ်သည့် ‘မင်းတို့အစိုးရကို ဖြုတ်ချမယ်။ တို့ကြိုက်တဲ့အစိုးရကို တင်မယ်’ ဟု အတိအလင်းပြောသည့်ပေါ်လစီ ဖြစ်သည်။ ဒါကြောင့် ‘နဝတ – နအဖ’ တို့က ကြောက်ကန်ကန်သည်။ ‘နယ်ချဲ့လက်သစ် – ကိုလိုနီလက်သစ်’ ဟု တစာစာ ကြွေးကြော်ပြီး တရုတ် – ရုရှား (နောက်) အိန္ဒိယတို့ကို ကပ်သည်။ ထိုင်း (ယိုးဒယား) ကိုပင် ကပ်သည်။ (ကပ်တော့လည်း သူတို့အကြိုက်ဆောင်ပေးရသည်။ ဘယ်တိုင်းပြည်က ဘာရသွားသလဲဆိုတာတွေ အခု တစတစ ပေါ်လာနေပြီ။ တရုတ်က အများစုရသည်။ ရမှာပေါ့။ သူက ဗီတိုအာဏာနဲ့ ‘ကုလသမဂ္ဂလုံခြုံရေးကောင်စီ’ မှာ ကာကွယ်ပေးနိုင်သူ ဖြစ်သည်။)

– သမ္မတအိုဘားမား တက်လာတော့ လစ်ဘရယ်လက်သစ် (neo-lib) ပေါ်လစီ ကျင့်သုံးသည်။ ‘အပြောင်းအလဲ’ က အဲဒီမှာစသည်။

‘အပြောင်းအလဲ’ ရဲ့ ဇာစ်မြစ်က အမေရိကန်ရဲ့ပေါ်လစီအပြောင်းအလဲ ဖြစ်သည်။

(၃) အမေရိကန်က ပြောင်းမည်ဆိုတော့ NLD က လိုက်လျောညီထွေရှိအောင် ပြောင်းပေးရသည်။ ကြံ့/ဖွံ့ အစိုးရ ဦးသိန်းစိန်ကလည်း ပြောင်းပေးရသည်။ အဲဒီလို ပြောင်းအောင်လည်း အမေရိကန်နဲ့သူ့အနောက်ဂိုဏ်းသားများက ဝိုင်းပြီးနားချကြသည်။

– NLD ပြောင်းရတာက ကြံ့/ဖွံ့ အစိုးရ ဦးသိန်းစိန် ပြောင်းရတာထက် ခက်သည်။ NLD မှာက ‘လူ’ အပြောင်းအလဲမလုပ်ဘဲ ပေါ်လစီ ပြောင်းရတာဖြစ်သည်။ ကြံ့/ဖွံ့ အစိုးရ ဦးသိန်းစိန်ကတော့ လူအပြောင်းအလဲလုပ်ပြီးပြောင်းတာ ဖြစ်သည်။ ‘နအဖ’ ဦးသန်းရွှေက ကားလိပ်နောက်ဝင်သွားသည်။ ကြံ့/ဖွံ့ အစိုးရ၊ လွှတ်တော်နဲ့ စစ်တပ်တို့မှာ လူသစ်တွေတင်ထားပြီးပြီ။ ဒါကြောင့်လွယ်သည်။

– NLD မှာက ဒေါ်အောင်ဆန်းစုကြည်ရဲ့ အရှိန်သြဇာကြောင့် ငြိမ်အောင်ထိန်းနိုင်တာ ဖြစ်သည်။ နောက်အရေးကြီးတာတခုက ဒီလိုမှ မပြောင်းလဲရင် NLD မြေလျှိုးရလိမ့်မည်။ မြေလျှိုးဖို့က NLD ပါတီဝင်တွေအတွက် မဖြစ်နိုင်။ ဒီတော့ ဖျက်သိမ်း ခံရဖို့ပဲ ရှိသည်။ အဖျက်ခံတာနဲ့စာရင် ပေါ်လစီအပြောင်းအလဲ လုပ်ပေးရတာက သက်သာသေးတယ်ဆိုပြီး ပြောင်းကြတာ ဖြစ်သည်။

(၄) '၂၀၁၂ – ၂၀၁၃' ကာလပိုင်းမှာတော့ အမေရိကန်နဲ့သူ့ဂိုဏ်းသားများက အပြောင်းအလဲလုပ်ပြတဲ့ ပုဂ္ဂိုလ် (၂) ဦးကို 'ဆုချ' ကြသည်။ သမ္မတတွေ၊ ဝန်ကြီးချုပ်တွေ ဥဒဟို ဗမာပြည် လာကြသည်။ ပိတ်တာတွေ ဖွင့်ပေးကြသည်။ ကိုယ်တိုင်က 'ဘိုင်' ကျနေချိန်ဆိုတော့ ငွေလုံးငွေရင်းတွေ မပေးနိုင်။ 'ဂုဏ်ထူးဆောင်ဆု' တွေပဲ ပေးနိုင်သည်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ တပြုံကြီးရပြီးဖြစ်သည်။ သူက ကမ္ဘာလှည့်သည်။ မွန်ဂိုးလီးယားကိုတောင် အရောက်သွားသည်။

တဖက်က 'ပြန်ပေါင်းထုပ်ပွဲ' ဇာတ်ရှိန်မြင့်နေချိန်မှာ '၂၀၁၅ ရွေးကောက်ပွဲ' အတွက် NLD ရော၊ ကြံ့/ဖွံ့ ပါ ပြင်ကြသည်။

သမ္မတဖြစ်ချင်တယ်လို့ ပြောသူက ဒေါ်စုတယောက်တည်းပဲ ရှိသေးသည်။ ကြံ့/ဖွံ့က ဘာမှ မပြောသေး။ ကြံ့/ဖွံ့မှာက သမ္မတဖြစ်ချင်သူများသည် ကြံ့/ဖွံ့ အတွင်း အစုအဖွဲ့တွေ လှုပ်လှုပ်ရှားရှားရှိသည်။

ဒေါ်စု သမ္မတဖြစ်ဖို့ဆိုလျှင် '၂၀၀၈ အခြေခံဥပဒေ' ကို ပြင်ရမည်။ ကြံ့/ဖွံ့ ခေါင်းဆောင်တချို့က ပြင်မပေးဟု ပြောသည်။ နည်းနည်းပြင်ပေးချင်သူ ရှိသည်။ 'အခြေခံဥပဒေပြင်နိုင်ရင်တော့ သမ္မတဖြစ်နိုင်တာပေါ့' ဟု မတင်မကျပြောသူရှိသည်။ စစ်တပ်ကတော့ ဘာမှမပြောသေး။ ကာ/ချုပ် တင်တဲ့ ဒုသမ္မတကို သမ္မတဖြစ်စေချင်လိမ့်မည်။ ကြံ့/ဖွံ့ သင်းကွဲလိုဖြစ်နေသူတဦးကတော့ ကာ/ချုပ် ရဲ့ အခွင့်အာဏာကိုပါ ကန့်သတ်ချင်တဲ့ လေသံပစ်သည်။ ကြံ့/ဖွံ့ ခေါင်းဆောင်စုကတညီတည်းတော့ လေသံမထွက်။ လွှတ်တော်ဥက္ကဋ္ဌကတော့ အမတ်တွေကို မဲဆွယ်ရာမှာသုံးဖို့ ကျပ် ၁၀ သိန်းစီ လာဘ်ထိုးလိုက်သည်။

ကြံ့/ဖွံ့ ခေါင်းဆောင်တွေ အားလုံးက '၂၀၀၈ အခြေခံဥပဒေ' ပြင်ဖို့မလွယ်ဘူးဆိုတာကို သိကြပါသည်။ (သူတို့ရေးထားတာပဲ သူတို့သိကြတာပေါ့။)

ဒေါ်စုကတော့ ဘယ်လိုတွက်ပြီး အခြေခံဥပဒေကို '၂၀၁၅ မတိုင်မီ' ပြင်နိုင်မယ်ထင်သလဲ မသိပါ။ အမေရိကန်ရဲ့ ဖိအားနဲ့ လုပ်နိုင်မယ်ထင်သလား မသိပါ။

– သမ္မတဘုရှ် (အငယ်) ရဲ့ ပေါ်လစီမျိုး အိုဘားမား လုပ်လိမ့်မယ် ထင်ပါသလား။
– လုပ်လို့ကော ဗမာစစ်အာဏာရှင်အုပ်စုက နာခံမယ် ထင်ပါသလား။ ဗကပ ကတော့ မထင်ပါ။
– အခုအပြောင်းအလဲက NLD ကို '၂၀၀၈ အခြေခံဥပဒေ' အောက် တွန်းပို့တာဖြစ်လို့ ဦးသိန်းစိန်တို့ လက်ခံနေတာ ဖြစ်သည်။ ဦးသန်းရွှေ လက်ခံနေတာ ဖြစ်သည်။ '၂၀၀၈ အခြေခံဥပဒေ' ပြင်ဖို့ အမေရိကန်ကတွန်းရင် အသေအလဲခုခံလိမ့်မည်။
– 'နယ်ချဲ့လက်သစ်' 'ကိုလိုနီလက်သစ်' ကြွေးကြော်သံတွေပဲ ပြန်ကြားရလိမ့်မည်။
– ဗမာပြည်ရဲ့ 'ပထဝီအနေအထား' က 'စစ်အာဏာရှင်စနစ်' အတွက် ခံကတုတ်ကြီး ဖြစ်နေသည်။ အီရတ်နဲ့မတူပါ။ နိုင်ငံကြီးတွေကို ကပ်နိုင်သည်။

(၅) ဗကပ သဘောထား။

– '၂၀၁၅ ရွေးကောက်ပွဲ' က '၂၀၀၈ အခြေခံဥပဒေ (၇) နှစ်မြောက်အောင်ပွဲ' ဆင်နွှဲတာလို့ပဲ ယူဆသည်။
– '၁၉၇၄ အခြေခံဥပဒေ' တုန်းက '၁၉၇၄ – ၇၅ – ၇၆' လှုပ်ရှားမှုများဖြင့် ကြိုဆိုခံရသည်။ ဒါတောင်မှ (၁၄) နှစ်ရှိမှ တိုက်ဖျက်နိုင်ခဲ့သည်။ အခုပုံအတိုင်းဆိုလျှင် '၂၀၀၈ အခြေခံဥပဒေ' သက်ဆိုးရှည်လေတော့မည်။
– '၂၀၀၈ အခြေခံဥပဒေ' ကို တိုက်ဖျက်နိုင်မှ ဒီမိုကရေစီအပြည့်အဝရမည်ဟု ယုံကြည်သည်။ ဘယ်လောက်ကြာပါစေ တိုက်ဖျက်ဖို့ အားထုတ်မည်။
– ပြည်သူ့ဒီမိုကရေစီပန်းတိုင်သို့ ဇွဲနဲ့ချီတက်မည်။ မျိုးဆက်နဲ့ချီပြီး ချီတက်မည်။

# တိုင်းပြည်ရှေ့ရေး ဗကပ အတွေး

(၁) မြေပေါ်နိုင်ငံရေးအင်အားစုများ '၂၀၁၅ ရွေးကောက်ပွဲကို မျှော်ပြီး လှုပ်ရှားနေကြသည်။ အဓိကပြိုင်ဘက်ဖြစ်ကြသည့် NLD နဲ့ ကြံ့/ဖွံ့ပါတီက ရွေးကောက်ပွဲအတွက် အလှုပ်ရှားဆုံးဖြစ်သည်။ ကြံ့/ဖွံ့ပါတီက ပိုပြီးလှုပ်ရှားတာတွေ့သည်။ NLD မှာက သမ္မတဖြစ်ချင်သူ တဦးတည်းရှိသည်။ ကြံ့/ဖွံ့ပါတီမှာက သမ္မတနေရာ မှန်းနိုင်သူ များသည်။ အခုအထိ မရွေးချယ်ရသေး။ ဒါကြောင့် ပိုလှုပ်ရှားခြင်း ဖြစ်သည်။ ကြံ့/ဖွံ့ ပါတီမှာက အုပ်စုတွေ များသည်။ တယောက်တပေါက် ပြောကြတာလည်း များသည်။ အခြေခံဥပဒေကို ပြင်ရမည်ဟု သူတို့ကပဲ စပြီးပြောသည်။ NLD က မပြောဘဲနေသည်။ ကိုယ့်တွက်ကိန်းနဲ့ကိုယ် ဖြစ်လိမ့်မည်။ NLD ဥက္ကဌက မီးသေသည်။ ကြံ့/ဖွံ့ က အဲဒီလို မဟုတ်။ စစ်တပ် (တပ်မတော်) က သမ္မတလောင်း တင်ခွင့်ရှိတာကို ပြင်ရမည်ဟု ပြောသူရှိသည်။ တချို့က စစ်တပ်ကို 'အရေးပေါ်အာဏာအပ်ပြီး' ရွေးကောက်ပွဲ ကျင်းပပေးစေလိုသည်။ (၁၉၆၀ တုန်းက စစ်တပ်ကြီးမှူးကျင်းပတဲ့ ရွေးကောက်ပွဲမျိုး) ဟိုတုန်းက ဦးနုက အခြေခံဥပဒေကို ကုလားဖန်ထိုးပြီး လုပ်ရသည်။ အခု အဲဒီလိုလုပ်စရာ မလိုပါ။ အခြေခံဥပဒေ၏ အခန်း (၁၁) အတိုင်း လုပ်လိုက်လို့ ရသည်။

ရခိုင်က စလိုက်တဲ့အဓိကရုဏ်းက မိတ္ထီလာကူးသည်။ အခု ရန်ကုန်တိုင်းအတွင်းထိ ရောက်နေပြီ။ အဓိကရုဏ်း မန်းလိုက်နေပြီ။

အဲဒီလိုဖြစ်အောင်လည်း ကြံ့/ဖွံ့ အုပ်စုတခုက လုပ်နေပုံရသည်။ အရေးပေါ်အခြေအနေ တပြည်လုံးမှာ ကြေညာရတာအထိ ဖြစ်စေချင်ပုံရသည်။

စစ်တပ်မှာကလည်း 'နံပါတ်ဝမ်း' ပီပီပြင်ပြင် မရှိသေး။ နံပါတ်ဝမ်း (ငြိမ်း) ဗိုလ်သန်းရွှေ တင်ခဲ့တဲ့ စစ်ကဲတွေချည်း ဖြစ်နေသည်။ ဗိုလ်သန်းရွှေသေလျှင် ဗိုလ်မင်းအောင်လှိုင် နံပါတ်ဝမ်း တန်းပြီးဖြစ်ဖို့ မသေချာပါ။ 'နဝတ' ကာလတုန်းက ဗိုလ်သန်းရွှေနဲ့ ယှဉ်နိုင်သူတွေ များသလို ဗိုလ်မင်းအောင်လှိုင်နဲ့ ယှဉ်နိုင်သူတွေ များနေသည်။ ရွယ်တူတွေကိုရှင်းပစ်ပြီး ငယ်သူတွေကို မြှင့်တင်တဲ့ သန်းရွှေလုပ်နည်းမျိုး လုပ်ရလိမ့်မည်။ 'နဝတ' မှ 'နအဖ' သို့ အကူးအပြောင်းမျိုးလုပ်ရလိမ့်မည်ဟု တွက်သည်။

စစ်တပ်မှာ 'နံပါတ်ဝမ်း' ဖြစ်ဖို့ ဗိုလ်နေဝင်းလုပ်ခဲ့ပုံမျိုး ဗိုလ်သန်းရွှေ လုပ်ရသည်။ ဗိုလ်မင်းအောင်လှိုင် လည်း လုပ်ရလိမ့်မည်။

(၂) ဗမာပြည်အရေးမှာ ပါဝင်ပတ်သက်နေတဲ့ အင်အားကြီးနိုင်ငံတွေက ထိပ်သီးတွေအားလုံးလောက် ဗမာပြည်ကို လာကြသည်။ အိမ်သာလို့ ဧည့်လာတာလို့ထင်လျှင် မှားလိမ့်မည်။

အင်္ဂလိပ်ကိုလိုနီဘဝတုန်းကပင်လျှင် အကျိုးတူချင်းပူးတွဲဖို့ ချန်ကေရှိတ်လာဖူးသည်။ အင်္ဂလိပ် – ဂျပန်နဲ့ စစ်ဖြစ်တော့ KMT တပ်တွေ ဝင်လာဖူးသည်။ အခုလွတ်လပ်တဲ့ ဗမာပြည်မှာ ပိုပြီးလာကြလိမ့်မည်။ သမ္မတတွေ၊ ဝန်ကြီးချုပ်တွေ လာနေကြပြီ။ ကမ္ဘာ့အခင်းအကျင်းသစ် New World Order (NWO) အတွက် လွန်ပွဲပြင်းထန်ချိန်ဖြစ်လို့ လာကြတာဖြစ်သည်။ နောင်မှာလည်း ပိုပြီးလာကြလိမ့်မည်။ ဗမာပြည်က အလှည့်ကျဥက္ကဌလုပ်လျှင် ပိုပြီးလာကြလိမ့်မည်။

(၃) ဗကပ ကတော့ အိမ်တွင်းရေးသာယာဖို့ အဓိကဟု ယူဆသည်။ အိမ်တွင်းရေး မသာယာလျှင် အိမ်သာသည်ဟု မဆိုနိုင်ပါ။ အိမ်ပေါ်မှာ ဧည့်သည်တွေအချင်းချင်း ရန်ဖြစ်ကြမှာကိုပဲ တွေးပူသည်။ အာဖရိက ဆိုရိုး ထင်သည်။ 'ဆင်ကြီးတွေ မိတ်လိုက်ရင် တောကျေပြီး ရန်ဖြစ်ရင် တောပြုန်းတယ်' ဆိုလား အဲဒီလိုဖြစ်မှာပဲ စိုးသည်။

ပြည်တွင်းသာယာဖို့ဆိုလျှင် (၃) ခု မဖြစ်မနေရှိရမည်ဟု ဗကပ ယူဆသည်။

(က) ပြည်တွင်းငြိမ်းချမ်းရေး 'အစစ်အမှန်' ရှိရမည်။

(ခ) ပြည်တွင်းတည်ငြိမ်မှု 'အစစ်အမှန်' ရှိရမည်။

(ဂ) ပြည်သူ့အခွင့်အရေး 'အပြည့်အဝ' ရှိရမည်။

('အစစ်အမှန်' တို့ 'အပြည့်အဝ' တို့ကို အထူးပြုပြီးထားရတာက 'အတုအယောင်' တွေ 'ဟန်ပြ' တွေ တွေ့ရပေါင်းများလို့ ဖြစ်ပါသည်။)

# ၁၉၈၉ က ရတဲ့ သင်ခန်းစာ

(၁) ပါတီရဲ့သက်တမ်း '၇၄' နှစ်ပြည့်တဲ့ကာလမှာ ပါတီရဲ့ သမိုင်းတလျှောက် အကြီးဆုံးအကျပ်အတည်းဖြစ်တဲ့ '၁၉၈၉ အဖြစ်အပျက်' မှ ရရှိတဲ့ သင်ခန်းစာကို တင်ပြပါမယ်၊

သင်ခန်းစာထုတ်ယူရာမှာ မိမိရဲ့ အတွင်းပိုင်း အကြောင်းကို အဓိကထားပါမယ်။ ပြင်ပအကြောင်းကို လိုအပ်သလောက်ပဲ ဖော်ပြပါမယ်။

(၂) ၁၉၈၉ 'အဖြစ်အပျက်' ရဲ့ အစဟာ ၁၉၆၇ ဖြစ်တယ်။

– ၁၉၆၇ မှာ ပါတီ (ဗဟို) က မှားယွင်းတဲ့ အထွေထွေ လမ်းစဉ်ကို ချမှတ်ကျင့်သုံးနေချိန် ဖြစ်တယ်။

– မှားယွင်းတဲ့လမ်းစဉ်ကို ကျင့်သုံးနေစဉ်မှာပဲ 'ပါတီဥက္ကဋ္ဌ' ကျဆုံးခဲ့တယ်။

– တိုက်တိုက်ဆိုင်ဆိုင်ပဲ '၁၉၆၇' ခုနှစ်မှာ ဗိုလ်နေဝင်းစစ်အာဏာရှင်အစိုးရက တရုတ်ဆန့်ကျင်ရေး လုပ်တော့ တရုတ်ပြည်မှာ ယဉ်ကျေးမှုတော်လှန်ရေး ရေချိန်မြင့်နေချိန်နဲ့ ထိပ်တိုက်တိုးမိတယ်။

– ဗိုလ်နေဝင်းက အမေရိကန်သမ္မတနဲ့ တွေ့ဆုံ ဆွေးနွေးပြီး ပြန်လာချိန်မှာ တရုတ်ဆန့်ကျင်ရေးကို လုပ်တာဆိုတော့ အင်ဒိုနီးရှားဆူဟာတိုလမ်းကို နေဝင်းလိုက်တာပဲလို့ (တရုတ်) က ယူဆစရာ ဖြစ်တယ်။

– ပင်လယ်ခြားနေတဲ့ အင်ဒိုနီးရှားကို တရုတ်က ဒဏ်ခတ်ဖို့ မဖြစ်ပေမယ့် ဗမာပြည်ကို ဒဏ်ခတ်ဖို့က ခြံစည်းရိုးပဲ ခြားနေတာဖြစ်လို့ သိပ်လွယ်တယ်။ ပြီးတော့လည်း တခြား (လွယ်) တဲ့အကြောင်း အချက်တွေလည်း ရှိနေတယ်။ အဲဒါတွေကတော့–

(က) (၃) နှစ်သင်တန်း တက်ပြီးတော့ ဗမာပြည် ပြန် တော်လှန်ရေးလုပ်ဖို့ စီမံကိန်းနဲ့ တရုတ်ပြည် ထဲ ရောက်နေတဲ့ 'ဗကပ' ကေဒါတွေ ရှိနေတယ်။ (သူတို့က မူကြီး '၅' ချက်ကြောင့် ခြေချုပ်မိပြီး ပြည်တော်မပြန်နိုင် ဖြစ်နေတာပါ။)

(ခ) တရုတ်ပြည်ထဲ ပြေးဝင်ရောက်ရှိနေတဲ့ ဗိုလ်နေ်ဆိုင်းတပ် ရှိနေတယ်။

(ဂ) တရုတ်ဗမာနယ်စပ်တလျှောက်မှာ အခြေချ နေကြတဲ့ တရုတ်ဖြူ KMT တွေရဲ့ သူလျှို ကွန်ရက် ရှိနေတယ်။ အဲဒါကို ဆန့်ကျင်ဖို့ တရုတ် ကွန်မြူနစ်တွေက လျှို့ဝှက်ဖွဲ့စည်းထားတဲ့ ကိုးကန့်၊ ဝ၊ အခါ၊ ရှမ်းစတဲ့ လက်နက်ကိုင် အဖွဲ့ ကလေးတွေ ရှိနေတယ်။

အဲဒီအင်အားစုတွေကို အခြေခံပြီး ဗိုလ်နေဝင်းရဲ့ တရုတ်ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်ရပ်ကို ဒဏ်ခတ် လိုက်တာပါပဲ။ တရုတ်ရဲဘော်တွေက ဗကပ ကို သူတို့လွှဲပေးခဲ့တဲ့ အစုအဖွဲ့ပေါင်း (၁၃) ဖွဲ့ ရှိတယ် လို့ ပြောလေ့ရှိတယ်။ ဒါမှန်တယ်။ ဗိုလ်နော်ဆိုင်း တပ်ဖွဲ့ကို လွှဲပေးတာက (၁၉၆၃) ကတည်းကပါ။ '၁၉၆၃ စေ့စပ်ဆွေးနွေးပွဲ' အောင်မြင်ရင် ဗမာ ပြည်တွင်း ပြန်ခေါ်သွားပါဆိုပြီး လွှဲပေးတာ ဖြစ်တယ်။ ကျန်တဲ့အဖွဲ့တွေကတော့ နေဝင်းကို ဒဏ်ခတ်ချင် တော့မှ ၁၉၆၈ နဲ့နောက်ပိုင်းမှာ လွှဲပေးတာတွေပဲ။

(၃) (၁၉၆၈) မှာ သခင်သန်းထွန်းကျဆုံးတယ်။ လမ်းစဉ်မှားကို အဆုံးစွန်အထိ လုပ်နေချိန် ကျဆုံးရတာ ဖြစ်တယ်။ သူ့အနေနဲ့ အမှားကို မြင်ခွင့် – ပြင်ခွင့် ရမသွားဘူး။ သခင်ဇင်၊ သခင်ချစ်

တို့လည်း ပြင်နိုင်တဲ့အခြေအနေ မရှိဘူး။ ပြည်တွင်းမှာတော့ လမ်းစဉ်မှားကို ပြင်ဆင်နိုင်သူ ဘယ်သူမှ မရှိဘူး။

တရုတ်ပြည်ကွန်မြူနစ်ပါတီ (CPC) ရဲ့ အကူအညီကိုယူပြီး သခင်ဗသိန်းတင်၊ သခင်ဖေတင့်တို့က လမ်းစဉ်မှားကို ပြင်နိုင်မလားဆိုတာကို စူးစမ်းလေ့လာကြည့်ဖို့ ရှမ်းပြည်နယ်ပါတီကော်မတီက ကော်မတီဝင်တဦးကို တရုတ်ပြည်ထဲ လွှတ်တယ်။ (သခင်သန်းထွန်း ကျဆုံးကြောင်း နေဝင်းကြေညာတဲ့ညက ဆုံးဖြတ်တာဖြစ်တယ်။)

တရုတ်ပြည်ထဲရောက်မှ သိရတာက (CPB) ရဲ့လမ်းစဉ်မှားနေပြီဆိုတာကို (CPC) ကလည်း သိတယ်။ တရုတ်ပြည်မှာက တော်လှန်ရေးအောင်မြင်ပြီးမှ၊ ရန်သူတွေ မရှိမှ ယဉ်ကျေးမှုတော်လှန်ရေးလုပ်တာ ဖြစ်တယ်။ (CPB) က ရန်သူဝိုင်းဝိုင်းလည်နေတဲ့ ပဲခူးရိုးမမှာ လုပ်နေတာဖြစ်လို့ မှားတယ်ဆိုတာကို ပြောတယ်။ ဒါပေမဲ့ လုပ်နည်းလုပ်ဟန်ကို သတိပြုရမယ်။ ဗဟိုက မှားနေတာကို အောက်ခြေက မတိုက်တတ်ရင် ပါတီကွဲတတ်တယ်။ ဗဟိုစင်ပြိုင်ထောင်သလို ဖြစ်လိမ့်မယ်။ လုပ်သင့်တာက အရှေ့မြောက်စစ်ဒေသကို ဗဟိုက လာရောက်စစ်ဆေးဖို့ သခင်ဇင်၊ သခင်ချစ်တို့ဆီသွားပြီး တင်ပြသင့်တယ်။ 'လမ်းစဉ်ကိစ္စ' ကို တခွန်းမှမဟဖို့ လိုတယ်။ သခင်ဇင်၊ သခင်ချစ်တို့ အရှေ့မြောက်ရောက်ရင် (CPC) က 'လမ်းစဉ်ကိစ္စ' ကို ဖွင့်ဆွေးနွေးမယ်။ ဒါက သူတို့အကြံပေးချက်ပဲ။

အရှေ့မြောက် (NE) က –

သခင်ဇင်၊ သခင်ချစ်တို့ကို ပဲခူးရိုးမကနေ ခေါ်ဖို့ တပ်မဟာတခု ဖွဲ့တယ်။

သခင်ဇင်၊ သခင်ချစ်တို့က ပဲခူးရိုးမ 'အောင်မြေ' ဆိုတဲ့ သခင်သန်းထွန်း ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက် ပယ်လှန်ပါ့မလား။ တခြားသော 'တော်လှန်ဗဟို' တွေကကော သဘောတူကြပါ့မလား။ ဘာမှ မသေချာပါဘူး။ အဲဒီလိုနဲ့ပဲ ၁၉၇၅ မတ်လမှာ သခင်ဇင်၊ သခင်ချစ်တို့ ကျဆုံးတယ်။ ပဲခူးရိုးမ တခုလုံး ပြိုတယ်။

မှတ်တမ်းတင်ရမှာက –

၁၉၇၅ မတ်လဟာ ဗကပ ရဲ့ ကိုယ့်အားကိုယ်ကိုး အခြေခံဒေသတွေအားလုံး ကျဆုံးရတဲ့နှစ် ဖြစ်တယ်။

၇၄ – ၇၅ – ၇၆ မှာ စစ်အာဏာရှင်စနစ်ကို အန်တုတဲ့ ရဲဘော်များရဲ့ တိုက်ပွဲများကို ဗကပ ဗဟိုအနေနဲ့ ထိရောက်တဲ့ အားပေးထောက်ခံမှု မလုပ်နိုင်ခဲ့ဘူး။

အရှေ့မြောက် (NE) မှာက လုပ်ပိုင်ခွင့် မရှိဘူး။ အထက်ဗမာပြည်မှာပဲ ဗဟိုက ရှမ်းပြည်နယ်ကော်မတီကို လုပ်ခွင့်ပေးထားတာ ဖြစ်တယ်။ အဲဒီလုပ်ပိုင်ခွင့် အရပဲ အသံလွှင့်ရုံက လုပ်ခဲ့ရတာပဲ။

(၃) '၇၅ ဗဟို' က ပြည်တွင်းမှာ အခြေခံစခန်းများ ပြန်လည်ထူထောင်ဖို့ '၇၅၁၀' စီမံကိန်း (၁၉၇၅ အောက်တိုဘာမှာ ချမှတ်တဲ့ စီမံကိန်း) ကို လုပ်ခဲ့တယ်။ (၁၉၇၀ လွန်နှစ်ကတည်းက မော်စီတုန်း၊ ချိုအင်လိုင်းတို့က CPC အနေနဲ့ အရင်ကလို ထောက်ပံ့အကူအညီပေးနိုင်တော့မှာ မဟုတ်ဘူး။ ကမ္ဘာ့ကုလသမဂ္ဂထဲ ရောက်တော့မယ်။ မူ (၅) ချက်ကို ပြန်လည်ထိန်းသိမ်းရတော့မယ်။ ဒါကြောင့် ကိုယ့်အားကိုယ်ကိုး လုပ်ကြဖို့ ဆော်ဩခဲ့တယ်။ လိုအပ်တဲ့ အကြံဉာဏ်များလည်း ပေးခဲ့တယ်။ ဗိုလ်နေဝင်းနဲ့ သခင်ဗသိန်းတင်တို့ တွေ့ဆုံဖို့ ကြားကဝင်ပြီး အောင်သွယ်လုပ်ပေးခဲ့တယ်။ (CPC ရဲ့ ခေါင်းဆောင်များ (မော်၊ ဟွာ၊ တိန့်) တို့က အဲဒီလိုပဲ အချိန်မီ အကြံပေးကူညီခဲ့ကြတာချည်းပဲ။)

'၇၅၁၀' စီမံကိန်း အကောင်အထည်ဖော်တာ မအောင်မြင်ပါ။ ဒါပေမဲ့ ဗကပ (ဗဟို) က တစုံတရာအောင်မြင်တယ်လို့ပဲ နိဂုံးချုပ်ခဲ့တယ်။ အောက်ခြေက တပ်မ၊ တပ်မဟာ၊ တပ်ရင်းတွေကတော့ တမျိုးနိဂုံးချုပ်ကြတယ်။ သူတို့က လက်တွေ့ လုပ်ခဲ့ကြသူတွေပါ။ ဗဟိုရဲ့ အမိန့်ကို သူတို့နာခံပြီး လုပ်ခဲ့တယ်။ ဒါပေမဲ့ စကားလည်း မပေါက်။ ဗမာပြည်ရဲ့ နိုင်ငံရေးကိုလည်း မသိ။ (ဟိုက ဒေသခံတွေက မိမိတို့ထက် ပိုပြီး နားလည်ကြတယ်။ ဒါကြောင့် သူတို့ကို နောင်မှာ ဒီတာဝန်

**ရန်သူဝိုင်းဝိုင်းလည်နေတဲ့**

**ပဲခူးရိုးမမှာ**

**လုပ်နေတာဖြစ်လို့**

မျိုး မပေးပါနဲ့၊ လက်နက်အပိုကို ထမ်းသွားပြီး ဟိုမှာရှိတဲ့ ဒေသခံ ပြောက်ကျားတွေကို လက်နက်ပေးပြီး ပြန်လာဖို့ပဲ တာဝန်ပေးပါ။ သူတို့ ဘယ်ကိုလွှတ်လွှတ် သွားမယ်။ ပြီးရင် ပြန်လာမယ်။ ဟိုမှာ အခြေချပြီး နေဖို့ကတော့ မဖြစ်နိုင်ဘူးလို့ တင်ပြကြတယ်။ နောက်တော့ ဗဟိုစစ်ကော်မရှင်က သံလွင်အနောက်ဖက်ကူးပြီး စစ်ဆင်ရေးလုပ်ခိုင်းတော့ သူတို့ တညီတညွတ်တည်း အမိန့်မနာခံဘဲ သပိတ်မှောက်ကြတယ်။

သံလွင်အရှေ့ခြမ်းနယ်စပ် သူတို့ရဲ့ဒေသမှာ လုပ်ရမယ့် စစ်ဆင်ရေးဆိုရင် ခိုင်းချင်ရာခိုင်း သူတို့ အသေခံပြီး လုပ်မယ်။ ဗဟိုအမိန့် နာခံမယ်။ သံလွင်အနောက်ခြမ်းကိုတော့ မသွားနိုင်ဘူးဆိုပြီး ပြောကြတယ်။ အမိန့်မနာခံလို့ဆိုပြီး အရေးယူရင်လည်း ခံမယ်လို့ ပြောကြတယ်။

(၁၉၈၉ မှာ ခွဲထွက်ကြတဲ့ သူတွေက သူတို့တတွေပါပဲ။)

(၄) စစ်အေးခေတ် ကုန်ဆုံးတာ၊ ဆိုဗီယက်ယူနီယံကျဆုံးတာ၊ စစ်အေးလွန်ကာလအတွက် CPC က ထိန်းညှိတာတွေကို ဆင်ခြေပေးရင် ကိုယ့်ကိုယ်ကိုယ် ဝေဖန်တာ မဟုတ်ဘူး။ ဆင်ခြေပေးပြီး ရှောင်တာပဲ။ ၁၉၈၉ အဖြစ်အပျက်ရဲ့ ဇာစ်မြစ်ကို နက်နက်ရှိုင်းရှိုင်း တူးဖော်ရမှာပါ။

✱ ဆုံးရှုံးမှုနဲ့ကြုံရင် ပြင်ပအကြောင်းကို အပြစ်ပုံချပြီး ကိုယ်လွတ်ရုန်းတာဟာ ကွန်မြူနစ်တွေရဲ့လုပ်ဟန် မဟုတ်ဘူး။

✱ ဒီလုပ်နည်းဟာ မှန်ကန်တဲ့ သင်ခန်းစာ ရစေမှာ မဟုတ်ဘူး။

✱ မှန်ကန်တဲ့ သင်ခန်းစာကို မထုတ်နိုင်ရင် ဒီအမှားမျိုး ထပ်ပြီးကျူးလွန်မိလိမ့်မယ်။

မှန်ကန်တဲ့သင်ခန်းစာ ရဖို့ဆိုရင် မိမိအတွင်းပိုင်းအကြောင်းကို ရဲရဲဝံ့ဝံ့ရှာရပါမယ်။

✱ အရှေ့မြောက်ဒေသဟာ ကိုယ့်အားကိုယ်ကိုး ထူထောင်ခဲ့တဲ့ဒေသ မဟုတ်ခဲ့ပါဘူး။ CPC က ဗကပ သို့ လွှဲပေးတဲ့ အင်အားတွေဟာ 'ကိုယ့်အား' မဟုတ်ပါဘူး။

✱ ဗကပ ရဲ့အင်အားက မူကြီး '၅' ချက် ခြေချုပ်မိနေတဲ့ ပြည်တော်မပြန်နိုင်တဲ့ အင်အားသာ ဖြစ်တယ်။

✱ ဗကပ ဗဟို (ပေါ်လစ်ဗျူရိုတွေ) ဟာ ကိုယ့်အားကိုယ်ကိုး အခြေခံဒေသတွေကို မဖြစ်မနေ ထူထောင်မယ်ဆိုတဲ့ သန္နိဋ္ဌာန် မပြင်းပြပါဘူး။ ပြိုကွဲသွားတဲ့ ကိုယ့်အားကိုယ်ကိုးဒေသက လာကြတဲ့ ဒေသခံကေဒါတွေကို ခရိုင်၊ မြို့နယ် စည်းရုံးရေး ကော်မတီတွေ ဖွဲ့ပေးပြီး '၇၅၁၀' စီမံကိန်းကို လုပ်ခိုင်းရမှာပါ။ အဲဒီတုန်းက ဒေသစုံက ကေဒါတွေ ရှိပါသေးတယ်။ အရွယ်ကလည်း အရွယ်ကောင်းတွေပါ။ ဒါပေမဲ့ CPC ကို မှီခိုတဲ့၊ နယ်စပ်မှာပဲ ကပ်နေချင်တဲ့ အတွေးအခေါ် စွဲကပ်နေကြတယ်။ ချုပ်လိုက်ရင်တော့ ဘယ်သူ့မှီခိုမလဲဆိုတဲ့ ပြဿနာမှာ (ဗဟို) ကိုယ်တိုင်က မှားတာပါ။

✱ လူထုကို မှီခိုမှ တော်လှန်စစ်ပွဲ ဆင်နွှဲနိုင်တယ်ဆိုတဲ့ အခြေခံမူကို ကာယကံမြောက် စွန့်ပယ်တာပါ။ CPC အပေါ် အလွန်အကျွံ မှီခိုနေတဲ့အမှား ကျူးလွန်တာပါ။ 'မှီခိုသူရဲ့သုခ' ကို ခံစားနေချင်တာပါ။

(၅) CPC က ဗမာပြည်ဆိုင်ရာပေါ်လစီ အပြောင်းအလဲ လုပ်တော့မယ်ဆိုရင် ဗကပ (ဗဟို) ကို ကြိုတင်ပြီး အသိပေးလေ့ ရှိတာချည်းပဲ။ သူတို့လွှဲပေးထားတဲ့ အဖွဲ့တွေ ခွဲထွက်ကြတော့မယ်ဆိုတော့လည်း ကြိုတင်အသိပေးခဲ့တာပဲ။ ဗကပ (ဗဟို) က သူတို့ကိုခေါ်ယူဆွေးနွေးဖို့ အကြံလည်း ပေးခဲ့တာပဲ။ ဒါပေမဲ့ (ဗဟို) က (နောင်မှာ) ခွဲထွက်ကြမယ့် တပ်မမှူး၊ တပ်မဟာမှူးတွေရဲ့ သန္နိဋ္ဌာန်စာတမ်း 'လိမ်' ကို ယုံကြည်နေတယ်။ "သူတို့တတွေက ပါတီဗဟိုနဲ့အတူ ရပ်တည်မယ်။ ပါတီ (ဗဟို) နဲ့ ဗဟိုစစ်ကော်မရှင်ရဲ့အမိန့်ကို တသွေမတိမ်းနာခံမယ်ဆိုတဲ့ သန္နိဋ္ဌာန်စာတမ်း (အလိမ်) ကို တင်ပြတယ်။ ဗဟိုက ယုံစားမိတယ်။ ဒါကြောင့်ပဲ ခွဲထွက်သူတွေဟာ တန်ပြန်တော်လှန်ရေးသမားတွေပဲ – သူတို့ကို ချေမှုန်းပစ်ကြ" ဆိုတဲ့အမိန့်ကို ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဗဟိုစစ်ကော်မရှင် ဥက္ကဋ္ဌက လက်မှတ်ထိုးပြီး ကလာပ်စည်းတွေအထိ (တိုက်ရိုက်) အမိန့်ထုတ်ပြန်လိုက်တယ်။

လက်တွေ့ကတော့ ဗကပ (ဗဟို) ပဲ ချေမှုန်းခံလိုက်ရတာပဲ။ ဗဟိုခေါင်းဆောင်တွေထဲက တယောက်ချန်ပြီး အားလုံး 'အနားယူ' လိုက်ကြရတယ်။

တယောက်ချန်တာကလည်း တပါတီလုံး မြေလျှိုးဖို့ (U/G လုပ်ဖို့) သာ ဖြစ်တယ်။

တကယ့်အဓိပ္ပာယ်က ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးလက်နက်ကိုင်တိုက်ပွဲ PDR (A/S) တံခွန်ကျဆုံးတာပဲ။

(၆) PDR (A/S) တံခွန်လဲကျတာဟာ ဗကပ (ဗဟို) မှာသာ တာဝန်ရှိတယ်။ ဒါကို ပါတီတွင်းမှာ အကြိမ်ကြိမ်ဝန်ခံပြီးသားပါ။ အခု ပြည်သူသို့ ဖွင့်ပြောတာပါ။

ထုတ်ယူရရှိတဲ့သင်ခန်းစာက

ပထမသင်ခန်းစာ –

- ✱ တော်လှန်ရေးလုပ်မယ်ဆိုရင် ကိုယ့်ပြည်တွင်းလူထုကိုသာ မှီခိုရမှ တော်လှန်စစ်လုပ်နိုင်မယ်။
- ✱ ပြည်ပမှီခိုရင် သူ့ပေါ်လစီကို ကိုယ်က အကောင်အထည်ဖော်ပေးရတာပဲ ဖြစ်မယ်။ သူ့အကျိုးကျေးဇူးရှိရင် မိုးထိအောင် မြှောက်စားလိမ့်မယ်။ သူ့အတွက် အကျိုးမရှိတော့ရင်လည်း လွယ်လွယ်စွန့်ပစ်တတ်တာပဲ။

ဒုတိယသင်ခန်းစာ –

- ✱ ကိုယ့်အားကိုယ်ကိုးလုပ်မှ လူထုရဲ့ ရင်ခုန်သံကို အချိန်နဲ့တပြေးညီ သိနိုင်မယ်။ လမ်းစဉ်မှားနေရင် လူထုက ခပ်ခွာခွာနေမှာပဲ။ လမ်းစဉ်မှန်ရင် လူထုက အင်တိုက်အားတိုက် ထောက်ခံအားပေးမှာပဲ။
- ✱ ပြည်ပမှီခိုရင် လူထုအသံကို (အမှန်တကယ်အသံကို) မကြားနိုင်ဘူး။ လူထုနဲ့ကြာလေလေ ကင်းကွာလေလေ ဖြစ်မှာပဲ။

တတိယသင်ခန်းစာ –

- ✱ လူထုကိုမှီခိုမှ 'ကိုယ့်အား' ဖြစ်မှာပဲ။ ပြည်ပကို မှီခိုရင် 'သူ့အား' ကို 'ကိုယ့်အား' လို့ ထင်ယောင်မှားတတ်တယ်။
- ✱ လူထုကိုမှီခိုရင် ဘယ်တော့မှ လိမ့်လိမ့်လဲလဲ မဖြစ်ဘူး။ လမ်းစဉ်မှန်ရင် လူထုထောက်ခံမှုရမယ်။ မှားရင် ပစ်ပယ်ခံရမှာပဲ။ ဟုန်းကနဲ တက်သွားတာ ဖြုန်းကနဲ ကျသွားတာ မရှိဘူး။ တက်လည်း မှန်မှန်၊ ကျလည်း ဖြည်းဖြည်းပဲ ဖြစ်တတ်တယ်။
- ✱ ပြည်ပမှီခိုရင် တက်လည်း ဟုန်းကနဲ၊ ကျလည်း ဖြုန်းကနဲ ဖြစ်တယ်။

(၇) နိဂုံး။

ဒီစာတမ်းကို '၁၃၀၀ ပြည့် အရေးတော်ပုံ' ၇၅ နှစ်မြောက် '၁၃၅၀ ပြည့် အရေးတော်ပုံ' ၂၅ နှစ်မြောက်ချိန်မှာ ရေးပါတယ်။

ဗကပ ဟာ '၁၃၀၀ ပြည့်အရေးတော်ပုံ' က ပေါက်ဖွားလာတာ ဖြစ်တယ်။

'၁၉၈၈' ခု သေလုပေါင်းလဲဖြစ်တာကနေ မသေမပျောက် နာလန်ထူလာတာဟာလည်း '၁၃၅၀ အရေးတော်ပုံ' ရဲ့ကျေးဇူး ဖြစ်တယ်။

PDR (A/S) အလံ လဲကျပေမယ့် PDR အလံ လဲမကျပါ။ ဒါဟာ '၁၃၅၀ အရေးတော်ပုံ' ရဲ့ ကျေးဇူးပဲ။

**စစ်အေးခေတ် ကုန်ဆုံးတာ၊**
**ဆိုဗီယက်ယူနီယံကျဆုံးတာ၊**
**စစ်အေးလွန်ကာလအတွက် CPC က**
**ထိန်းညှိတာတွေကို ဆင်ခြေပေးရင်**
**ကိုယ့်ကိုယ်ကိုယ် ဝေဖန်တာ မဟုတ်ဘူး။**

# စစ်အာဏာရှင်စနစ်

# အမွေခံများရဲ့ဒုက္ခ

(၁) အမေရိကန်ရောက် ဦးသိန်းစိန် ဒုက္ခရောက်တာကို ကြားလိုက်ရ၊ ဖတ်လိုက်ရတယ်။ VOA က လုပ်တဲ့ မေးဖြေခန်းမှာပါ။ ပထမပိုင်း မေးခွန်းတွေကို ဦးသိန်းစိန် အကျယ်တဝင့်ဖြေနိုင်ပေမယ့် ဒေါ်အတာရဲ့မေးခွန်းကိုတော့ မဖြေနိုင်ဘူး။ လက်ပံတောင်းကိစ္စနဲ့ မိတ္ထီလာကိစ္စကို အဓိကမေးတာပါ။ အဲဒါကို မဖြေဘဲ မဆိုင်တာတွေကို ပြောတယ်။ ပြောတော့လည်း ကပေါက်တိကပေါက်ချာ တောက်တဲ့လှည်းနင်း ခံရသလိုပဲ ပြောတယ်။

- သူ့ဒုက္ခက စစ်အာဏာရှင်စနစ်ကို အခြေချခဲ့တဲ့ ဗိုလ်နေဝင်းကို မထိပါးမိစေဖို့ ဗိုလ်နေဝင်းရဲ့ အာဏာအမွေခံ ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေးတို့ကို မထိပါးမိစေဖို့။

- သူကိုယ်တိုင် (၁၄) နှစ် တိုင်တိုင်ရေးဆွဲချမှတ်ခဲ့ရတဲ့ '၂၀၀၈ အခြေခံဥပဒေ' ကို ကာကွယ်ဖို့ ပြောနေရတာ ဖြစ်လို့ပဲ။

- မိတ္ထီလာကိစ္စကျတော့ သူကလက်ရှောင်လိုက်တယ်။ မေးသူက 'ဒီပဲယင်းအောင်သောင်း' ကို ရည်ညွှန်းပြီး မေးတာ ဖြစ်နေလို့ပဲ။ 'ဒီပဲယင်းအောင်သောင်း' က ကြံ့/ဖွံ့ ပါတီရဲ့ (ကြီးကြီးမာစတာ) အကောင်ကြီးကြီး ဖြစ်တယ်။ ဦးသိန်းစိန်က ကြံ့/ဖွံ့ ပါတီရဲ့ 'ဂုဏ်ထူးဆောင်' ဥက္ကဌပဲ။ ကြံ့/ဖွံ့ ပါတီထဲမှာက ဂိုဏ်းတွေ၊ အစုတွေ အများကြီးရှိတယ်။ (ဗိုလ်ချုပ်လွန်းမောင်က ရောဝတီ အမေးကို ဖြေတာကိုပဲ ကြည့်ပါ။ ဂိုဏ်းဂဏရဲ့ တစွန်းတစကို တွေ့ရမယ်။)

- ရခိုင်ကိစ္စကိုတော့ ဒေါက်တာကျော်ရင်လှိုင်ကိုပဲ လွှဲပေးပြီး အလွတ်ရုန်းထွက်သွားတယ်။

ဒါက ဦးသိန်းစိန် ဒုက္ခပဲ။ သူက ဗိုလ်သန်းရွှေ မြှောက်စားလို့ သမ္မတကြီး ဖြစ်လာရသူပဲ။ ဒေါ်အတာရဲ့ နောက်ဆက်တွဲ မေးခွန်းတွေ လာနိုင်တယ်။ လာရင် ပိုပြီးဒုက္ခရောက်မှာမို့ ကမန်းကတန်း အလွတ်ရုန်းထွက်သွားတာပါ။

(၂) နောက် ဒုက္ခတွေ့သူက ဦးခင်ညွန့်ပါ။

- သူ့ဒုက္ခက ပိုကြီးတယ်။ ဘာကြောင့်လဲဆိုတော့ ဗိုလ်နေဝင်းကိုယ်တိုင် 'အာဏာအမွေ' ကို တိုက်ရိုက်အပေးခံရသူ ဖြစ်လို့ပဲ။ 'ဗိုလ်စောမောင်နဲ့ ဗိုလ်ခင်ညွန့် အာဏာသိမ်းကြတော့ ဘာလုပ်ရမယ်ဆိုတာ ဒေါက်တာမောင်မောင် ('သမ္မတ' ဒေါက်တာ မောင်မောင်) နဲ့ ဆွေးနွေးကြ' လို့ မှတ်မိန့်ပေးခံရသူ ဖြစ်တယ်။

- နောက်တချက်က 'သန်းရွှေ – ရွှေမန်း – သိန်းစိန်' ဂိုဏ်းရဲ့ အလဲထိုးခံရပြီး ဘေးရောက်သွားသူ၊ ထောင်သွင်းခံရသူ၊ အကျယ်ချုပ်ခံရသူ ဖြစ်နေလို့ပါ။

(၃) ဦးခင်ညွန့်ဒုက္ခကို အကျယ်ရေးမှ လိပ်ပတ်လည်မှာပါ။

- ဦးခင်ညွန့် လွတ်လာတာ မကြာသေးဘူး။ လွတ်လာတော့လည်း ပုဒ်မ '(၄၀၁)' ခြေမန်းကွင်း စွပ်ရက် ဖြစ်တယ်။ (ဒါက သုဝဏ္ဏလည်တာပါ။ ထားပါတော့။)

- လွတ်လာတော့ နိုင်ငံရေးလုပ်မလိုလို လုပ်ရှားလာတယ်။ သူ့ကို ပင့်ပေးနေသူတွေလည်း ရှိတယ်။ သူ့ နိုင်ငံရေးကို အားပေးနေသူ တချို့လည်း ရှိတယ်။ သူမိုးကောင်းစဉ်တုန်းက ပြုစုမြှောက်စားခံရတဲ့ စီးပွားရေးသမားတွေ ရှိတယ်။ သူ့နိုင်ငံရေးအတွေးအခေါ်တွေကို လက်ခံနေသူတွေလည်း အုံနဲ့ကျင်းနဲ့ ရှိတယ်။

- ဦးခင်ညွန့် နိုင်ငံရေးလုပ်တော့မယ်ဆိုတော့ တုန်လှုပ်သွားသူတွေက 'သန်းရွှေ – ရွှေမန်း – သိန်းစိန်' ဂိုဏ်းပဲ။

- ဦးသန်းရွှေက 'ဒီကောင့်ကို လွှတ်မထားနဲ့' လို့ ဗိုလ်ရွှေမန်း၊ ဗိုလ်သိန်းစိန်တို့ကို 'နှုတ်မိန့်ပေးတယ်' ဆိုတဲ့ 'သတင်း' ကို မိမိတို့ ရလိုက်တယ်။ ဒီ 'သတင်း' ကို ဦးခင်ညွန့်လည်း ရမှာပါ။

ဒါကြောင့်ပဲ ဦးခင်ညွန့်က 'နိုင်ငံရေး မလုပ်တော့ပါဘူး။ အေးချမ်းတဲ့ဘဝကို ပိုပြီးအေးချမ်းအောင် နဝဒေးအနုပညာ ပန်းဥယျာဉ် ထူထောင်ပါတော့မယ်' လို့ ပြောလာရတာပါ။

သန်းရွှေဂိုဏ်း အာဏာရနေတဲ့အချိန်မှာ သူနိုင်ငံရေးမလုပ်ဝံ့ပါဘူး။ သန်းရွှေဂိုဏ်းကလည်း စောင့်ကြည့်နေမှာပါ။ နိုင်ငံရေး မလုပ်တော့ပါဘူး၊ အနုပညာပန်းဥယျာဉ်မှာပဲ ဘဝကို ကုန်ဆုံးစေမှာဆိုရင် သန်းရွှေဂိုဏ်းက ခွင့်လွှတ်နိုင်မှာပါ။

(၄) ဗကပ အနေနဲ့ ဦးခင်ညွန့်ကို ပြောချင်တာ ရှိပါတယ်။

နိုင်ငံရေးလုပ်မလုပ်ဆိုတာက ဦးခင်ညွန့်ကိစ္စမို့ ဘာမှမပြောလိုဘူး။ ပြောချင်တာတွေက 'ခွင့်မလွှတ်နိုင်သူတွေ' ဒုနဲ့ဒေး ရှိတယ်ဆိုတာပဲ။

- ဗကပ ကို အမြစ်ပါရှင်းဖို့ ဗိုလ်ခင်ညွန့် လုပ်ခဲ့တယ်။ တနပ်စားဥာဏ်နဲ့ ကိုးကန့်၊ ဝ၊ အခါ၊ ကချင်တွေကို သိမ်းသွင်းခဲ့တယ်။ ဝကိုဆိုရင် ခွန်ဆာကိုတိုက်ဖို့ဆိုပြီး ဒေသကြီးတခု ထိုးပေးတယ်။ 'အသုံးချ' တယ်။ အခုတော့ UWSA က သီးခြားပြည်နယ် တောင်းနေပြီ။ ဦးသိန်းစိန်အစိုးရ မရှုနိုင်မကယ်နိုင်ဖြစ်နေပြီ။ ဦးခင်ညွန့် ဒီပြဿနာကို မသေခင်မှာ ဝင်ရှင်းပေးခဲ့စေချင်တယ်။

- KIA ပြဿနာလည်း ရှင်းပေးခဲ့ဖို့လိုတယ်။

- စိုင်းလင်းတို့နဲ့လည်း ပြဿနာရှင်းပေးခဲ့ဖို့ လိုတယ်။ တခြားပြဿနာတွေတော့ မရေးတော့ဘူး။

အဓိကပြောချင်တာက –

- ဗိုလ်ခင်ညွန့်ကြောင့် ဘဝပျက်ခဲ့ရတဲ့ ပြည်သူတွေ 'သန်း' နဲ့ချီပြီး ရှိတယ်။ ဘဝလမ်းကြောင်း ကွေ့ကောက်ပြီး လမ်းပျောက်ခဲ့ရတဲ့ ကျောင်းသားလူငယ်တွေ သိန်းချီရှိတယ်။ ထောင်သွင်းအကျဉ်းချခံရသူလည်း 'သိန်း' ချီပြီး ရှိတယ်။ ကျဆုံးခဲ့သူတွေ 'ရာ – ထောင်' ရှိတယ်။ သူတို့က ခွင့်လွှတ်မယ် မထင်ဘူး။ အိပ်မက်ထဲမှာ လာပြီး ခြောက်လှန့်နေမှာပဲ။

  သူတို့ကို ဝန်ချတောင်းပန်လိုက်ပါ။

  အဲဒီလို မလုပ်ရင် ဘယ်တော့မှ (ဘယ်တော့မှ) အေးချမ်းတဲ့ဘဝ မရနိုင်ဘူးမှတ်ပါ။ အသက်ရှင်နေသမျှ အေးချမ်းတဲ့ဘဝ မရနိုင်ပါဘူး။ သေမှပဲ 'ငြိမ်းချမ်းစွာ အိပ်စက်အနားယူ' (<u>R.I.P</u>) ဖို့တော့ ဖြစ်ကောင်းဖြစ်နိုင်လိမ့်မယ်။

# ၇၅ – စိန်ရတု

ရဲဘော်များ၊ မိတ်ဆွေများခင်ဗျား –
လာမည့် ၂၀၁၄၊ ဩဂုတ်လ (၁၅) ရက်နေ့သည် ဗမာပြည်ကွန်မြူနစ်ပါတီ တည်ထောင်သည့် (၇၅) နှစ်မြောက် စိန်ရတုသဘင်ကာလ ဖြစ်ပါသည်။
၎င်းအခါတော်နေ့ကို အထိမ်းအမှတ်ပြုသည့်အနေဖြင့် ပြည်သူ့အာဏာနှင့် အရေးတော်ပုံဂျာနယ်တို့ကို အထူးထုတ်များအဖြစ် ထုတ်ဝေသွားပါမည်။
ရဲဘော်များ၊ မိတ်ဆွေများထံမှ စာမူများ၊ ပါတီနှင့်ပတ်သက်သည့် သမိုင်းဝင်ဓာတ်ပုံများ၊ လက်ရေးမူများ၊ အချက်အလက်များ စသည်တို့ကို ပေးပို့ကြပါရန် မျှော်လင့်ပါသည်။
အားတက်သရော ပေးပို့ကြလိမ့်မည်ဟုလည်း ယုံကြည်ပါသည်။
ပေးပို့ကြပါရန်လည်း အနူးအညွတ် တောင်းဆိုလိုက်ပါသည်။

(စာတည်းအဖွဲ့)



# “သယံဇာတကျိန်စာနဲ့ ဘနုဖူးသိုက်ရူးတဲ့လူတွေ”

ခုခေတ် စစ်အုပ်စု ဘုန်းကြီးလိုက်ပုံ၊ စန်းထလိုက်ပုံများ ရွှေတွင်းငွေတွင်းပယင်း ဒုတ္ထာတင်လားဆိုတော့ မဟုတ်သေးဘူး။ ခါတ်ငွေ့သိုက်၊ သတ္တုသိုက်တွေပါ လှိုင်ဘောလည်ပေါ်ကြွယ်နေတော့တယ်။ လောဘဇော တိုက်မယ်ဆိုလည်း တိုက်လောက်စရာပါ။ ခြံစည်းရိုးထင်းခွေ မြေပေါ်က သစ်တောတွေကတော့ ကုန်သလောက် ရှိနေပြီမဟုတ်လား။

မုံရွာက ကြေးနီမိုင်းဆိုရင် ၁၉၈၅ – ၉၂ ယူဂိုဆလပ် (RTB Bor Copper Institute) ရဲ့နည်းနဲ့ အလုပ်ဖြစ်အောင် မထွက်ခဲ့တော့ ကနေဒါက အိုင်ဗင်ဟို မိုင်း (Ivanhoe Mines) နဲ့ ကျမှ ဟန်ကျလာတယ်။ လက်ပံတောင်းတောင်ကို ဒုတိယအဆင့်အနေနဲ့ ပြေ ၂၀၀၃ ကစပြီး မက်ထရစ်တန်ချိန် ၁၂၅၀၀၀ (ပေါင်ချိန် ၂၇၆ သန်း) ထွက်မယ်၊ ကုန်ကျစရိတ် ၁ ပေါင်ကို အမေရိကန် ၃၅ ဆင့်လို့ သတ်မှတ်ခဲ့ပါတယ်။ အနှစ် ၂၀ စီမံကိန်းပါ။ စံပယ်တောင် ကြေးနီမိုင်းက ၁၉၉၈ – ၂၀၀၀၊ ၂ နှစ်ထွက်ခဲ့တဲ့ တန်ချိန် ၄၀၀၀၀ (ပေါင်ချိန် ၈၈ သန်း) ကုန်ကျစရိတ် ၁ ပေါင်ကို အမေရိကန် ၂၈ ဆင့် လို့ ဆိုတယ်။ လက်ပံတောင်းနဲ့ စုစုပေါင်းတန်ချိန် ၁၆၀၀၀၀ (ပေါင်ချိန် ၃၅၃ သန်း) ထိ ထွက်မယ်။ လက်ပံတောင်း ရင်းနှီးမတည်စရိတ် ကြေးနီထွက်တဲ့ထိ ဒေါ်လာ ၃၈၉ သန်း၊ ကမ္ဘာ့ပေါက်စျေးနဲ့ စရိတ်နုတ်ပြီးရင် အမြတ် ဒေါ်လာ ၂၅၈ ကနေ ၅၀၁ သန်းထိ ကျန်မယ်လို့ တွက်ထားခဲ့ပါတယ်။[၁]

ရင်းနှီးမတည်ငွေ အိုင်ဗင်ဟိုက ဒေါ်လာ သန်း ၁၀၀၊ ဂျပန်ကော်ပိုရေးရှင်းကြီးနှစ်ခုက သန်း ၉၀ ပါဝင်ခဲ့တယ်။ ၂၀၀၆ ထိ ထွက်တဲ့ကြေးနီကို မြို့ရှင် ဂျပန် မာရူဘယ်နီ (Marubeni) ကော်ပိုရေးရှင်းကိုပဲ ရောင်းခဲ့တယ်။ အကြွေးကြေပြီး ၂၀၀၅ အကုန်မှာတော့ အိုင်ဗင်ဟိုနဲ့အစိုးရအမှတ် (၁) သတ္တုတွင်း လုပ်ငန်းဌာနတွက် ဒေါ်လာ ၁၀ သန်းစီ၊ ၂၀၀၇ ပထမ ၄ လပတ်မှာတော့ အိုင်ဗင်ဟိုက သူတို့ဝေစု နောက်ထပ် ၁၅ သန်း ဝင်ကြောင်း ဆိုပါတယ်။[၂]

ကနေဒါ မြန်မာ့မိတ်ဆွေများအဖွဲ့ (Canadian Friends of Burma - CFOB) နဲ့ မိုင်းလုပ်ငန်းစောင့်ကြည့်ရေးအဖွဲ့ (Mining Watch Canada) က နိုင်ငံတကာ ဖိအားပေးလာတဲ့အခါမတော့ အိုင်ဗင်ဟို ထွက်ရတဲ့ကိန်း ဆိုက်လာတဲ့အခါမှာ စစ်တပ်စီးပွားရေးအုတ်မြစ်ချထားတဲ့ ဦးပိုင် (UMEHL) နဲ့ တရုတ်အစိုးရပိုင် လက်နက်ကုမ္ပဏီကြီး (NORINCO) လက်အောက်က ဝမ်ပေါင် (Wanbao) ကုမ္ပဏီ နှစ်ဦးစပ်လုပ်ငန်း ဖြစ်လာတယ်။ လက်လွှဲလက်ပြောင်းလုပ်တဲ့ ၂၀၀၇ မှာ အိုင်ဗင်ဟိုက တိုက်ရိုက်မလုပ်ဘဲ တသီးပုဂ္ဂလသမာဓိအဖွဲ့ (Monywa Trust) ဆိုတာကို ကြားတဆင့်ခံပြီး သူ့အစု ၅၀ ရာနှုန်းကို ရောင်းခဲ့တာမှာ (sanctions) စီးပွားရေးပိတ်ဆို့မှုခံထားရတဲ့ ဦးပိုင်က သူ့ရှယ်ယာ ဝယ်ယူတဲ့နေရာမှာ ကိုယ့်ငွေမသုံးဘဲ တဖက်လှည့်နဲ့ ဝမ်ပေါင်က ဝင်ပေးခဲ့တဲ့ကိစ္စ ပေါ်လာပါတယ်။[၃, ၄, ၅]

အောက်တိုဘာ ၂၀၀၇ မှာ အိုင်ဗင်ဟိုက သူတို့အစုတန်ဖိုးကို

ဒေါ်လာ ၁၃၄ သန်း လျော်ပစ်ကြောင်း ကြေညာခဲ့ပြီးမှ ဇူလိုင် ၂၀၁၁ ကျတော့ ဒေါ်လာ ၁၀၃ သန်းကို (Monywa Trust) မှ လက်ခံရရှိခဲ့ကြောင်း ဝန်ခံပါတယ်။[၆]

၂၀၁၂ မတ်လ ပါလီမန်မှာ သတ္တုတွင်းဝန်ကြီးဌာန (၁) နဲ့ (၂) အပါအဝင် ဝန်ကြီးဌာန ၆ ခု စာရင်းလိမ်မှု၊ အလွဲသုံးစားလုပ်မှုတွေကို စာရင်းစစ်ချုပ် အစီရင်ခံစာမှာ တင်ပြလာတဲ့ကိစ္စ ဆွေးနွေးခဲ့ရပြီး ကော်မရှင်ဖွဲ့ဖို့ထိ ဖြစ်လာပါတယ်။[၆, ၇] ဩဂုတ်လမှာတော့ စာရင်းစစ်ချုပ် ဗိုလ်ချုပ်ဟောင်း လွန်းမောင် ရာထူးဖြုတ်ခံရပါတယ်။

ကမ္ဘာမှာ ကြေးနီအထွက်ဆုံး ဒေသဟာ ချီလီနိုင်ငံ ဖြစ်ပါတယ်။ ဇန်နဝါရီ ၂၀၁၁ မှာ ကာကွယ်ရေးဝန်ကြီး ရာထူးက ထွက်ပေးရတဲ့ကိစ္စဟာ ချီလီစစ်တပ်ကို နိုင်ငံပိုင်ကြေးနီမိုင်းက ဝင်ငွေရဲ့ ၁၀ ရာနှုန်း ပံ့ပိုးရတဲ့ဥပဒေနဲ့ နိုင်ငံခြားက စစ်လက်နက်ပစ္စည်း ဝယ်ယူတင်သွင်းတဲ့ ပမာဏကို လျှို့ဝှက်ဖုံးကွယ်မှုတွေကြောင့်ပါ။ တရုတ်က ဝယ်အားလိုက်လို့ ကမ္ဘာ့ကြေးနီဈေးတက်ပြီး ချီလီနိုင်ငံရဲ့ ကြေးနီကရတဲ့ ဝင်ငွေဟာ ၂၀၁၀ မှာ ၄၃ ရာနှုန်းထိ ထိုးတက်သွားတာမို့၊ ၂၀၀၆ – ၂၀၀၉ နှစ်နောက်ပိုင်းမှာ ကာကွယ်ရေးဘတ်ဂျက်ကို ဒေါ်လာ ၄.၃ ဘီလျံ လွှဲပေးနိုင်ခဲ့တယ်။[၈]

ဗမာစစ်အာဏာရှင်ခေတ် မိုင်းလုပ်ငန်းတိုးချဲ့ဖို့ ဒေသခံတောင်သူတွေထံက အမိန့်အာဏာနဲ့ အဓမ္မ အနိုင်ကျင့်သိမ်းယူခဲ့တဲ့ ၂၆ ရွာက မြေယာများ ဧကပေါင်း ၇၈၀၀ ကို ထိုက်သင့်တဲ့မြေတန်ဖိုး လျော်ကြေးမပေးဘဲ ၃ နှစ်စာ သီးနှံတွက်သာပေးခဲ့ပြီး နောက်တော့ မြေအတွက် ပေးတာပါလို့ လေသံပြောင်းသွားပါတယ်။[၁၀, ၁၁]

၂၀၁၂ နိုဝင်ဘာ ၂၉ မှာ လက်ပံတောင်းသပိတ်စခန်းကို အကြမ်းဖက်ဖြိုခွဲခဲ့ခြင်းဟာ ပြည်သူလူထု အကျိုးစီးပွားကို လုံးဝမျက်ကွယ်ပြုပြီး တိုင်းတပါး အကျိုးစီးပွားနဲ့ တပ်မတော်ပိုင် အကျိုးစီးပွားကိုသာ ကာကွယ်ခြင်းဖြစ်တယ်လို့ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) က ဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို လက်ပံတောင်းကော်မရှင်ဥက္ကဋ္ဌတာဝန် ပေးလိုက်တာဆိုရင်လည်း အစိုးရရဲ့ မတရားတဲ့လုပ်ရပ်တခုလို့ ပြောပါတယ်။[၁၂]

**ဒေါ်စုကို ဗိုက်အငှားနဲ့ ဓားထိုးခိုင်းတာပါပဲ။**

ခက်တာက ဒေါ်အောင်ဆန်းစုကြည် ကိုယ်နိုက်က ကြည်ကြည်ဖြူဖြူ အသုံးချခံရုံမက အစီရင်ခံစာ ထွက်လာတော့ ဘက်စုံအောင် သက်သေသက္ကာယ ရှာဖွေစေ့ငုထားတာ မဟုတ်ဘဲ၊ ခံသမာဓိ အလုပ်မဟုတ်တဲ့ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး ဦးတည်ချက်ကို အကြောင်းပြပြီး မျက်နှာကြီးရာ ဟင်းဖတ်ပါထားတာ ဖြစ်နေလို့ လက်ပံတောင်းက ပြည်သူလူထုခများများမှာ လုပ်ရက်လေခြင်းလို့ ရင်ထုမနာ ဖြစ်ကြရတော့တယ်။[၁၃]

ဥစ္စာသိုက်များဟာ ကျိန်စာတိုက်ထားတတ်တယ်လို့ ရှေးလူကြီးသူမတွေ ပြောကြတာ ကြားဖူးကြမှာပါ။ ၁၈ ရာစုခေတ် ဘောဂဗေဒပညာရှင် အဒမ်စမစ် (Adam Smith) တို့ လက်ထက်ကစပြီး သယံဇာတကြွယ်ဝမှု ဆိုတာ ကောင်းကျိုးမပေးတဲ့အပြင် ဆိုးကျိုးရတတ်ကြောင်း ဟောကိန်းရှိခဲ့ဖူးပါတယ်။[၁၄]

**သယံဇာတကျိန်စာ (Resource Curse) ဆိုတဲ့စကား ပေါ်လာခဲ့တယ်။**

ခုခေတ်မှာတော့ ဂျက်ဖရီဆက်စ် (Jefferey Sachs) နဲ့ အင်ဒရူးဝါနာ (Andrew Warner) တို့က ၉၇ နိုင်ငံကို ၁၉၇၁ – ၈၉ ကာလအတွင်း သုံးသပ်ထားတဲ့ စာတမ်းမှာ သယံဇာတကြွယ်တဲ့ နိုင်ငံတွေက မကြွယ်တဲ့နိုင်ငံတွေထက် ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျကျန်နေခဲ့တာ တွေ့ရတယ်။ ၂၀၀၇ မှာတော့ ဒင်နီယယ်လီဒါမင် (Daniel Lederman) နဲ့ ဝီလျံမလိုနီ (William Maloney) တို့က သယံဇာတဆိုတာ ကျိန်စာလည်းမဟုတ် ရွှေဆုတောင်းပြည့်တာလည်း မဟုတ်၊ ကောင်းကျိုးဆိုးကျိုး နှစ်မျိုးလုံးပေးနိုင်ပြီး တနိုင်ငံ




ချင်းရဲ့ ကိုင်တွယ်မှုပေါ်လစီအပေါ်မှာ တည်ကြောင်း သုံးသပ်ပြပါတယ်။[၃၄]

ကမ္ဘာ့ဘဏ်က ထုတ်ပြန်တဲ့ နိုင်ငံအစိုးရများအုပ်ချုပ်မှုနဲ့တာဝန်ယူမှုစံများ (governance and accountability) စစ်တမ်းမှာ သယံဇာတ ကြွယ်တဲ့ နိုင်ငံများဟာ အဆင့်နိမ့်ကျနေတာ ထောက်ပြထားပါတယ်။ နိုင်ငံရေး မငြိမ်သက်မှု၊ အကြမ်းဖက်မှု၊ တာဝန်မဲ့မှု၊ တရားဥပဒေစိုးမိုးရေး အားနည်းမှု၊ ခြစား လာဘ်စားမှုတွေ ပွေလိမ်ရှုပ်နေတာ တွေ့ရတယ်။ ပြည်တွင်း အခွန်ငွေ ကောက်ခံမှုကိုတော့ ကြပ်ကြပ်မတ်မတ် မလုပ်နိုင်ဘဲ ရေနံသတ္တုသိုက်က ဝင်ငွေကို အဓိကအားထားနေရတဲ့အပြင် အာဏာရအုပ်စိုးသူ လူတန်းစားနဲ့ စီးပွားဘက်တွေသာလျှင် ဒီလုပ်ငန်းကြီးတွေကို အုပ်စီးပြီး နိုင်ငံရေးအရ၊ တရားဥပဒေအရ အဟန့်အတားအကန့်အသတ်မရှိ အကျိုးအမြတ်တွေကို ခွဲဝေခံစားကြလေတော့ တိုင်းပြည်မှာ ချမ်းသာသူတွေက ကြိုကြိုတက် မတရားချမ်းသာ၊ ကျန်တဲ့ပြည်သူ အများစုကြီးမတော့ ဆင်းရဲတွင်း နက်သထက်နက်လာတဲ့ သာဓကတွေ ဖြစ်ပါတယ်။[၃၄]

ပြင်သစ်နိုင်ငံကတော့ ဥရောပနိုင်ငံများမှ ဒီစီးပွားရေးလုပ်ငန်း ကုမ္ပဏီတွေကို နိုင်ငံခြားအိမ်ရှင်နိုင်ငံအစိုးရများအား ပေးချေတဲ့ ငွေကြေးပမာဏ ဘယ်ရွေ့ဘယ်မျှဆိုတာ ပရိုဂျက်တခုချင်း ထုတ်ပြန်ကြေညာဖို့ တွန်းအားပေးလာပါတယ်။ အလားတူ အမေရိကန်မှာလည်း ကြိုးပမ်းလာသူတွေ ရှိပါတယ်။[၃၄]

သမ္မတကလင်တန်ရဲ့ အတိုင်ပင်ခံနဲ့ ကမ္ဘာ့ဘဏ်ဘောဂဗေဒ ဦးစီးချုပ်ဟောင်း ဘောဂဗေဒ နိုဘယ်ဆုရှင် ဂျိုးဆက် စတစ်ဂလစ်ဇ် (Joseph Stiglitz) က တွက်ပြတဲ့ သယံဇာတ ကျိန်စာသင့်မှုရဲ့ လက္ခဏာသုံးရပ်မှာ –

၁။ သူ့အရှိန်နဲ့ ငွေဈေးတက်မှုကြောင့် နိုင်ငံခြားဝယ်သူအတွက် အခြားထွက်ကုန်ပစ္စည်းများ ဈေးကြီးပြီး အရောင်းကျခြင်း။

၂။ ရေနံသတ္တုထုတ်ဖော်ရေးလုပ်ငန်းများ သဘာဝအရ ဒေသခံတွေကို အလုပ်မယ်မယ်ရရ မပေးနိုင်ခြင်း။

၃။ ကမ္ဘာ့ဈေးကွက် မတည်ငြိမ်မှုကြောင့် တက်ဈေးမှာ ဘဏ်များ ငွေအလုံး အရင်းနဲ့ ဝင်ချလာပြီး ကျဈေးမှာတော့ ကသုတ်ကရက်ပြန်ထွက်သွားတတ်ခြင်း။[၃၅]

မြေအောက် သယံဇာတပစ္စည်းကဖြစ်တဲ့ ဘဏ္ဍာစီးပွားကို မြေပေါ်ကုန်ထုတ်လုပ်ရေး စိုက်ပျိုးရေးကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှုမရှိဘဲ ပေယျာလကန်ပြုခဲ့ရင် အများစုလူထု ဆင်းရဲဖို့ပါပဲ။ ဒီထဲမှာ အာဏာပိုင်များက သူရို့မိမွေဖမွေလို အောက်မေ့ရင် သူရို့ချင်းစားခွက်လုကြမယ့်အပြင်၊ နိုင်ငံ့စည်းစိမ်အလွဲသုံးစားလုပ်တဲ့ အစိုးရနဲ့ ဒီမိုကရေစီမထွန်းကားနိုင်တဲ့ တိုင်းပြည်ဘဝမှာ တဝဲလည်လည် ဖြစ်နေရဦးမှာပါ။[၃၅]

မြေကြီးထဲက သယံဇာတဆိုတာ ဘယ်မှထွက်မပြေးပါဘူး။ ဖြည်းဖြည်းချင်း လက်လီစိတ်ပြီး ထုတ်စားနေလို့လည်း ဖြစ်တဲ့ကိစ္စပါ။ အခွန်အတုတ်ကိုလည်း သေသေချာချာ ထိုက်သင့်အောင် ကောက်ပြီး တိုင်းပြည်ရဲ့လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံ၊

လူထုအတွက် ကျန်းမာရေး၊ ပညာရေးနဲ့ ပြည်တွင်းစီးပွားရေး (လယ်ယာနဲ့စက်မှု၊ ကုန်ချောရော လက်နက်ကိရိယာပါ) ထုတ်လုပ်မှု ထွန်းကားရေးတွေမှာ ရင်းနှီးမြှုပ်နှံသင့် တယ်ဆိုတာ အကျယ်တဝင့် ရှင်းပြဖို့တောင် မလိုပါ။[၁၅]

ဒါ့အပြင် ငွေလဲနှုန်း မမြင့်ဖို့၊ စီးပွားရေးတည်ငြိမ်မှု အရေးပေါ်ရန်ပုံငွေ ထားဖို့၊ တနိုင်ငံလုံး ကြွေးမြီများ အထိန်းအကွပ်ရှိဖို့နဲ့ လက်မှတ်ထိုးပြီး ကန်ထရိုက်တွေကို ပြန်လည်ညှိနှိုင်းဖို့ အရေးဆိုခွင့်လည်း ကိုယ့်မှာ ရှိသင့်ပါတယ်။ ဒါမှသာ တဖက်စောင်းနင်း သူ့သာကိုယ်နာ ကိုလိုနီပုံစံ ပြန်မရောက်မှာပါ။ ကျွန်ဘဝကလည်း ခုလို တိုင်းပြည်ရဲ့သယံဇာတ သစ်တောက အစ ဆန်စပါးအလယ် ရေနံကျောက်သံပတ္တမြားအဆုံး ထုတ်ယူတဲ့စနစ် ထွန်းကားခဲ့ပါတယ်။ ဒါဟာ ကိုလိုနီစံနစ်ရဲ့ အခြေခံအုတ်မြစ်ပါ။ ရေလမ်းသာမက ရထားလမ်းကားလမ်းဖောက်၊ တံတားဆောက်၊ ကြေးနန်းသွယ်တာတွေဟာ ဗမာပြည်သူလူထုကို စေတနာမေတ္တာရှိလွန်းလို့ လုပ်ပေးခဲ့တာ မဟုတ်ပါဘူး။ စည်းစိမ်ကုန်သယ်ယူ ကဲ့ယူနိုင်အောင်၊ တာသွားနိုင်သမျှ ထိရောက်တွင်ကျယ်မှုရှိအောင် စံနစ်တကျလုံးပန်းသွားတာပါ။[၁၅]

အခုလည်း နိုင်ငံခြားကုမ္ပဏီတွေအနေနဲ့ စရိတ်စက အခွန်အသက်သာဆုံးနဲ့ အမြတ်အများဆုံး သူတို့ဖို့ကျန်အောင် ဈေးနှိမ်နိုင်သမျှ နှိမ်ပေးချင်သလို၊ ကိုယ့်ဘက်ကလည်း ဈေးကောင်းကောင်းရချင်တာဟာ သဘာဝပါ။ တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်ဖို့ဆိုရင် လက်သိပ်ထိုးပြီး လက်သင့်ရာစားတော်ခေါ်တာမျိုး မလုပ်ဘဲ လေလံအပြိုင်ဆွဲခိုင်းဖို့နဲ့ စာရင်းအင်းမှာလည်း ဘယ်သူ့ကို ဘယ်ရွေ့ဘယ်မျှ ပေးရတယ်ဆိုတာ ပွင့်လင်းကြည်လင်မှုရှိဖို့၊ စာချုပ်စာတမ်းများလည်း ထို့အတူ၊ ကမ္ဘာ့ပေါက်ဈေးတက်တဲ့အခါမှာလည်း ကုမ္ပဏီတခုတည်း မဟုတ်ဘဲ လူထုတရပ်လုံး အကျိုးအမြတ်ခံစားနိုင်အောင် ချည်ထားပြီးဖြစ်သင့်ပါတယ်။[၁၅]

တခါ ပစ္စည်းရိုင်းကုန်ကြမ်းသက်သက်ချည်း ရောင်းစားမယ့်အစား၊ ကုန်ချောအဆင့်ထိ ပြည်တွင်းမှာ ထုတ်လုပ်နိုင်ဖို့၊ တူးဖော်ရေး ယန္တရားတစိတ်တပိုင်း အနည်းဆုံး ပြည်တွင်းမှာ ထုတ်လုပ်နိုင်ဖို့ဆိုတာကို စဉ်းစားစီမံသင့်တယ်။ ဒါမှသာလျှင် တိုင်းပြည်အတွက် တကယ်တမ်း ရေရှည်အကျိုး ဖြစ်ထွန်းမယ်။



## သယံဇာတကျိန်စာကို နတ်သုဓာဖြစ်လာစေမယ်

ဆိုတာကို ဂျိုးဇက်စတစ်ကလစ်ဇ်က အကျယ်တဝင့်ရေးသားထားပါတယ်။[၁၅]

ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က တနိုင်ငံလုံးအကျိုးရှိဖို့တောင်တွေတော့ ပျောက်မှာပဲ ဆိုလာတော့ သဘာဝပတ်ဝန်းကျင်ပျက်သုဉ်းမှု၊ ဒေသခံတောင်သူတွေ အိမ်ပျောက်ယာပျောက် အိုးလုံးမှောက်ဖြစ်ရမှု၊ သောက်ရေသုံးရေ အဆိပ်ဖြစ်မှု၊ လယ်တီဆရာတော်ကျောင်းနဲ့ စေတီလည်း ဖျက်ရမယ်ဆိုတာတွေ အားလုံးဟာ စွန့်လွှတ်ထိုက်တဲ့ အရေးမပါ အရာမရောက်တဲ့ အနုညာတကိစ္စများသာ ဖြစ်သွားပါတယ်။ နက်နက်နဲနဲမစဉ်းစားဘဲနဲ့တောင် တနိုင်ငံလုံးအကျိုးဆိုတာ ဟုတ်မှလည်းလုပ်ပါ 'ဗိုလ်ချုပ်ကြီးဒေါ်စု'ရယ်လို့ မေးချင်စရာ ဖြစ်နေပါတယ်။

ချီလီနိုင်ငံက ကြေးနီမိုင်းကြီးဟာ အနှစ်တရာနီးပါးမှာ မက်ထရစ်တန်ချိန် ၂၉ သန်း ထွက်ခဲ့ပြီး အလျား ၄.၃ ကီလိုမီတာ၊ အနံ ၃ ကီလိုမီတာ၊ ၈၅၀ မီတာ အနက်ရှိပါတယ်။[၁၆]



ကမ္ဘာ့အကြီးဆုံးကတော့ အမေရိကန်ပြည်ထောင်စု ယူတားနယ် (Utah) က ဘင်ဂမ်ချိုင့်ကြီး (Bingham Canyon) ကြေးနီတွင်းပါ။ ၄ ကီလိုမီတာပတ်လည် ကျယ်ဝန်းပြီး ၁.၂ ကီလိုမီတာထိအောင် နက်ရှိုင်းတဲ့ ရောနွှနွတွင်းကြီးပါ။[၁၇]

ဒီလိုဆိုရင် မုံရွာကြေးနီမိုင်းရဲ့ ပမာဏကို မှန်းဆလို့ရနိုင်မလား။ နောက် ၁၀ နှစ်မှာ ညောင်ပင်ကြီးကနေ ဖိုးဝင်းတောင်ထိ ရှိနေမှာလား။ ဒီနယ်သူနယ်သားတွေ ဘယ်ဆီသွားလို့ ဘာလုပ်စားကြမလဲ။ ယုဇနတို့ ဇေကမ္ဘာတို့ ပရိုဂျက်တွေလည်း သူရင်းငှားများများ မလို။ ဝမ်ပေါင်ဦးပိုင် သတ္တုသိုက်ကြီးကလည်း နေ့စားများများမလို။ ချင်းတွင်းမြစ်ကြီးထဲ တသွင်သွင်စီးနေတဲ့ ရေ ကကော သောက်လို့သုံးလို့ အန္တရာယ်ကင်းရဲ့လားဆိုတဲ့ မေးခွန်းပေါင်းများစွာကို ဦးပိုင်နဲ့ဒေါ်စု ဘယ်သူတာဝန်ခံပြီး ဖြေကြရှင်းကြမှာလဲဆိုတာကို မုံရွာနယ်သာမဟုတ် ပြည်သူလူထုကြီး တရပ်လုံးက သိချင်ကြပါလိမ့်မယ်။

ဖြစ်ပုံက မြစ်ဆုံမှာတင် ပြည်သူ့ဆန္ဒ ပြီးပြည့်ဝသွားပြီ။ လိပ်ကန်သစ်တို့နဲ့ နိဗ္ဗာန်ခေတ် ရွှေလမ်းငွေလမ်း ဖောက်နိုင်ပြီ။ လောဘဇောတိုက်ဖို့ ထင်တိုင်း ပေါက်ပြီလို့ တွက်လေသလား အောက်မေ့ စရာကြီးပါ။

ရသာရင် ဘနဖူးသိုက်တူးတယ်ဆိုတာ မျက်မှောက်ခေတ်ပြုပြင်ပြောင်းလဲ ဒီမိုကရေစီပွဲတော်ကြီးကျမှ နဖူးတွေ့ဒူးတွေ့ ကြုံကြရပြီ။ ရွှေဥတနေ့တလုံး အုတဲ့ငန်းကို လောဘထွက်ပြီး မနေနိုင်လို့ ဗိုက်ခွဲကြည့်မယ့် ကိန်းဆိုက်ကြပြီ။ ပြည်သူလူထုအဖို့ တိုက်ပွဲမှအပ အခြားကိုးကွယ်စရာ မရှိပြီ။

အရေးကြီးပြီ၊သွေးစည်းကြစို့။

အင်တာနက်စာညွှန်း –


1. http://www.turquoisehill.com/s/news_releases.asp?ReportID=375241

2. http://www.turquoisehill.com/i/pdf/Monywa_Fact_File_December_2012.pdf

3. http://www.turquoisehill.com/s/the_facts.asp?ReportID=375913

4. http://www.minesandcommunities.org/article.php?a=11098

5. http://burma.irrawaddy.org/archives/7176

6. http://burma.irrawaddy.org/archives/7141

7. http://www2.irrawaddy.org/article.php?art_id=23206

8. http://burma.irrawaddy.org/archives/18805

9. http://www.defenceviewpoints.co.uk/articles-and-analysis/developmentsregarding-

the-copper-reserve-fund-in-the-chilean-defence-funding-strategy

10. http://burma.irrawaddy.org/archives/18896

11. http://www.mizzimaburmese.com/news/inside-burma/10530-2012-12-04-13-01-50.html12.

12. http://www.mizzimaburmese.com/news/inside-burma/10559—unfc-.html

13. http://www.mizzimaburmese.com/edop/songpa/11155-2013-03-19-10-27-01.html

14. http://www.guardian.co.uk/global-development/2012/oct/25/naturalresources-blessing-curse-developing-countries

15. http://www.project-syndicate.org/commentary/from-resource-curse-toblessing-

by-joseph-e—stiglitz

16. http://www.environmentalgraffiti.com/featured/most-incredible-earthscars/

16808?image=11

17. http://www.environmentalgraffiti.com/featured/most-incredible-earthscars/

16808?image=19

18. http://scienceblogs.com/worldsfair/2009/07/23/mass-destruction-theenvironme/

# ၂၀၁၅ ရွေးကောက်ပွဲနီးလာလေ နိုင်ငံရေးအရှုပ်အထွေးတွေများလေ

**၂၀၁၅ ခုရွေးကောက်ပွဲ လုပ်ဖြစ်မလား၊ မလုပ်ဖြစ်ဘူးလား ဘယ်သူမှ မပြောနိုင်။ လုပ်ဖြစ်ရင်ရော လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံပါ ပြဋ္ဌာန်းချက်တွေအတိုင်း လုပ်မှာလား၊ ဒါလည်း ဘယ်သူမှ မပြောနိုင်။**

ဒါပေမဲ့ ၂၀၁၅ ရွေးကောက်ပွဲကို မျှော်မှန်းထားတဲ့ လှုပ်ရှားမှုတွေကိုတော့ မျက်စေ့နောက်လောက်အောင်တောင် တွေ့နေရပါပြီ။

တယောက်က သမ္မတလုပ်ချင်ပါတယ်လို့ ပြောလိုက်တော့ နောက်တယောက်က သူလည်း သမ္မတလုပ်ချင်ပါတယ်လို့ ပြောလိုက်ပါတယ်။ တယောက်က ညွန့်ပေါင်းအစိုးရ လုပ်နိုင်ပါတယ်လို့ ပြောတော့ နောက်တယောက်က သူတို့လည်း ညွန့်ပေါင်းအစိုးရ လုပ်နိုင်ပါတယ်လို့ ပြောလိုက်ပါတယ်။

ဒါပေမဲ့ အခွင့်အရေးကြုံတိုင်း သူတို့ပြောနေကြတဲ့ ဒီစကားတွေထဲမှာ ဒီလောက်မတရားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးစကားမပါ၊ ဒါလောက် နစ်နာဆုံးရှုံးနေတဲ့ တောင်သူလယ်သမားတွေရဲ့ ဘဝတွေအကြောင်းမပါ၊ မီဒီယာသမားတိုင်း မကျေနပ်တဲ့ ပုံနှိပ်ဥပဒေအကြောင်း မပါ။ အာဏာအကြောင်းချည်း တိုက်ရိုက်ပြောနေကြသလို ဖြစ်နေတာကို သတိထားမိကြလိမ့်မယ်ထင်ပါတယ်။

ဟုတ်ပါတယ်။ သူတို့အတွက်တော့ ဒီအချိန်ဟာ အာဏာစကားတွေ ပြောရမယ့်အချိန် ရောက်နေပါပြီ။ အထူးသဖြင့် ဗိုလ်ရွှေမန်းပါ။ သူနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ မတူတာက ဒေါ်စုဟာ သူ့အဖွဲ့အစည်းထဲမှာ ပြိုင်ဘက်မရှိ ဖြစ်ပါတယ်။ ဒါပေမဲ့ ဗိုလ်ရွှေမန်းကတော့ သူတို့စစ်အုပ်စုဝင်တွေထဲမှာ တဦးတည်းသောလို့ ပြောမရပါဘူး။ ဒီတော့သူဟာ ဒီတောဟာ သူ့ရဲ့တောဖြစ်ကြောင်း တတောတကြက်ဖသာ ဖြစ်ရမယ့်အကြောင်း လက်ဦးမှုယူပြီး တွန်ပြနေရပါတယ်။ သူက ဒီလို တွန်ပြလိုက်တော့ ဗိုလ်(ဟောင်း) ဖြေဦးတို့လို လူတွေက သူ့ဘက်က ထောက်ခံပြောကြတဲ့ အသံတွေလည်း ချက်ချင်းထွက်လာပါတယ်။ တချိန်တည်းမှာ သူတို့အတွင်းမှာ ဟိုလူ့ကို အရေးယူသလိုလို၊ ဒီလူ့ကို ရွှေ့ပြောင်းပစ်သလိုလိုစတဲ့ ကောလာဟလတွေကလည်း နားမဆံ့အောင် ကြားရပါတယ်။ ခမ္မတာပဲ ပြည်သူလူထုအကြားမှာ ဝေဖန်သံမျိုးစုံ ပေါ်ထွက်နေပါတယ်။ ဗိုလ်သိန်းစိန်တယောက် ငြိမ်ချက်သားကောင်းနေတာကိုက သံသယဖြစ်စရာကြီး မဟုတ်လား။ ဒါပေမဲ့ ဒါလောက်နဲ့တော့ ခြသေ့်ကြီးမျက်လုံးနီတာလို့တော့ ပြောမရသေးပါဘူး။

အခုလိုအချိန်မှာ ဗိုလ်ရွှေမန်းက သူ့အနေနဲ့ ဒီချုပ်နဲ့ ညွန့်ပေါင်းအစိုးရဖွဲ့နိုင်တယ်လို့ ပြောလိုက်တာဟာ တခြားရည်ရွယ်ချက်တွေအပြင် မဲဆန္ဒရှင်တွေအကြား၊ အထူးသဖြင့် သူတို့တပ်မတော်သားတွေအကြား၊ စစ်ဘက်အဆင့်မြင့်အရာရှိတွေအကြားမှာ အသားယူ၊ မဲဆွယ်လိုက်တာ ဖြစ်နိုင်ပါတယ်။ စစ်ဗိုလ်ချုပ်တွေအဖို့ သူတို့ချင်း ရွေးတင်ဖို့က ရွေးကောက်ပွဲထက် အရေးကြီးပါတယ်။ သူတို့ချင်းက သဘောတူလို့ ရွေးလိုက်ပြီဆိုရင် ရွေးကောက်ပွဲကို နည်းမျိုးပေါင်းစုံနဲ့ နိုင်အောင်လုပ်နိုင်ပါတယ်။ ဒါနဲ့တဆက်တည်း စဉ်းစားမိတာက ဒီချုပ်နဲ့ တွဲလုပ်နိုင်ပါတယ်၊ ကျန်တခြားဆန့်ကျင်သူတွေကိုတော့ ချေမှုန်းပစ်မယ်လို့ ပြောနေတာဟာ အနောက်နိုင်ငံတွေဘက်ကို လှမ်းပြီးမျက်စပစ်ပြနေတာလည်း ဖြစ်ပါတယ်။ ဒီနေ့အခါလောက် ဗိုလ်ချုပ်တွေ ပြည်ပထွက်တာ၊ မိန့်ခွန်းတွေပေး၊ သဘောထားတွေ ပြောနေတာ ဗမာပြည်သမိုင်းမှာ ရှားတယ်လို့တောင် ပြောရမှာပါ။

ဗိုလ်ရွှေမန်းရဲ့ ခြေလှမ်းတွေဟာ ဒီချုပ်အားယူပြီး သူတို့အတွင်းက သူနဲ့တဖက်စီဖြစ်နေတဲ့ လူတွေအပေါ် ကြောတာ ဖြစ်တယ်လို့ ဆိုရင်လည်း ရမယ် ထင်ပါတယ်။ တကယ်က သူတို့အတွင်းမှာက တဦးအပေါ်တဦး ပြည်ပ

အဆက်အသွယ်နဲ့ ကြောတယ်၊ မီဒီယာမှာ ပေါ်ပြူလာဖြစ်မှုနဲ့ ကြောတယ်ဆိုတာမျိုးတွေဟာ မဆန်းတဲ့ အချင်းအရာပါ။ ဗိုလ်နေဝင်းလို နံပါတ်ဝမ်း ရှိနေလို့ကတော့ ဘယ်ဒီလိုလုပ်လို့ ရပ့်ါမလဲ။ သူက နံပါတ်တူး မထားတဲ့ ငါမှ တပါး အာဏာရှင် မဟုတ်လား။

ဒီကနေ့ ဗမာပြည် မြေပေါ်နိုင်ငံရေးရဲ့ ထူးခြားချက်တခုဟာ ရွေးကောက်ပွဲဝင်ဖို့ ရည်ရွယ်ချက်ရှိရင်၊ ဒါမှမဟုတ် နိုင်ငံခြားက အထောက်အပံ့ အကူအညီရဖို့ မျှော်မှန်းချက်ရှိရင် ဒေါ်အောင်ဆန်းစုကြည်ကို သွားဖြီးပြီး ပြုံးပြရတာ ဖြစ်ပါတယ်။ ဒါကို ဗိုလ်ကြီး – ဗိုလ်ငယ်၊ နိုင်ငံရေသမားသစ် – ဟောင်းတွေ အများအပြားပဲ လုပ်ကြပါတယ်။

စစ်အုပ်စုအတွင်း ဒီလိုပခုံးချင်းယှဉ်၊ ခြေဖျားထောက်တာတွေ ပေါ်လွင်သထက် ပေါ်လွင်လာရတဲ့ အဓိက အကြောင်းရင်းတခုက ပြည်ပက အရင်းအနှီးတွေနဲ့၊ ငွေကြေးရှင်တွေ လှိမ့်ဝင်လာတာနဲ့ ဆက်နေပါတယ်။ ဒီနေ့လို စစ်ဗိုလ်ချုပ်တွေ ပြည်တော်သာကြတဲ့ အချိန်မှာ ဗိုလ်ရွှေမန်းသား အောင်သက်မန်းလို၊ ခမီးခမက် ဦးခင်ရွှေလို တခြား ဗိုလ်ချုပ်တွေရဲ့ မိသားစုဝင်တွေလည်း ချမ်းသာချင်ကြမှာ အမှန်ပါပဲ။ စစ်အုပ်စု ထိပ်သီးတွေအနေနဲ့ ကိုယ့်သားသမီးကို ဆင်စီးလို့ မြင်းရံတာ မြင်နိုင်တဲ့ အခွင့်အရေးတွေ ဝေဆာနေတဲ့ကာလ ဖြစ်ပါတယ်။ ဒီတော့ တောင်ကျရေ ဘယ်လောက်ပဲ များပါစေ သူတို့တတွေ သောက်လို့ မဝနိုင်ဘူး ဖြစ်လာပါတော့တယ်။

ဒါတွေနဲ့ တဆက်ထဲမှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို ထောက်ခံသူ လျော့နည်းစေဖို့၊ ကြံ့ဖွတ်မဲ ပိုရဖို့၊ စစ်တပ်အုပ်ချုပ်မှု သြဇာတက်စေဖို့ စတာတွေအတွက် ကိုယ့်ပြည်တွင်းမှာ အမျိုးမျိုးသော မငြိမ်မသက်မှုတွေ ပေါ်ပေါက်အောင် ဖန်တီးနေရတော့ လူထု ဆန့်ကျင်မှု များလာတဲ့အခါမှာ သူတို့ချင်း အပြန်အလှန် လက်ညှိုးထိုးတာတွေ ပိုဖြစ်လာခဲ့ပါတယ်။ သူတို့ ဒီနေ့လုပ်နေတဲ့ နိုင်ငံရေးမှာ သူတို့ကို မီဒီယာမှာ ဝေဖန်တာ၊ ဆန့်ကျင်တာ လုပ်နိုင်တယ်၊ ဒါပေမဲ့ အတိုက်အခံတော့ မလုပ်နဲ့ ဆိုတာ ဖြစ်ပါတယ်။ ဆိုလိုတာ အုံနဲ့ကျင်းနဲ့ လူထုကို စည်းရုံးပြီး ဆန့်ကျင်တာမျိုးတော့ မလုပ်နဲ့ ဆိုတာပါပဲ။ သူတို့ရဲ့ဒဏ်ကို အဆိုးဝါးဆုံး ခံရသူတွေလည်း ဖြစ်၊ သူတို့ကို အပြတ်သားဆုံး ဆန့်ကျင်သူလည်းဖြစ်တဲ့ လူထုကို သူတို့ အကြောက်ဆုံး ဖြစ်တာဟာ မဆန်းပါဘူး။ လွှတ်တော်ထဲမှာ သူတို့ကို ဝေဖန်တာ၊ ဖေ့စ်ဘုတ်မှာ သူတို့ကိုဆဲတာ သူတို့အဖို့ အရေးမဟုတ်ပါဘူး။ ဒါပေမဲ့ လူထုနဲ့ ဆန္ဒပြရင်တော့ ဝရမ်းထုတ်တယ်၊ ဖမ်းတယ်၊ နှိပ်စက်တယ် မဟုတ်ပါလား။

ဒီနေ့အခါမှာ နိုင်ငံရေးသမားတွေရော စစ်အစိုးရပါ အမျိုးသား ပြန်လည် ရင်ကြားစေ့ရေးတို့၊ အပြောင်းအလဲတို့ဆိုတဲ့စကားတွေကို ပြောနေကြပေမယ့် တကယ်အသေအချာ ပြန်စဉ်းစားကြည့်ရင် စစ်အုပ်စုတွင်းမှာလည်း တန်ဆောင်းစေးနဲ့ မျက်ချေးအဆင့် မရောက်ရုံတမယ်ဖြစ်နေတဲ့ အုပ်စုတွေ ရှိသလို အရင်က အတိုက်အခံဆိုသူရော၊ လက်နက်ကိုင် အဖွဲ့အစည်းတွေ တခုနဲ့တခု အကြားမှာပါ အရင်လို ညီညွတ်သွေးစည်းမှု မရှိဘူးဆိုတာ ဝန်ခံကြရမှာပါ။ ဒီကြားထဲမှာ စစ်အစိုးရ ဖန်တီးဖော်ထုတ်လိုက်တဲ့ လူမျိုးရေး၊ ဘာသာရေး ပြဿနာတွေကြောင့် တချို့သော ပြည်သူလူထုအကြားမှာလည်း အာဃာတတွေ ပေါ်ပေါက်နေပါတယ်။

ဒီလိုအခြေအနေမှာ အမေရိကန်နဲ့ တခြားအနောက်နိုင်ငံတွေ ပါလာပြီဆိုရင် နိုင်ငံရေးလောကဟာ ပိုရှုပ်ထွေး၊ ပိုပွဲကြမ်းလာစရာ ရှိပါတယ်။ ဒီနေ့ အာရှတိုက်အလယ်ပိုင်း၊ မြောက်အာဖရိကတို့မှာ ဖြစ်နေတာတွေကိုပဲ ကြည့်ပါ။ သူဝင်လိုက်တိုင်း ပွဲဆူတာ ချည့်ပဲ မဟုတ်ပါလား။ အရင်တုန်းကလည်း ထိုင်း၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ လက်တင်အမေရိက စတာတွေမှာ တခြိမ်းခြိမ်းဖြစ်ခဲ့တဲ့ အာဏာသိမ်းပွဲတွေမှာ အမေရိကန် စီအိုင်အေရဲ့ ခြေရာလက်ရာတွေ ပါတယ်ဆိုတာ ကမ္ဘာသိ ဖြစ်ပါတယ်။ အခုကိုပဲ အိမ်ဖြူတော်ထဲကလူတွေ ဗမာပြည်မှာ ဖြစ်နေတာတွေကိုကြည့်ရင်း ဒူးနှန့်ပြီး ပြုံးနေကြမလား မသိပါဘူး။

သေချာတာကတော့ ဒီနေ့ဗမာပြည်မှာ ဖြစ်နေတာတွေကိုကြည့်ပြီး ကာလုံအဖွဲ့ကလူတွေ ဒူးနှန့်ပြုံးနေမယ်ဆိုတာပါပဲ။ သူတို့အနေနဲ့ ရွေးကောက်ပွဲ အတွက်လည်း စိတ်ပူစရာမလို၊ အတိုက်အခံတွေကိုလည်း မှုစရာမလို၊ သူတို့ရဲ့အာဏာထက် အစွမ်းထက်တာ မရှိသလို၊ အာမခံချက် ရှိတာလည်း ဘယ်မှာမှ မရှိဘူးကိုး။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ရှိနေသရွေ့ပေ့ါလေ။

# စစ်တပိုင်းအစိုးရ လုပ်ဆောင်နေတဲ့ ဗမာပြည်စီးပွားရေး အပြောင်းအလဲအပေါ် သုံးသပ်ချက်

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး (၃၁ ဇန်နဝါရီ ၂၀၁၁ – ၃၀ မတ် ၂၀၁၁) အပြီး နာဂစ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုခဲ့တဲ့ ၂၀၀၈ စစ်တပိုင်းဖွဲ့စည်းအုပ်ချုပ်ပုံ အတည်ဖြစ်လာတယ်။

၂၀၁၁ – ၁၂ ဘတ်ဂျက်ကို မာရှယ်လောနဲ့ ပြဌာန်းတယ်။ အသုံးစရိတ် ကျပ် ၆.၃ ဘီလီယံကျော် (သန်းထောင်ပေါင်း) ဖြစ်ပြီး ကာကွယ်ရေး ၂၃.၆%၊ ပညာကျန်းမာ ၅.၄% လို့ ဆိုတယ်။ ကြွေးမြီ၊ လှည့်လည်သုံးစွဲငွေပမာဏ၊ အရန်ငွေမာ၊ အခွန်ရရှိမှု စတာတွေ မသိရှိရဘူး။ နဝတ – နအဖ စစ်အစိုးရလက်ထက် သယံဇာတတွေ ထုတ်ရောင်းခဲ့လို့ ရရှိတဲ့ဝင်ငွေ၊ ပြည်သူပိုင်ပစ္စည်းတွေ ပုဂ္ဂလိကပိုင်ပြု လေလံတင်ရောင်းချရငွေတွေ၊ တလျှောက်လုံး ကြွားဝါလာခဲ့တဲ့ နိုင်ငံတော်အဆင့် စီမံကိန်းကြီးတွေ ဘယ်ကိန်းဆိုက်နေသလဲ ရှင်းမပြဘူး။ ၂၃ နှစ် (၁၉၈၈ – ၂၀၁၁) ထင်တိုင်းကြဲခဲ့တဲ့ တိုင်းပြည်ရဲ့ ဘဏ္ဍာစီးပွား အခြေအနေအရပ်ရပ်ကို စာရင်းမရှင်းနိုင်ဘူး။

၂၀၁၂ – ၁၃ ဘတ်ဂျက် (စစ်တပိုင်းအစိုးရ ဒုတိယနှစ်) လွှတ်တော်မှာ ဆွေးနွေးတော့ အသုံးစရိတ် ခွဲဝေမှုနဲ့ ပတ်သက်လို့ ဝန်ကြီးတွေ ပြေလည်အောင် မဖြေရှင်းနိုင်ကြဘူး။ ဒါတောင် စေ့စေ့စပ်စပ် မေးတာစစ်တာ မဟုတ်သေးဘူး။ အရှုံးပေါ်နေတဲ့ အစိုးရပိုင်စီးပွားရေးများကို ကိုယ့်ဘာသာရန်ပုံငွေရှာ လည်ပတ်ခိုင်းပြီး ဘတ်ဂျက်အပြည့် ချမပေးတော့ဘူး။ သမ္မတက ဖွဲ့စည်းပေးတဲ့ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် (၅ စက်တင်ဘာ ၂၀၁၁) ကလည်း ၂၀၁၁ မတိုင်ခင်က အမှုတွေကို မကိုင်တွယ်နိုင်ဘူး။ လွှတ်တော်ကလည်း ကော်မရှင်ကို ဘတ်ဂျက်ချမပေးဘူး။ စာရင်းစစ်ချုပ်ကလည်း သမ္မတနဲ့လွှတ်တော်ကြား ဘယ်သူ့ကို အစီရင်ခံရမလဲ မကွဲဘူး။ လွှတ်တော်ရေးရာကော်မတီတွေဟာ ပြည်ထောင်စုအဆင့် ဖြစ်မဖြစ် လွှတ်တော်နဲ့ သမ္မတကြား တိုးတိုက်မှုတွေဖြစ်ပွားပြီး ဖွဲ့စည်းပုံခုံရုံး ဥက္ကဌနှင့်တဖွဲ့လုံး နုတ်ထွက်သွားတယ်။ ဝန်ကြီးဌာနတချို့ ပေါင်းတာ ပြင်တာ ဖျက်တာ လုပ်တယ်။ ဒုသမ္မတ၊ စာရင်းစစ်ချုပ်၊ ဝန်ကြီး၊ ဒုဝန်ကြီးနဲ့ အရာရှိကြီးတချို့ အပြောင်းအလဲလုပ်တယ်။ ပြုတ်တဲ့သူပြုတ်တယ်။ ငွေစာရင်းတွေ ဘယ်လိုရှင်းကြသလဲတော့ မသိဘူး။ ၂၀၀၈ ဖွဲ့စည်းပုံ ပုဒ်မ (၄၄၅) နဝတ – နအဖ လက်ထက် ဆောင်ရွက်ချက်များ တာဝန်များနှင့် ရပိုင်ခွင့်များအပေါ် အကြောင်းပြုလျက် တရားစွဲဆိုခြင်း အရေးယူခြင်းမရှိစေရ ဆိုတဲ့အတိုင်း ကြည်စေအေးစေ လုပ်လိုက်ပုံ ရပါတယ်။ ဒီအပြောင်းအလဲတွေနဲ့အတူ သမ္မတကြီးနဲ့ လွှတ်တော်ဥက္ကဌကြီး တို့ဟာ ပြုပြင်ရေးသမားတွေဖြစ်တယ်။ အပျော့အမာ ဂိုဏ်းကွဲပြီဆိုတဲ့ သုံးသပ်ချက်တွေ၊ ထင်မြင်ချက်တွေ ထွက်ပေါ်လာတယ်။

သမ္မတနဲ့လွှတ်တော်က ဆေးမြီးတို ပြုပြင်ပြောင်းလဲရေး ဆိုတာတွေ လုပ်တယ်။ ဆင်းရဲမှုပပျောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး ဆီမီနာတွေလုပ်တာ၊ ပင်စင်နဲ့ဝန်ထမ်းလစာတွေ တိုးပေးတာ၊ ပို့ကုန်အခွန် (ကုန်သွယ်ခွန်–ဝင်ငွေခွန်) နဲ့ ဘဏ်တိုးနှုန်းတွေ လျှော့တာ၊ ပို့ကုန်သွင်းကုန် လိုင်စင်ဖြေလျှော့မှု လုပ်တာ၊ မော်တော်ယာဉ်တင်သွင်းခွင့် ဖြေလျှော့ပေးတာ၊ ပြည်ပရောက် ရွှေ့ပြောင်းလုပ်သားတွေအတွက် နိုင်ငံကူးလက်မှတ် လွယ်အောင်လုပ်ပေးပြီး အခွန်မကောက်တော့တာ၊ ပုဂ္ဂလိကဘဏ်အချို့

ကို ဟွန်ဒီ (တရားမဝင်ငွေလွှဲမှု) အစားထိုး နိုင်ငံခြားငွေလွှဲခွင့်ပြုတာ စသဖြင့်ဖြစ်တယ်။ တဖက်ကလည်း ရေ၊ မီး၊ ရထား၊ ဂိတ်ကြေး၊ ဓာတ်ဆီ၊ ချောစာ၊ တံဆိပ်ခေါင်းခွန်၊ အမှိုက်ခွန်စတဲ့ ဝန်ဆောင်မှုအခွန်အခတွေ တိုးကောက်လာတယ်။ လယ်ယာမြေနဲ့အိမ်ခြံမြေ ပုဂ္ဂလိကပိုင်ပြု အခမ့သိမ်းမှုတွေ တိုးလုပ်လာတယ်။ အိမ်ခြံမြေဈေးတွေ အဆမတန်မြင့်တက်ကုန်ပြီး စစ်ဗျူရိုကရက်တွေနဲ့ အမြီးစားဖက်ခေါင်းစားဖက်တွေ ကြွယ်ဝမှုကိုတိုးချဲ့လာကြတယ်။ သို့သော် ကုန်ဈေးနှုန်းကြီးမြင့်မှု ငွေကြေး ဖောင်းပွမှု ဝင်ငွေမညီမျှမှု ဆင်းရဲတွင်းနက်မှု ငွေလဲနှုန်းမတည်ငြိမ်မှု အလုပ်လက်မဲ့ကြီးထွားမှုစတဲ့ မွေးရာပါရောဂါတွေ မပျောက်သေးဘူး။

(နှစ်)

၂၀၁၂ –၁၃ (ဒုတိယဘဏ္ဍာနှစ်) ဘတ်ဂျက် (ခန့်မှန်း) အရ၊ အသုံးစရိတ် ကျပ် ၁၃ ဘီလီယံကျော် (သန်းထောင်ပေါင်း)၊ ရငွေ ကျပ် ၁၀.၅ ဘီလီယံကျော်၊ လိုငွေ ၁၉% ကျော် ဖြစ်တယ်လို့ဆိုတယ်။ ယခုနှစ်မှာ ငွေလဲနှုန်းကို တဒေါ်လာ ၈၀၀ ကျပ်ဖြင့် တွက်တယ်၊ မနှစ်က ၅.၄ ကျပ်ဖြင့် တွက်တယ်လို့ ဆိုတယ်။

ဘဏ္ဍာအခွန်ဝန်ကြီး ဦးလှထွန်းက ပြည်ပကြွေးမြီကို အောက်ပါအတိုင်း ရှင်းပြတယ်။

| | |
|---|---|
| ၈၈ မတိုင်မီ | ၈၄၀၈.၁၄၈ (ဂျပန်ကအများဆုံး ၆၃၈၈.၃၂၀) |
| ၈၈ နောက်ပိုင်း | ၂၆၁၄.၉၅၀ (တရုတ်ကအများဆုံး ၂၃၃၀.၇၄၄) |
| စုစုပေါင်းပြည်ပကြွေး | ၁၁၀၂၃.၂၉၈ (အမေရိကန်ဒေါ်လာ သန်းပေါင်း) |
| နိုင်ငံခြားရန်ပုံငွေလက်ကျန် | ၇၁၉၆.၄၅၄ (အမေရိကန်ဒေါ်လာ သန်းပေါင်း) |

ကြွေးဝန်ထုပ်ပြဿနာရှင်းဖို့၊ ငွေလဲနှုန်းအမျိုးမျိုး (တရားဝင်လဲနှုန်းကတမျိုး၊ FEC လဲနှုန်းကတဖုံ၊ Export earning ကတနည်း၊ ပြင်ပပေါက်ဈေးကတခြား) ဖြစ်နေတာကို ဖြေရှင်းဖို့နဲ့ တည်ငြိမ်တဲ့ငွေလဲနှုန်းဖြစ်ဖို့၊ အလုပ်ဖြစ်မယ့် စာရင်းဇယားတွေ ရဖို့၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF ထံ နည်းပညာအကူအညီ တောင်းခံရပါတော့တယ်။ ဒီနေရာမှာ ကြားဖြတ်တင်ပြလိုတာက ဘတ်ဂျက်အသုံးစရိတ် တွက်ချက်ရာမှာ ငွေလဲနှုန်းက တသီးတခြား ဖြစ်နေတာပါ။ တရားဝင်ငွေလဲနှုန်းက တဒေါ်လာ ၈.၆ ကျပ် လို့ ဆိုသော်လည်း ဘတ်ဂျက်မှာ ၅ ကျပ်ကျော်နဲ့သာ တလျှောက်လုံး တွက်တာတွေ့ရတယ်။ တဖက်ကလည်း Sanctions ပိတ်ဆို့မှု ပြေလည်စေရေးအတွက် US - EU စတဲ့ အနောက်အုပ်စုနဲ့ မျက်နှာချိုသွေး သံခင်းတမန်ခင်း လှုပ်ရှားမှုများ လုပ်တယ်။

IMF နဲ့ မြန်မာ တာဝန်ရှိသူများ တနှစ်ကြာ သုံးသပ်စစ်ဆေးမှုများအပြီး မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုနဲ့ ပတ်သက်တဲ့ ကြီးကြပ်မှုအစီရင်ခံစာ Staff-Monitored Program (SMP) . Jan 2013 IMF Country Report ထွက်ပေါ်လာတယ်။ ဒီအစီရင်ခံစာဟာ နဝတ – နအဖ စစ်အစိုးရ (၂၃ နှစ်) အရှုပ်ထုပ်ကို ရှင်းထုတ်ပြီး၊ နီယိုလစ်ဘရယ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် ချမှတ်ခြင်းပဲ ဖြစ်ပါတယ်။ ဒီနောက် စီးပွားရေးနဲ့ဘဏ္ဍာရေး နားလည်မှုစာလွှာ Memor - andum of Economic and Financial Policies ၊ အတတ်ပညာ နားလည်မှုစာလွှာ Technical Memorandum of Understanding တို့ကို IMF နဲ့ လက်မှတ်ရေးထိုးတယ်။ အချုပ်အားဖြင့် အောက်ပါလုပ်ငန်းစဉ်များ ပါဝင်တယ်။

(က) ငွေလဲနှုန်းတည်ငြိမ်ရေးနဲ့ ပြုပြင်ပြောင်းလဲရေး။

၁ ဧပြီ ၂၀၁၂ ဘဏ္ဍာနှစ်အစမှ စ၍ ကြီးကြပ်ပေါက်ဈေး managed float စနစ်ကိုကျင့်သုံး၊ FEC ပြန်ရုပ်သိမ်း၊ တရားဝင်ဒေါ်လာ ကိုင်ဆောင်ခွင့်ပြု၊ ပုဂ္ဂလိကဘဏ်များကို အစိုးရဘဏ်များနှင့်တန်းတူ လွတ်လပ်စွာ နိုင်ငံခြားငွေလွှဲခွင့်ပြု၊ ပုဂ္ဂလိကနဲ့အစိုးရ တန်းတူပြိုင်ဆိုင်နိုင်ရေး လုပ်ဆောင်။

(ခ) ငွေကြေးပေါ်လစီ။

မြန်မာ့ဗဟိုဘဏ် MCB ကို ကိုယ်ပိုင်အုပ်ချုပ်ရေး ပိုပေးဖို့ ဗဟိုဘဏ်ဥပဒေပြဌာန်း၊ ယခင်ကကျင့်သုံးတဲ့ ဘတ်ဂျက်လိုငွေအပေါ် မူတည်ပြီး ငွေကြေးပေါ်လစီ ချမှတ်မှု (လိုငွေဖြည့်ဖို့ ငွေစက္ကူရိုက် ငွေတိုက်စာချုပ်ရောင်း အတိုးနှုန်း သတ်မှတ် စသည်) အဆုံးသတ်၊ နိုင်ငံခြားအရန်ငွေ စုဆောင်းပြီး ငွေကြေးခန့်ခွဲမှုနဲ့ ဘဏ်တိုးနှုန်းကိုဆုံးဖြတ် (IMF ထံမှ အတတ်ပညာ အကူအညီယူ)၊ ငွေဖောင်းပွမှုထိန်းချုပ်ဖို့ ငွေဈေးတည်ငြိမ်ဖို့လုပ်ဆောင်၊ ဘဏ်အချင်းချင်း ဆက်သွယ်မှု ဈေးကွက်ဖွင့်၊ ဈေးကွက်အခြေခံ ငွေကြေးစနစ် ပြည့်ဝစွာဖော်ဆောင်။ (ဒါပေမဲ့ လောလောဆယ်မှာ ဘတ်ဂျက်လိုငွေပြမှုက ဗဟိုဘဏ်အတိုးနှုန်းကို မထိန်းနိုင်သေးဘူး၊ အရန်ငွေ ပြောပလောက်အောင် မရှိသေးဘူး၊ ကျပ်ငွေမငြိမ်သေးဘူး)။

(ဂ) ဘဏ္ဍာရေးပေါ်လစီ။

နိုင်ငံခြား ငွေလွှဲပြောင်းမှုနှင့် ပုဂ္ဂလိကဘဏ်များ၏ မတည်အရင်းအနှီးကို နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း ဖြစ်ရေး (နိုင်ငံတကာ ဘဏ္ဍာအရင်းဈေးကွက်အတွက် တံခါးကျယ်ကျယ်ဖွင့်ပေးဖို့) အဆောက်အအုံ ပြုပြင်ပြောင်းလဲရေး Structrual Reforms လုပ်ဖို့၊ ပုဂ္ဂလိကကဏ္ဍ ဦးဆောင်တဲ့ဗျူဟာ ချမှတ်ဖို့၊ ကုန်သွယ်ရေးနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI အတား အဆီးများ ဖယ်ရှားဖို့။ အသစ်ပြဌာန်းလိုက်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြားအရင်းအနှီး ၈၀% ပြည်တွင်း ၂၀% လို့ ပြင်တယ်။ ပြည်ပငွေလွှဲပြောင်းမှု ငွေပေးငွေယူ ကန့်သတ်ချက်များ ဖယ်ရှားပေးတဲ့ A New Foreign Exchange Management Law ပြဌာန်း။ FDI အတွက် မြေလွတ်မြေရိုင်းဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေ၊ အသေးစားချေးငွေ ဥပဒေများ ပြဌာန်း။ ပုဂ္ဂလိကဘဏ်များမှ ချေးငွေအပေါ် အပေါင်ခံပစ္စည်း တန်ဖိုးဖြတ်မှု လျှော့ပေါ့ပေးခဲ့၊ မတည်ငွေအပေါ် အပ်ငွေအချိုး deposit-to-capital ratio နှင့် မတည်ငွေ ထပ်ဆောင်းမှု ဘဏ်ခွဲတိုးချဲ့မှုတို့အပေါ် ကန့်သတ်ချက်များ ဖယ်ရှားခဲ့။ ငွေကြေးဈေးကွက် ဖွံ့ဖြိုးစေရေးနဲ့ ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းပေးရေးအတွက် ငွေတိုက်စာချုပ် အာမခံစာချုပ် စတော့ ရှယ်ယာများ ရောင်းဝယ်ပေါင်နှံနိုင်ရေး Stock Exchange ထူထောင်၊ အာဆီယံဈေးကွက်နဲ့ ချိတ်ဆက် (ဂျပန် – ဒိုင်ဝါ ငွေကြေးအဖွဲ့အစည်းနဲ့ ၂၀၁၅ မှာ အကြီးအကျယ် ပြောင်းလဲမှုလုပ်ဖို့စီစဉ်နေ)။ (ရေရှည်မှာ ပြည်တွင်းပုဂ္ဂလိကဘဏ်များကို နိုင်ငံခြားအရင်းအနှီးများ ခွင့်ပြုဖို့၊ နိုင်ငံခြားဘဏ်ခွဲများ ဖွင့်ခွင့်ပြုဖို့ ပဏာမခြေလှမ်း ဖြစ်တယ်)။ ဒီလိုနဲ့ နိုင်ငံခြားအရင်းအနှီးတွေ လှိမ့်ဝင်လာပြီး ကျားဖြစ်လာမယ်လို့ တွက်တယ်။

(ဃ) အခွန်ဘဏ္ဍာပေါ်လစီ။

ဘတ်ဂျက်လိုငွေ လျှော့ချနိုင်ဖို့ အခွန်ငွေတစစတိုးဖို့အတွက် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ကောင်းအောင်လုပ် (ဆင်းရဲမှုလျှော့ချ စိုက်ပျိုးရေးအပါအဝင်ဘက်စုံဖွံ့ဖြိုး ရေရှည်ခံ ကမ္ဘာ့စီးပွားရေးနဲ့ပြန်လည်ပေါင်းစည်း စသည်)။ လူမှု အသုံးစရိတ် ပညာကျန်းမာစသည် ဘတ်ဂျက်တိုး။ အခွန်ဥပဒေ ပြန်လည်ရေးဆွဲ (လောလောဆယ် အခွန်ရှောင် အခွန် ကင်းလွတ် အခွန်လိမ် တရားမဝင်အခွန် အကျင့်ပျက်ခြစား ကြီးထွားနေ)။ တပြည်လုံးဆိုင်ရာ စီးပွားရေး စီမံခန့်ခွဲမှုတွင် (မေခရိုစီးပွားရေးဆိုင်ရာ ပေါ်လစီချမှတ်မှုနဲ့ အကောင်အထည်ဖော်မှုအတွက်) ကမ္ဘာ့ဘဏ် အာရှဖွံ့ဖြိုးရေးဘဏ်နဲ့ IMF တို့မှ စွမ်းရည်တည်ဆောက်မှုနဲ့ နည်းပညာကျွမ်းကျင်မှု အကူအညီယူ၊ မေခရိုစီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ Institutions ကိရိယာတန်ဆာပလာများ Instruments တည်ဆောက်။

(င) ကြွေးမြီဝန်ထုပ်။

IMF – မြန်မာ Staff-Monitored Program (SMP) အစီရင်ခံစာ ဇယား (၅) နှစ်လတ်စီမံကိန်း မှာ ယခုလိုဖော်ပြတယ်။ (လိုရင်းကောက်နုတ် ဖော်ပြလိုက်ပါတယ်)

(မှတ်ချက်။ ၂၀၁၂–၁၃ မတိုင်မီက ငွေလဲနှုန်းကို တရားဝင်နဲ့ ပြင်ပပေါက်ဈေးအကြား ချိန်ဆလဲနှုန်း Weighted Exchange Rate (အရေးပါတဲ့လဲနှုန်းကို အလေးပေးတွက်) ဖြင့်တွက်တယ်)

| (ဒေါ်လာ သန်းပေါင်း) | ၂၀၁၁–၁၂ | ၂၀၁၂–၁၃ | ၂၀၁၃–၁၄ | ၂၀၁၄–၁၅ |
|---|---|---|---|---|
| ပြည်ပကြွေးမြီပေါင်း | ၁၄၆၃၂ | ၁၂၂၅၁ | ၁၁၂၃၀ | ၁၂၆၆၆ |
| (GDP တွင်ပါဝင်မှု %) | ၂၈.၄ | ၂၃.၁ | ၁၉.၆ | ၂၀.၄ |
| ဆပ်ချိန်ရောက် ပြည်ပကြွေး arrears | ၁၀၅၉၂ | ၂၃၇၂ | ၀ | ၀ |
| အရန်ငွေ Gross official reserves | ၃၈၁၈ | ၅၀၇၁ | ၅၆၉၇ | ၆၁၃၅ |
| (သွင်းကုန် လပေါင်း) | ၃.၃ | ၄ | ၃.၉ | ၃.၈ |
| GDP%(လျာထား) | ၅.၅% | ၆.၃% | ၆.၅ % | ၆.၆% |
| ငွေကြေးဖောင်းပွမှု (စားသုံးသူဈေးနှုန်း အညွှန်းကိန်း CPI အရ၊ ဘဏ္ဍာနှစ်ကုန်) | ၅.၀% | ၆.၅% | ၅.၃% | ၅.၀% |
| SMP ဇယား ၁ နှင့် ၃ အရ GDP (ကျပ်သန်းထောင်ပေါင်း) | ၃၉၇၁၉ | ၄၄၇၉၇ | ၅၀၃၁၅ | – |
| GDP (ဒေါ်လာသန်းထောင်ပေါင်း) | ၅၁.၄၄၄ | ၅၃.၁၄၀ | – | – |

အထက်မှာ ဘဏ္ဍာအခွန်ဝန်ကြီး တင်ပြတဲ့ ကြွေးမြီပေါင်းနှင့် အရန်ငွေပမာဏဟာ SMP အစီရင်ခံစာနဲ့ ကွဲလွဲနေတယ်။ ကြွေးမြီပမာဏ ကွာခြားမှုက ငွေလဲနှုန်းကွာခြားမှုကြောင့်လည်းကောင်း တွက်နည်းကွာခြားမှုကြောင့်လည်းကောင်း ကွဲလွဲတာလို့ ယူဆရတယ်။ ဂျပန်က ကြွေးဟောင်းလျှော် ကြွေးသစ်ချေးပေးလို့ ၂၀၁၃–၁၄ ကစလို့ ကြွေးပူ arrears သုည ဖြစ်သွားတယ်။ ဒါပေမဲ့ ကြွေးသစ်ထပ်ယူမှာဖြစ်တဲ့အတွက် ကြွေးမြီပမာဏက လျော့သွားမှာ မဟုတ်ဘူး (ဒီအကြောင်း နောက်ပိုင်းမှာ တင်ပြပါမယ်)။

အရေးကြီးတဲ့အချက်က နိုင်ငံခြားအရန်ငွေကိစ္စဖြစ်တယ်။ SMP အစီရင်ခံစာအရ ‘နိုင်ငံခြားအရန်ငွေ ဆိုရာမှာ ဗဟိုဘဏ်လက်ဝယ်ရှိငွေနှင့် အစိုးရဘဏ်များမှ ပြည်ပဘဏ်များတွင် အပ်နှံထားသောငွေများလည်း ပါဝင်တယ်။ ပိုင်ဆိုင်မှု (အစိုးရ –ပုဂ္ဂလိက) အသေးစိတ်စာရင်း မဖော်ပြမိ ပြည်ပဘဏ်များတွင် အပ်နှံထားသော ငွေအားလုံးကို နိုင်ငံခြားအရန်ငွေအဖြစ် လုံးပြီးဖော်ပြထားတယ်’ လို့ အောက်ခြေမှတ်ချက်မှာ ဖော်ပြထားတယ်။ စာရင်းရှင်းတော့ ပြည်ပဘဏ်များမှာ အပ်ထားတဲ့ငွေ တချို့တဝက် စာရင်းပျောက်သွားတယ်။

ဘတ်ဂျက်လိုငွေဖြည့်ဖို့ ငွေစက္ကူထပ်ရိုက်မှု ထိန်းချုပ်လိုက်တဲ့အတွက် ငွေဖောင်းပွမှုကို တစုံတရာ ထိန်းချုပ်နိုင်သော်လည်း အခွန်ရရှိမှုက (အခွန်ရှောင် အခွန်ကင်းလွတ် အကျင့်ပျက်ခြစားကြောင့်) အာဆီယံနိုင်ငံ အားလုံးထဲမှာ အနည်းဆုံးပဲ။ IMF သုံးသပ်မှုအရ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခွန်ဘဏ္ဍာရရှိမှုဟာ ပျမ်းမျှအားဖြင့် GDP ရဲ့ ၁၈% ရှိသော်လည်း မြန်မာပြည်က ၃%အောက်ပဲ ရှိတယ်။ ဒါကြောင့် လိုငွေဖြည့်ဖို့ ငွေထပ်ချေးရတယ်။

(သုံး)

မြန်မာပြည်စီးပွားရေး အလားအလာကို သုံးသပ်ရာမှာ အားကောင်းချက်တွေကိုသာကြည့်ပြီး စိတ်ကူးယဉ်မနေဘဲ အန္တရာယ်ကိုလည်း မြင်ဖို့လိုပါတယ်။

အားကောင်းချက်တွေက တိုင်းပြည်အတော်အတန်ကြီး လူငယ်လုပ်အားပေါ သယံဇာတကြွယ် အချက်အချာကျ (တရုတ် အိန္ဒိယ အာဆီယံ အကြား အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ရှိ) အာရှကျားများနည်းတူ အသွင်ကူးပြောင်းပြီး ကျားအသစ်ဖြစ်လာနိုင်ဟု ဆိုတယ်။ အားကောင်းချက်ဆိုတာကလည်း ထိထိရောက်ရောက် အသုံးချနိုင်မှ အားဖြစ်မှာ ဖြစ်တယ်။ အသုံးမချနိုင်ရင် အားလည်းမဖြစ် ကျားလည်းမဖြစ် နွားဖြစ်သွားလိမ့်မယ်။

အားနည်းချက်တွေက လူဦးရေသန်း ၆၀ အနက် ၂၆%(၁၅ သန်းကျော်)ဟာ ဆင်းရဲတွင်းနက်၊ လူ့စွမ်းအားနိမ့်ကျ (ပညာ၊ ကျန်းမာ စသည်)၊ အခြေခံအဆောက်အအုံ မပြည့်စုံ (လမ်း၊ ရေ၊ မီး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး စသည်)၊ စိုက်ပျိုးရေး နိမ့်ကျ၊ စက်မှုမထွန်းကား၊ သယံဇာတအပေါ် မှီခိုနေသော စီးပွားရေးဖြစ်နေ။ ဒ့ါအပြင် ကမ္ဘာ့စီးပွားရေး မရေရာမှု၊ အရင်းရှင်စီးပွားရေး ကပ်ဆိုက်မှု၊ ကမ္ဘာ့ကုန်စည်ဈေးကွက် မတည်ငြိမ်မှု၊ ဘဏ္ဍာရေးဈေးကွက် သွေးလန့်မှု စတဲ့ Shocks မျိုးစုံရဲ့ဒဏ်ကို

(ဥပမာ စိုက်ပျိုးရေးထွက်ကုန်ဈေးကျ ရေနံဈေးတက် ငွေတန်ဖိုးမတည်ငြိမ် စသည်) ခံနိုင်ရည်အားနည်းမှုကြောင့် လုံခြုံမှုမရှိ။

ဒီ့အပြင် ပြည်တွင်းမှာ စစ်ရေး၊ နိုင်ငံရေး၊ လူမှုရေး တည်ငြိမ်မှု ရှိသေးတာမဟုတ်ဘူး။၂၀၀၈ ကို လူထုက ငြိမ်ပြီး လက်ခံနေတာ မဟုတ်ဘူး။ ၂၀၁၁ နှစ်ဆန်းကစလို့ စက်မှုဇုန်အလုပ်သမားသပိတ်တွေ၊ အဓမ္မလယ်ယာမြေသိမ်းဆည်းမှု ဆန့်ကျင်တဲ့ လယ်သမားတိုက်ပွဲတွေ၊ အိုးအိမ်ရွှေ့ပြောင်း နှင်ထုတ်ခံရတဲ့ မြို့နေဆင်းရဲသားတွေ ဈေးဆိုင်ပိုင်ရှင်ကလေးတွေရဲ့ ဆန္ဒပြမှုတွေ၊ ငြိမ်းချမ်းရေးတောင်းဆို ချီတက်ဆန္ဒပြမှုတွေ၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ရေမီးမမှန်မှု၊ လူမှုဘဝကျပ်တည်းမှု မျိုးစုံကို လူတန်းစား လူ့အလွှာအသီးသီးက သဏ္ဍာန်အမျိုးမျိုးနဲ့ ဆန္ဒပြထုတ်ဖော်တောင်းဆိုမှုတွေ နိုင်ငံအနှံ့ ခပ်စိပ်စိပ်ပေါ်ပေါက်လာတယ်။ မြစ်ဆုံနဲ့ လက်ပံတောင်းတိုက်ပွဲဟာ ထင်ရှားတယ်။ လက်ပံတောင်း၊ မလက်တို၊ နှစ်ကျပ်ခွဲရွာတို့မှာ အာဏာပိုင်များက အကြမ်းဖက်ဖြိုခွဲတယ်။

လူမျိုးစုဒေသတွေမှာ ပြည်တွင်းစစ်မီး ငြိမ်းသေးတာမဟုတ်ဘူး။ ကချင်နဲ့ရှမ်းမြောက်မှာ သေနတ်သံမတိတ်သေးဘူး။ ရခိုင်အရေးနဲ့ ကူးဆက်လာတဲ့ မိတ္ထီလာ–ပဲခူးအနောက်ခြမ်း–လားရှိုး စတဲ့ အဓိကရုဏ်းများရဲ့ အန္တရာယ်ကလည်း မသေးဘူး။

ဗမာပြည်ဟာ စစ်ဗျူရိုကရက် အရင်းရှင်စနစ်အောက်မှာ ကုန်ထုတ်စွမ်းအားစုတွေ (လုပ်အား၊ အတတ်ပညာ၊ စက်ကိရိယာ၊ လယ်ယာမြေ စသည်) လွတ်မြောက်သေးတာ မဟုတ်ဘူး။ ကုန်ထုတ်စွမ်းအားစုတွေ မလွတ်မြောက်ဘဲ ကုန်ထုတ်လုပ်ငန်း မဖွံ့ဖြိုး မတိုးတက်ဘူး။ နိုင်ငံတကာ ဘဏ္ဍာအရင်း အားကိုးနဲ့ ကျားဖြစ်ဖို့ စိတ်ကူးယဉ်နေတာဟာ တကယ်တော့ ဗမာပြည်ကို မှီခိုရေး(လက်ဝေခံ)အရင်းရှင် လမ်းကြောင်းကို ဆွဲခေါ်နေတာဖြစ်ပါတယ်။

ငြိမ်းချမ်းရေး အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီရေးအတွက် အသွင်ကူးပြောင်းရေးဖြစ်စဉ် ဆိုတဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို စစ်တပိုင်းအစိုးရက လုပ်လာတယ်။ ဒါလည်း IMF နဲ့ အနောက်နိုင်ငံများနဲ့ ညှိလုပ်တာပါ။ အဲဒါတွေ မရှိရင် FDI လည်း ဝင်ဖို့မလွယ်ဘူး စီးပွားရေးလည်း တည်ငြိမ်မှာမဟုတ်ဘူး။ အာရှပစိဖိတ်မဏ္ဍိုင် ဗျူဟာမှာ ဗမာပြည်ကို ဆွဲထည့်နိုင်မှာ မဟုတ်ဘူး။ ပိတ်ဆို့မှု Sanctions တွေလည်း ရုပ်လို့တင့်တယ်မှာ မဟုတ်ဘူး။ သမ္မတ ဦးသိန်းစိန်က Peace Building, Nation Building, State Building ကိစ္စသုံးရပ်စလုံးကို တပြိုင်တည်း လုပ်နေပါတယ်လို့ ပြောတယ်။

မီဒီယာလွတ်လပ်ခွင့်နဲ့ အသင်းအပင်းဖွဲ့ခွင့် ဆန္ဒပြခွင့် ဥပဒေတွေ လွှတ်တော်ကပြဌာန်းလာတယ်။ အင်တာနက်တွေ ဖွင့်ပေးတယ်။ လယ်ယာမြေဥပဒေနဲ့ မြေလွတ်မြေရိုင်းဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ရပ်ကျေးအုပ်ချုပ်ရေးဥပဒေ စတဲ့ အရေးကြီးဥပဒေတွေလည်း ခပ်သွက်သွက်ရေးဆွဲလာတယ်။ နိုင်ငံရေးအကျဉ်းသားတွေကို လက်လီစိပ်ပြီး လွှတ်ငြိမ်းသက်သာခွင့် ပေးလာတယ်။ ၈၈ နောက်ပိုင်း ပြည်ပရောက်တွေကို ဖိတ်ခေါ်တယ်။ လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ အပစ်အခတ်ရပ်ရေး တွေ့စုံဆွေးနွေးပွဲတွေ လုပ်တယ်။

မာရှယ်လောခေတ်က ဥပဒေမဲ့ ထင်သလိုလုပ်ခဲ့ရာက ယခုဥပဒေအရလုပ်တယ် Rule of Law ဆိုတဲ့စကား ကျယ်ကျယ်လောင်လောင် ပြောလာတယ်။ အဲဒီဥပဒေတွေ၊ နည်းဥပဒေတွေက ဘယ်လောက်အထိ ပြည်သူကိုအကျိုးပြုသလဲ၊ စစ်ဗျူရိုကရက်နဲ့ ခရိုနီတွေကို ဘယ်လိုအကာအကွယ် ပေးထားသလဲ၊ ဘယ်လိုသက်ရောက်မှုရှိနေသလဲ (၂၀၀၈ ဖွဲ့စည်းပုံက အခေါင်အချုပ်ပဲ) ဆိုတာကတော့ ဥပဒေပညာရှင်တွေ၊ လူမှုရေးသိပ္ပံပညာရှင်တွေ၊ လူ့စွမ်းအားမြှင့်တင်ရေး Capiticy Building အဖွဲ့အစည်းတွေ လူ့အခွင့်အရေးသမားတွေက ဆန်းစစ်ကြပါလိမ့်မယ်။ လက်တွေ့မှာတော့ (လက်ပံတောင်းလို၊ မလက်တိုလို) အာဏာပိုင်များက အကြမ်းဖက်တာကို Rule of Law လို့ပြောပြီး လူထုဘက်က (အကန့်အသတ်နဲ့) ပြန်လည်ခုခံတာကိုတော့ ရာဇဝတ်မှုနဲ့ အရေးယူနေတယ်။ လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ ဖွဲ့စည်းခွင့်၊ လှုပ်ရှားခွင့်တွေအတွက် ပါမစ်လျှောက်နေရပြီး အခြေခံလူတန်းစားတွေရဲ့ ဆန္ဒပြတောင်းဆိုမှုတွေကို ရာဇဝတ်မှုအဖြစ် အမှုကိုပုံဖော်တည်ဆောက်ကာ ပုဒ်ထီးပုဒ်မတွေ တပုံကြီးနဲ့ နှိပ်ကွပ်နေတယ်။ ရခိုင်အဓိကရုဏ်း၊ မိတ္ထီလာ၊ ပဲခူးတိုင်းအနောက်ခြမ်းနဲ့ လားရှိုးအဓိကရုဏ်းတွေမှာ ခရိုနီမာဖီးယားဂိုဏ်းတွေ သောင်းကျန်းနေတာ အာဏာပိုင်များက Rule of Law မလုပ်တာ တွေ့နေရတယ်။ စစ်တပ်က လိုအပ်သလို ပုဒ်မ ၁၄၄ နဲ့ Rule of Law လုပ်တယ်။ ကချင်စစ်ပွဲမှာ တိုက်လေယာဉ်တွေ၊ ဒုံးတွေနဲ့ ငြိမ်းချမ်းရေး

တည်ဆောက်တယ်။ စစ်တပိုင်းအစိုးရက သူတို့အကျိုးစီးပွားနဲ့ အခွင့်အာဏာကို မထိပါးတဲ့ ဂွင်ချကန့်သတ်ထားတဲ့ မူဘောင်တရပ်အောက်က 'စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ' ဆိုတာကို ပေးနေတာဖြစ်တယ်။ တံလျှပ်ကိုရေမထင်မိဖို့ လိုပါတယ်။

ယခုဆောင်းပါးမှာ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေးတွေ ဆွေးနွေးဖို့ မရည်ရွယ်ပါဘူး။ စီးပွားရေးကိစ္စ အဓိကထား တင်ပြမှာဖြစ်တဲ့အတွက် ဒီအကြောင်းတွေ ခဏထားလို့ စီးပွားရေးအပိုင်းကို ပြန်ကောက်ပါမယ်။

သမ္မတဦးသိန်းစိန် တိုင်းပြည်သို့မိန့်ခွန်း (၁၉–၆–၂၀၁၂) မှာ အမျိုးသားစီမံကိန်း ပဉ္စမကာလတို ၅ နှစ်စီမံကိန်း (၂၀၁၁–၁၂ မှ ၂၀၁၅–၁၆) အပြီး တဦးချင်းပျမ်းမျှဝင်ငွေ ၁.၇ ဆ (ဖြစ်နိုင်ရင် ၃ ဆ) တိုးဖို့၊ ဆင်းရဲမှုအောက် ၂၆% မှ ၁၆% သို့ လျှော့ချဖို့ ရည်မှန်းကြောင်း ပြောတယ်။ ဒီအတွက် နိုင်ငံတော်မှ အချိုးအစားများနေသော (ဆက်သွယ်ရေး၊ လျှပ်စစ်၊ စွမ်းအင်၊ သစ်တော၊ ပညာကျန်းမာ၊ ငွေရေးကြေးရေး စတဲ့) ကဏ္ဍများကို ပုဂ္ဂလိကသို့ တိုးမြှင့်ခွင့်ပြုသွားမှာဖြစ်ကြောင်း၊ ဒီအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI လက်ရှိထက်နှစ်ဆခန့် လိုအပ်ကြောင်းပြောတယ်။ IMF ရဲ့ SMP အစီရင်ခံစာအားကိုးနဲ့ပြောနေတာပါ။

၂၇ ဇန်နဝါရီ ၂၃ မိန့်ခွန်းမှာ သမ္မတဦးသိန်းစိန်က ကြွေးမြီအကြောင်းစပြောတယ်။ ပဲရစ်ကလပ် မြီရှင် ၁၁ နိုင်ငံမှ မြန်မာပြည်ပေါ် တင်ရှိနေသောကြွေးမြီ ဒေါ်လာ ၁၀.၃၂၇ ဘီလီယံ (သန်းထောင်ပေါင်း) မှ ၅၀%ကို လျှော်ပစ်ဖို့ သဘောတူကြောင်း၊ ဂျပန်က အများဆုံးဖြစ်ပြီး ဒေါ်လာ ၃.၅ ဘီလီယံ ကျန်မြီရှင်များက ဒေါ်လာ ၂.၅ ဘီလီယံ ဖြစ်ကြောင်း၊ နော်ဝေက ရရန်ရှိ ကြွေးအားလုံးဖြစ်တဲ့ ဒေါ်လာ ၅၄၃ သန်း လျှော်ပစ်ဖို့ သဘောတူကြောင်း၊ ကျန်နိုင်ငံများနှင့်လည်း ဆက်လက်ညှိနှိုင်းသွားမှာဖြစ်ကြောင်း ပြောတယ်။ ADB နှင့် WB သို့ ဆပ်ရန်ရှိကြွေးမြီ ဒေါ်လာ ၁ ဘီလီယံလောက်ကို (အထက်မှာဖော်ပြတဲ့ ဂျပန်ကလျှော်ပစ်တဲ့ ၃.၅ ဘီလီယံ ထဲမှာပါဝင်တယ်) ဂျပန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဘဏ် Bank for International Cooperation က ကြားဝင်ဆပ်ပေးမှာ ဖြစ်ကြောင်း၊ သို့ဖြင့် ADB , WB တို့ထံမှ ကြွေးသစ်ထပ်ချေးနိုင်မှာဖြစ်ကြောင်း ပြောတယ်။

(လေး)

ပဲရစ်ကလပ် Paris Club ဆိုတာ အလွတ်သဘောဖွဲ့ထားတဲ့ ဖွံ့ဖြိုးပြီး ၁၉ နိုင်ငံပါဝင်တဲ့ (အများစု OECD နိုင်ငံတွေ) မြီရှင်နိုင်ငံများအဖွဲ့ ဖြစ်တယ်။ G7/8 , IMF , UNCTAD , WB , OECD , ADB (ကဲ့သို့သော ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးဘဏ်များ) စတဲ့ နိုင်ငံတကာ အဖွဲ့အစည်းများလည်း ပါဝင်တယ်။ အမေရိကန်ဟာ အချက်အချာ အဖွဲ့ဝင်ဖြစ်ပြီး ကွန်ဂရက်က အရေးပါတဲ့အခန်းက ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတချို့ ကြွေးကပ်ဆိုက်လာတဲ့ ၁၉၈၀ နှစ်များ နဲ့ ၁၉၉၀ နှစ်များကစလို့ ဩဇာကြီးလာတယ်။ ကိစ္စတခုချင်းအလိုက်ဆုံးဖြတ် case-by-case ၊ မြီရှင်နိုင်ငံအားလုံးသဘောတူ၊ IMF စည်းကမ်းအတိုင်း၊ ပြန်လည်ညှိနှိုင်းမှုသစ်၊ မြီစားနိုင်ငံတနိုင်ငံချင်းသို့ အခွင့်အရေးပိုမပေးရ ဆိုတဲ့ မူ ၅ ချက်ကျင့်သုံးတယ်။ တင်ရှိကြွေးမြီ တွက်ချက်ရာမှာ အသားတင်လက်ရှိတန်ဖိုး Net Present Value (ပေါက်ဈေး) ဖြင့် တွက်တယ်။ စာရင်းအရ Face Value တွက်တာ မဟုတ်ဘူး။ တွက်ချက်ပုံ ရှုပ်ထွေးတယ်။ အစိုးရချင်းတင်တဲ့အကြွေး Inter-government debt နဲ့ ပို့ကုန်အကြွေး Export credit ဆိုပြီးနှစ်မျိုးခွဲတယ်။ ဖွံ့ဖြိုးမှုအထောက်အပံ့အကြွေး ODA debt နဲ့ ဖွံ့ဖြိုးမှုအထောက်အပံ့ မဟုတ်သောအကြွေး Non-ODA debt ဟုလည်းခွဲတယ်။ နှစ်ရှည်နဲ့ နှစ်လတ် ချေးငွေအကြွေးပဲ အကျုံးဝင်တယ်။ ပဲရစ်ကလပ်သဘောတူညီမှုဆိုတာ ဖြစ်စဉ်အစပြန်စခြင်းသာဖြစ်ပြီး တနိုင်ငံချင်းစီနှင့် နှစ်ဖက်သဘောတူညီချက် ပြန်ဆွဲရတယ်။

မြန်မာဘက်က လျှောက်လွှာတင်ပြ ရှင်းလင်းဖြေဆိုပြီးရင် အပြင်ထွက်နေရတယ်။ မြီရှင်များရဲ့ တံခါးပိတ်ဆွေးနွေးပွဲကို ထိုင်စောင့်နေရတယ်။ ဂျပန်က မြန်မာကိုယ်စား ပွဲစားလုပ်ပြီး လျှော့ပေါ့မှုတွေပိုရအောင် ဆွေးနွေးပေးတယ်။ အောင်စာရင်းထွက်လာမှပဲ မြန်မာစစ်ဗျူရိုကရက်တွေ ကြွားဝါနိုင်ပါတော့တယ်။

မြန်မာပြည်ရဲ့ မြီရှင်တွေကတော့ ADB - WB ဩစတြီးယား၊ ဘယ်လဂျီယံ၊ ဒိန်းမတ်၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ နယ်သာလန်၊ နော်ဝေ၊ ယူကေတို့ဖြစ်တယ်။ ဂျပန်ကြွေးက အများဆုံးပဲ။ ဒါကြောင့် ဂျပန်ကပွဲစားလုပ်ပြီး

US - EU တို့ထောက်ခံမှုနဲ့ IMF နီယိုလစ်ဘရယ် လုပ်ငန်းစဉ်အောက်မှာ မြန်မာပြည်စစ်ဗျူရိုကရက်များကို စီးပွားရေး– နိုင်ငံရေး တံခါးဖွင့်ပေးခြင်းပဲဖြစ်တယ်။ တဆက်ထဲမှာ US - EU တို့က ဒဏ်ခတ်ပိတ်ဆို့မှု Sanctions ရုပ်သိမ်းတာ၊ ဆိုင်းငံ့တာတွေကို တရစ်ချင်းစီ ဖြေလျှော့ပေးလာတယ်။

နှစ်ဖက်သဘောတူညီချက် Myanmar Debt Treatment. Jan 25 , 2013 အရ

| ၃၁ ဒီဇင်ဘာ ၂၀၁၂ | US ဒေါ်လာ သန်း |
|---|---|
| ပြည်ပကြွေးမြီပေါင်း | ၁၅၃၀၀ |
| ပဲရစ်ကလပ်သို့ တင်ရှိကြွေးမြီပေါင်း | ၁၀၃၂၇ |
| ကုစားကြွေးမြီပေါင်း Treated | ၉၈၆၈ |
| လျှော်ပစ် | ၅၅၅၆ |
| ပြန်လည်ညှိနှိုင်း | ၄၃၁၂ |

ပြန်လည်ညှိနှိုင်းကြွေးကျန်ကို ဆိုင်းငံ့ကာလ ၇ နှစ်အပါ ၁၅ နှစ်အတွင်း ပြန်ဆပ်၊ လျှော်ပစ်ကြွေးမြီကို ပထမအဆင့် ၁၂.၅% ဒုတိယအဆင့် ၃၇.၅% ဖြင့် နှစ်ဆင့်ခွဲ လျှော်ပစ်မည်ဖြစ်တယ်။

ဒီနေရာမှာ ကြွေးမြီပမာဏ ဖော်ပြမှုနဲ့ တွက်ချက်ပုံကွဲလွဲကြောင်း တင်ပြခဲ့ပြီးဖြစ်တယ်။ မဆလခေတ်က (၁၉၈၈ မတိုင်မီ) ဒေါ်လာ ၄ ဘီလီယံကျော် ပဲရှိတယ်။ ၁၉၈၇ မှာ ဖွံ့နိမ့် LDC လျှောက်ထားရပြီး ၈ လေးလုံးအရေးတော်ပုံကြီး ပေါက်ကွဲလာတယ်။ အခွန်ဘဏ္ဍာဝန်ကြီး လွှတ်တော်မှာ တင်ပြချက်အရ ၈၈ နောက်ပိုင်းကြွေးသစ်က ဒေါ်လာ ၂.၆၁ ဘီလီယံ ကျော် (တရုတ်ကအများဆုံး ၂.၁၃ ဘီလီယံကျော်) ဖြစ်တယ်လို့ ဆိုတယ်။ ယခုကြွေးဟောင်းကြွေးသစ်ပေါင်း (ပဲရစ်ကလပ် သက်သက်) ဒေါ်လာ ၁၀.၃၂ ဘီလီယံ ဖြစ်နေပြီဖြစ်တယ်။ ၂၃ နှစ် အတွင်း အတိုး၊ အချိန်လွန်ကြေး၊ ဟိုကြေးဒီကြေးများက ချေးငွေထက် ပိုများနေတယ်။

ကမ္ဘာပေါ်မှာ ၁၉၇၃ အရင်းရှင်စီးပွားရေးကပ်နှင့်အတူ အနောက်အုပ်စု ဘဏ္ဍာအရင်းကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ စတင် တင်ပို့လာတယ်။ ရေနံဒေါ်လာတွေ အနောက်တိုင်းဘဏ်ကြီးတွေမှာ ပုံလာလို့ဖြစ်တယ်။ ချေးငွေအမြောက်အမြားဟာ မမျှတတဲ့သဏ္ဍာန်နဲ့ ချေးရပြီး ပြန်ဆပ်ချိန်မှာ ပေါက်ဈေးနဲ့ပြန်ဆပ်ရတယ်။ ဒ့ါအပြင် အာဏာရှင်အစိုးရများရဲ့ အရည်အချင်းမဲ့မှု၊ အကျင့်ပျက်ချစားမှု၊ လက်နက်ဝယ်မှုများကြောင့် ကြွေးဝန်ထုပ်ပိလာတယ်။ ဘတ်ဂျက်လိုငွေဖြည့်ဖို့ အတိုးအရင်းပြန်ဆပ်ဖို့ နှစ်စဉ်ငွေထပ်ချေးနေရတယ်။ ကြာတော့ အတိုးပေးရတာက အရင်းထက်ပိုများလာတယ်။ ဒါကို အရင်းရေပြန်စီးမှုလို့ စီးပွားရေးပညာရှင်များက ခေါ်တယ်။

၁၉၈၀ နှစ်များ ၁၉၉၀ နှစ်များရောက်တော့ အရင်းရှင်စီးပွားရေးကပ်များနှင့်အတူ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကြွေးကပ် ပေါက်ကွဲတော့တာပဲ။ ကြွေးဝန်ပိဆင်းရဲနိုင်ငံများ Highly Indebted Poor Countries လို့ ခေါ်တယ်။ IMF ထံ အကူအညီတောင်းရပြီး ဘုရားသခင်ရဲ့ အလိုတော်အတိုင်း အထွတ်အမြတ်ပြုခြင်းခံရတဲ့ နိုင်ငံတကာ ဘဏ္ဍာအရင်း အတွက် ဈေးကွက်တခါး ကျယ်ကျယ်ဖွင့်ခိုင်းတဲ့ နီယိုလစ်ဘရယ်ဝါဒ ဆေးခါးကြီး သောက်ရပါတော့တယ်။ ယခုတော့ EU နိုင်ငံတွေ ထဲမှာလည်း ကြွေးကပ်ပေါက်ကွဲကုန်ပြီ (ဂရိ၊ အိုင်ယာလန်၊ ပေါ်တူဂီ၊ စပိန်၊ ဆိုက်ပရပ်)။

ယခုလည်း စစ်ဗျူရိုကရက်များနဲ့ခရိုနီများ ကြီးစိုးတဲ့ ဗမာပြည်မှာ ဒီကိန်းဆိုက်တာပါပဲ။ ၂၀၁၂ – ၁၃ နိုင်ငံခြား ကြွေးမြီဟာ (ပဲရစ်ကလပ် တွက်ချက်မှုအရ) GDP ရဲ့ ၂၈.၇၉% ဖြစ်တယ်။ တခြားကြွေးကပ်ဆိုက် နိုင်ငံတွေလောက် မဆိုးဘူးလို့ ဆိုချင်ဆိုနိုင်ပေမယ့် ဘတ်ဂျက်လိုငွေက ၁၉% ကျော် (စံသတ်မှတ်ချက်က ၅%) GDP တွင် စက်မှု (စက်မှုလက်မှု၊ လျှပ်စစ်၊ စွမ်းအင်၊ ဆောက်လုပ်ရေး၊ သတ္တု) ပါဝင်နှုန်း SMP ဇယား ၅ အရ ၇.၂% (စံသတ်မှတ်ချက်က ၃၀%) ဖြစ်တယ်။

နှစ်ရှည်လများ ကျောက်ခေတ်ပုံစံနဲ့ စခန်းသွားနေရပြီး နိုင်ငံရေး စီးပွားရေး လူမှုရေး အဘက်ဘက်က ပြိုဆင်းနေတယ်။ ဒါကို စကားလှလှသုံးပြီး အသစ်ကလေး Virgin Land မိုဒယ်ပုံစံသစ် New Model လို့ခေါ်နေကြတယ်။

(ငါး)

ဒီနေရာမှာ အာရှကျားများ၊ နဂါးများအကြောင်း နည်းနည်းပြောဖို့လိုတယ်။ ဂျပန်က ဒုတိယကမ္ဘာစစ် စစ်ရှုံးနိုင်ငံ၊ အမေရိကန်ကြီးကြပ်မှုနဲ့ ပြန်လည်ထူထောင်ရေးလုပ်ရတယ်။ ၁၉၄၉ ကွန်မြူနစ်တရုတ်ပြည် ပေါ်ပေါက်လာမှု၊ ၁၉၅၁–၅၃ ကိုရီးယားစစ်ပွဲတို့နှင့်အတူ အမေရိကန် မာရှယ်စီမံကိန်းနဲ့ အကြွံးဝင်တဲ့ တခုတည်းသော အာရှနိုင်ငံ ဖြစ်လာတယ်။ အနောက်နိုင်ငံ အရင်းအနှီး ဈေးကွက်တို့နဲ့ ဆက်စပ်မှုရှိလာပြီး ပစားပေးခံရတယ်။ ပင်ကိုယ်အားဖြင့်လည်း ဖွံ့ဖြိုးပြီးနိုင်ငံတနိုင်ငံ ဖြစ်တာကြောင့် ၁၉၆၀ နှစ်များအတွင်း အလျင်အမြန် ခေါင်းထောင်လာနိုင်တယ်။ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ စင်ကာပူတို့ဟာ လူဦးရေနည်း နိုင်ငံသေး တခြမ်းပဲ့နိုင်ငံများဖြစ်ကြကာ ဗီယက်နမ်စစ် (၁၉၆၄–၇၅) နဲ့အတူ အမေရိကန်ရဲ့ အထူးအခွင့်အရေးပေး နိုင်ငံများဖြစ်လာတယ်။ ၁၉၇၀ နှစ်များမှာ တရုတ်ကို ဝိုင်းပတ်ထားတဲ့ အလှပြမှန်ဘီဒို Showcase နိုင်ငံများအဖြစ် နဂါးများဖြစ်လာတယ်။ အမေရိကန် အရင်းအအနှီးအပြင် ပြာပုံအောက်က ခေါင်းပြန်ထလာတဲ့ ဥရောပနဲ့ ဂျပန်တို့ရဲ့ အရင်းတင်ပို့မှုလှိုင်းများ၊ ဖြုန်းအားကောင်းတဲ့ အမေရိကန်ရဲ့ ဈေးကွက်တို့နှင့်အတူ ၁၉၈၀ နှစ်များမှာ အာရှကျားတွေ (ထိုင်း၊ မလေး၊ ဖိလစ်ပိုင်၊ အင်ဒို) ပေါ်လာတယ်။

၁၉၉၀ နှစ်များနောက်ပိုင်း စစ်အေးလွန် သတင်းနည်းပညာပေါက်ကွဲမှု ဘဏ္ဍာအရင်းကမ္ဘာဖြန့်ကျက်မှု Globalization of Finance Capital တို့နှင့်အတူ ကျားတွေနဂါးတွေဟာ အသစ်ပေါ်ထွန်းလာတဲ့ စက်မှုနိုင်ငံများ NIC လို့ အခေါ်ခံရတဲ့ ဖွံ့ဖြိုးမှုမိုဒယ်တရပ် ဖြစ်လာတယ်။ ဗီယက်နမ်၊ လော၊ ကမ္ဘောဒီးယား၊ မြန်မာတို့ဟာလည်း အာဆီယံအဝန်းအဝိုင်းအတွင်း ဝင်ရောက်လာတယ်။ ၁၉၈၀ နောက်ပိုင်း တံခါးဖွင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုနှင့်အတူ တဟုန်ထိုးဖွံ့ဖြိုးလာတဲ့ တရုတ် ဈေးကွက်နဲ့ ချိတ်မိတဲ့အခါ ကျားတွေနဂါးတွေရဲ့ စီးပွားရေးဟာ ခံနိုင်ရည်အား ပိုကောင်းလာတယ်။ ၁၉၉၇ အာရှစီးပွားရေး ကပ်မှာ ကျားတွေနဂါးတွေ အရေခွံကျွတ်သွားပေမယ့် တရုတ်စီးပွားရေးအင်ဂျင် အားကောင်းမှုကြောင့် နာလန်ထမြန်ခဲ့တယ်။

ဒါပေမဲ့ သူတို့ရဲ့ စီးပွားရေး (နိုင်ငံရေးလည်းပါတယ်) မိုဒယ်ဟာ တနိုင်ငံနဲ့တနိုင်ငံ မတူဘူး။ တချို့က ဝန်ဆောင်မှု စီးပွားရေး အဓိကထားတယ်။ ဘဏ္ဍာ၊ ကုန်သွယ်၊ ဆက်သွယ်ရေး၊ ပညာ၊ ကျန်းမာ၊ ဟိုတယ်ခရီးသွားစသဖြင့် ဖြစ်တယ်။ (ဟောင်ကောင်၊ ထိုင်ဝမ်၊ စင်ကာပူ)။ အားလုံးလိုလိုက နိုင်ငံခြားငွေရဖို့ ပို့ကုန်ဦးစားပေး Export Orientation စနစ်ကျင့်သုံးတယ်။ ဒီစနစ်ရဲ့ အားနည်းချက်က နိုင်ငံခြားအရင်းအနှီး (Aids Grants FDI စသည်) အပေါ် တဖက်သတ်မှီခိုရတာ ဖြစ်တဲ့အတွက် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကို ထိခိုက်မှုရှိတယ်။ ကော်ပိုရိတ် ဘဏ္ဍာအရင်းက ခွဲပေးတဲ့ဝေစုကိုသာ ကိုယ်က ရတာ ဖြစ်တယ်။ ဒါတောင် နိုင်ငံတော်က အပြည့်အဝ ရတာမဟုတ်ဘူး၊ လက်ဝေခံအရင်းရှင်တွေက ရတာဖြစ်တယ်။ သွင်းကုန် အစားထိုး စီးပွားရေး Import Substitution က အမျိုးသားစီးပွားရေးနဲ့ စက်မှုဖွံ့ဖြိုးရေးကို အားပေးတယ်။ လွယ်လွယ်တော့ မဟုတ်ဘူး။ ကိုယ့်အားကိုယ်ကိုးရတယ်။ ဒီနှစ်ခုကိုမျှမျှတတ ကျင့်သုံး (ဥပမာ တရုတ်၊ ဘရာဇီး) သင့်ကြောင်း စီးပွားရေး ပညာရှင် တချို့က ဖွံ့ဖြိုးဆဲများသို့ သတိပေးတယ်။

ခုဆိုရင် ထိုင်းတို့ မလေးတို့က FDI လက်ခွဲကန်ထရိုက်လုပ်ပြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများ ငှားကာ တဆင့်ခံ သွေးစုပ်တာ ခံနေရတယ်။ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ စင်ကာပူ စတဲ့နိုင်ငံတွေက FDI တဆင့်ခံ ကန်ထရိုက် လုပ်ပြီး ဗမာပြည်မှာ ရင်းနှီးမြှုပ်နှံနေကြတယ်။ စင်ကာပူက ဘဏ္ဍာရေး ကုန်သွယ်ရေး တဆင့်ခံကြားပွဲစားလုပ်တာ ခံနေရ တယ်။ ပညာ၊ ကျန်းမာစတဲ့ ဝန်ဆောင်မှုအရပ်ရပ်တွင်လည်း သူတို့ကိုပဲ မှီခိုနေရတယ်။

FDI ဆိုတာ နှစ်ဖက်သွားဓားလိုပဲ။ မှီခိုလွန်းရင် မိအေးနှစ်ခါနာ ဖြစ်မယ်။ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများဘက်ကကြည့်ရင် အရင်းတင်ပို့ပြီး အမြတ်ကြီးကြီး ယူမယ်။ အရင်းတင်ပို့တယ်ဆိုတာ စီမံခန့်ခွဲမှု၊ ဈေးကွက်ဝေစု၊ အတတ်ပညာ၊ စက်ကိရိယာနဲ့ ကုန်ကြမ်းတပိုင်း တင်ပို့တာ (ရောင်းတာ) ပဲ။ သူတို့က မြတ်ပြီးသားပဲ။ ဖွံ့ဖြိုးဆဲများဘက်က လူ (လုပ်အား) နဲ့ မြေ (ပိုင်နက် အချုပ်အခြာ၊ သဘာဝဝန်းကျင်) စိုက်ရတယ်။ ယူတတ်မှ စီမံခန့်ခွဲမှု၊ ဈေးကွက်ဝေစု၊ အတတ်ပညာ၊ စက်မှုအခြေခံ ကိုယ့်ဆီ

ကျန်မယ်။ မယူတတ်ရင် ကျွန်ခံလိုက်ရတာနဲ့ တိုင်းပြည်ပျက်သွားတာပဲ အဖတ်တင်မယ်။ ကိုယ့်နိုင်ငံမှာ ဝါထွက်ပေမယ့် လက်ယက်ကန်းက မတက်သေးဘူး။ သစ်၊ ကျောက်မျက်ကအစ ရေနံဓာတ်ငွေ့၊ သံမဏိ၊ ကြေးနီစသည် ထွက်ပေမယ့် ပလပ်စတစ်အစေ့ကအစ ဝါယာကြိုးမှ အပ်အထိ ပြည်ပက တင်သွင်းနေရတယ်။ ကိုယ့်ဘက်က မှန်ကန်တဲ့ပေါ်လစီရှိမှ နှစ်ဈေ့လို့ စာရင်းရှင်းတဲ့အခါ လုပ်ငန်းတခုလုံး ကိုယ့်လက်ကိုယ့်ခြေ လည်ပတ်နိုင်မယ်။ ဒီနေရာမှာ ဖြတ်ပြောဖို့လိုတာက သူများနိုင်ငံတွေမှာ လုပ်ငန်းစာချုပ်သက်တမ်း နှစ် ၃၀ ဆိုတာ အများဆုံးပဲ။ မြန်မာပြည်မှာက နှစ် ၆၀ တို့ ၇၅ နှစ်တို့ ဖြစ်နေတယ်။ ဟောင်ကောင်ကျွန်းကို အင်္ဂလိပ်ကိုလိုနီအဖြစ် နှစ် ၁၀၀ စာချုပ်နဲ့ ငှားလိုက်ရသလိုပဲ။

အဆိုးဆုံးအချက်က လျှပ်စစ်၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ လမ်းတံတား၊ ပညာ၊ ကျန်းမာ၊ ငွေရေးကြေးရေး စတဲ့ အများပြည်သူနဲ့ တိုက်ရိုက်ဆက်စပ်မှုလည်းရှိ အမျိုးသားစီးပွားရေး တည်ငြိမ်ရေးအတွက် အချက်အခြာလည်းကျတဲ့ လုပ်ငန်းများကို ဈေးကွက်တင် ပုဂ္ဂလိကပိုင်ပြုခြင်းပဲဖြစ်တယ်။ ဒီလုပ်ငန်းတွေဟာ အမြတ်အစွန်း ဦးစားပေးလုပ်ငန်းတွေ မဟုတ်ဘူး။ နိုင်ငံတော်က (အသက်သွေးကြောပိုင်းကို ချုပ်ကိုင်ထားတဲ့) စီမံကိန်းချ ရင်းနှီးမြှုပ်နှံထားရမယ့် အခြေခံအဆောက်အအုံနဲ့ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်တယ်။ ယခုအခါ သမိုင်းဝင် ရှေးဟောင်းအဆောက်အအုံတွေကိုပင် လေလံတင် ပုဂ္ဂလိကပိုင်ပြုနေကြတယ်။

ခေါ်ဆိုလေ့ရှိတဲ့ တန်းတူပြိုင်ဆိုင်ခွင့် Level Playing Ground အောက်မှာ ကော်ပိုရိတ် ဘဏ္ဍာအရင်းအတွက် အထိန်းအကွပ်မရှိ တံခါးဖွင့်ခိုင်းတာဟာ လွတ်လပ်ဈေးကွက်ဆိုတဲ့ နီယိုလစ်ဘရယ်ဝါဒ ပါပဲ။

နီယိုလစ်ဘရယ်ဝါဒဆိုတာ ရင်းနှီးမြှုပ်နှံမှုပုံစံကို တန်ဖိုး (စက်မှုထုတ်ကုန်) ထုတ်လုပ်မှုအစား တန်ဖိုးမဟုတ်သော (ကပ်ပါး အမြတ်အစွန်း) ထုတ်လုပ်မှုဆီသို့ ပြောင်းလဲဖော်ဆောင်ရေးအတွက် ဘဏ္ဍာအရင်းရဲ့ လှုပ်ရှားမှုကို ထိန်းကြောင်းပေးသော အဆောက်အအုံ ယန္တရားတရပ်ဖြစ်တယ်။ (နိုင်ငံတကာ ကွန်မြူနစ်ပါတီများ နီးနှောဖလှယ်ပွဲ၊ ဩဂုတ် ၂၀၁၁ မှ)

(ခြောက်)

ဂျပန်စီးပွားရေး ထိုင်းမှိုင်းနေတာ ၁၅ နှစ်ရှိပြီ။ ၂၀၁၁ ဆူနာမီ နျူကလီးယား ယိုစိမ့်မှု ဒဏ်ခံလိုက်ရတဲ့အတွက် ၁၅ နှစ်အတွင်း ၅ ကြိမ်မြောက် စီးပွားရေးကျဆင်းမှုနဲ့ ရင်ဆိုင်နေရတယ်။ ကြွေးမြီဟာ GDP ရဲ့ ၂၀၀% ကျော်နေပြီး ကြွေးဝန်ပိ EU နိုင်ငံတွေထက် များတယ်။ ဒါပေမဲ့ သူ့ကြွေးက ပြည်တွင်းကြွေးမြီဖြစ်တဲ့အတွက် ကြွေးပူမဟုတ်ဘူး။ ဂျပန်ပြည်သူတွေဟာ စတော့ဈေးကွက်မှာ ရင်းနှီးမြှုပ်နှံတာထက် စုဆောင်းတာ Saving ပိုသန်ကြတယ်။ စီးပွားရေးထိုင်းနေတဲ့အတွက် သုံးစွဲမှု သိပ်မလုပ်ဘူး။

၂၀၁၂ ဒီဇင်ဘာ အောက်လွှတ်တော် အထွေထွေရွေးကောက်ပွဲမှာ ရှင်ဇိုအာဘေး Shinzo Abe ဦးဆောင်တဲ့ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ LDP ပြတ်ပြတ်သားသား အနိုင်ရလာတယ်။ ဇူလိုင်မှာ ကျင်းပမယ့် အထက်လွှတ်တော် ရွေးကောက်ပွဲမှာ ပြန်အနိုင်ရရင် ဂျပန်နိုင်ငံရေးလောကကို LDP ပြန်လည်ကြီးစိုးတော့မှာ ဖြစ်တယ်။ LDP ဟာ စစ်ပြီးခေတ် ဂျပန်နိုင်ငံရေးလောကမှာ အစဉ်အဆက် စိုးမိုးလာခဲ့တဲ့ ပါတီကြီးဖြစ်တယ်။ ၂၀၀၇ မှာ ဒီမိုကရက်ပါတီ DPJ ကို ရှုံးနိမ့်ခဲ့ပြီး အာဘေး နုတ်ထွက်ခဲ့ရတယ်။ ယခု ပြန်လည်အနိုင်ရလာတဲ့ အာဘေးဟာ ဂျပန်စီးပွားရေးကို အားသစ်မာန်သစ်နဲ့ လှုံ့ဆော်မှုများ လုပ်လာတယ်။ စစ်ပြီးကာလ ပြာပုံအောက်က ရုန်းထခဲ့စဉ်က ကော်ပိုရေးရှင်းကြီးများ၊ အစိုးရအမှုထမ်းများ၊ ရွေးကောက်ခံ လွှတ်တော်အမတ်များ အမျိုးသားရေး စိတ်ဓာတ်နဲ့ တညီတညွတ်တည်း ကြိုးစားခဲ့သလို ယခုလည်း အသွင်သစ်နဲ့ စီးပွားရေး နိုးထလာဖို့ လုပ်ဆောင်လာတယ်။

နျူကလီးယား ယိုစိမ့်မှုအန္တရာယ်ကြောင့် DPJ က ပိတ်ပင်ထားတဲ့ ဓာတ်ပေါင်းဖိုများကို လျှပ်စစ်ကုမ္ပဏီကြီးများ အလိုကျ ပြန်လည်ပတ်ခွင့်ပြုတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးထားတဲ့ ၁၉၉၇ ဂျပန်ဗဟိုဘဏ်ဥပဒေကို ပြန်လည်ရေးဆွဲဖို့ ဖိအားပေးကာ ငွေကြေးပေါ်လစီကို အစိုးရကချုပ်ကိုင်တယ်။ စစ်အသုံးစရိတ်တိုးမြှင့်ဖို့နဲ့၊ ဂျပန်စစ်တပ်ကို ကိုယ့်ကိုယ်ကို

ကာကွယ်ရေးအတွက် ကန့်သတ်ထားမှုမှ အပြည့်အဝ စစ်အင်အားတိုးချဲ့ရေး အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံကိုပြင်ဖို့ ဆော်သြတယ်။ ဝန်ကြီးတွေ ယာဆူကုနီ **Yasukuni** စစ်သချႋုင်းကန်တော့တာ၊ တရုတ်နဲ့အချင်းများနေတဲ့ စံခါခုကျွန်း **Senkaku (Diaoyu)** ကို အစိုးရကဝယ်တာ စတာတွေလုပ်ဆောင်ပြီး အမျိုးသားစိတ်ကို လှုံ့ဆော်တယ်။

ယခုအခါ 'အာဘေးစီးပွားရေး' လို့ခေါ်တဲ့ ဘဏ္ဍာရေးနဲ့ ငွေကြေးလှုံ့ဆော်မှု တဆစ်ချိုးအကွေ့ကို ကမ္ဘာက အာရုံစိုက်စောင့်ကြည့်နေကြတယ်။

၂၀၁၀ မှာ အမေရိကန် ဗဟိုဘဏ် **Federal Reserve** က ငွေစက္ကူသစ်တွေ (ဒေါ်လာ ၆၀၀ ဘီလီယံ) ရိုက်ထုတ်ပြီး ငွေတိုက်စာချုပ် **Bonds** တွေ တပုံကြီးပြန်ဝယ်ခဲ့တယ် (အင်္ဂလန်လည်း အလားတူပဲ)။ ဒီလို ဒေါ်လာတန်ဖိုး ဈေးချပြီး အမေရိကန်ပို့ကုန်တွေ ယှဉ်ပြိုင်နိုင်မှု ပိုကောင်းစေကာ တဖက်နိုင်ငံငွေဈေးမြင့်တက်အောင်လုပ်တာကို ဖွံ့ဖြိုးဆဲနိုင်ငံတွေက အပြစ်တင်ကြတယ်။ **Quantitative Easing (QE)** (ငွေကြေး ဘုံးဘောလအောလုပ်ခြင်းလို့ ပြန်ရမလားမသိပါ) လို့ ခေါ်တယ်။ ဘရာဇီးလ်က ငွေကြေးစစ်ပွဲလို့ ဆိုတယ်။ ယခု ဂျပန်ကလည်း **QE** လုပ်လာတယ် (ယန်း ၄၄ ထရီလီယံ)။ အာဘေး နိုင်ခြေရှိကြောင်း သေချာနေပြီဖြစ်တဲ့ ၂၀၁၂ စက်တင်ဘာအကုန်မှာ ဂျပန်ယန်းငွေဈေးဟာ ဒေါ်လာနဲ့ယှဉ်ရင် ၁၆% ယူရိုနဲ့ယှဉ်ရင် ၁၉% အထိ ကျနေပြီဖြစ်တယ်။ တန်ဖိုးချထားတဲ့ ယန်းငွေတွေကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့တင်ပို့၊ ဆပ်ချိန်ပြန်ရောက်ရင် ယန်းငွေတန်ဖိုးပြန်မြှင့်ခြင်းဖြင့် ငွေကြေးဈေးကစားကာ အမြတ်ထုတ်နေတယ်လို့ စွပ်စွဲကြတယ်။

တဖက်က ဆင်ခြေပေးတာက ယန်းငွေဖောင်းပွမယ် (ဂျပန်ဗဟိုဘဏ်ကို ငွေဖောင်းပွမှု ၂% အထိခွင့်ပြုဖို့ဖိအားပေးတယ်)၊ ဒါပေမဲ့ ကာလတိုဘဏ်တိုးနှုန်းကို သုညနီးပါး ချထားခြင်းဖြင့် ပြည်တွင်းမှာ စုဆောင်းမှုအစား ရင်းနှီးမြှုပ်နှံမှုနဲ့ စားသုံးမှုကို ထိုးဆွပေးတယ်။ သို့ဖြင့် အပြန်အလှန်ထေမိကာ သွင်းကုန်တင်သွင်းမှုကို မြင့်မားလာစေမယ်လို့ဆိုတယ်။ ၂၀၁၃ ပထမ သုံးလမှာ ဂျပန်စတော့ဈေးနှုန်း ပြန်မြင့်တက်လာတယ်။

စစ်ပြီးခေတ် ဂျပန်စီးပွားရေးရဲ့ ဗိသုကာဖြစ်ခဲ့တဲ့ **LDP** အနေနဲ့ 'အမျိုးသားပိုင်နက် ကြံ့ခိုင်သန်စွမ်းရေး' အတွက် ၁၀ နှစ်ကာလ စီးပွားရေးထိုးဆွမှု ရန်ပုံငွေ ယန်း ၂၀၀ ထရီလီယံ (ဒေါ်လာ ၂.၂၈ ထရီလီယံ) (၁ ထရီလီယံ = သန်းထောင်ပေါင်း ၁၀၀၀) သုံးစွဲဖို့ အဆိုပြုထားတယ်။ ငလျင်ကလီးယား ယိုစိမ့်မှုကာကွယ်ဖို့၊ အခြေခံအဆောက်အအုံသစ်တွေ ဆောက်ဖို့၊ အလုပ်အကိုင်သစ်တွေ ဖန်တီးဖို့ စသဖြင့်ပါတယ်။ ကျားအသစ်ဖြစ်လာမယ့် ဗမာပြည်မှာ အလုံးအရင်းနဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ဖို့လည်း ပါတယ်။ အာဖရိကမှာ တရုတ်ကိုကျော်ပြီး အလုံးအရင်းနဲ့ ရင်းနှီးမြှုပ်နှံမယ်။ ဂျပန်အရင်းတင်ပို့မှု လှိုင်းတရပ် ဖန်တီးပြီး ထိုင်းအိနေတဲ့ စီးပွားရေးကို တွန်းတင်ဖို့ကြိုးစားခြင်းပဲ ဖြစ်ပါတယ်။

ယခုအခါမှာ ဗမာပြည်မှာ ဂျပန်က အလုံးအရင်းနဲ့ (**ODA, FDI** စသဖြင့်) စတင်ရင်းနှီးမြှုပ်နှံနေပြီ ဖြစ်တယ်။ အနောက်နိုင်ငံများကလည်း ဝင်ရောက်ဖို့ တာစူနေတယ်။ နီယိုလစ်ဘရယ်ဝါဒနဲ့အတူ နိုင်ငံစုံဘဏ္ဍာအရင်းကိုမှီခိုပြီး စစ်ဗျူရိုကရက်နဲ့ ခရိုနီအရင်အနှီးတွေ တိုးပွားဖို့ တည်တံ့ခိုင်မြဲဖို့ ကြိုးစားချက်မှန်သမျှဟာ တိုင်းပြည်ကို ချောက်ကမ်းပါးထဲ ဆွဲချသလိုသာ ဖြစ်ပါလိမ့်မယ်။

၂၁ ရာစုနဲ့အတူ အသိဉာဏ်ပွင့်လင်း လာပြီဖြစ်တဲ့ ဗမာပြည် အဖိနှိပ်ခံ လူတန်းစားပေါင်းစုံ အမျိုးသားအသီးသီးရဲ့ ပြင်းပြင်းထန်ထန် ဝေဖန်ဆန့်ကျင်မှုကို မုချခံရပါလိမ့်မယ်။

ဗမာပြည်သမိုင်းကို ဗမာပြည်ပြည်သူများကိုယ်တိုင် ဖန်တီးကြပါလိမ့်မယ်။

# နောက်ကြောင်းပြန်မလှည့်ဖို့ဆိုလျှင်

ယနေ့ကာလတွင် အပြောင်းအလဲ ဆိုသည့် စကားလုံးပြီးလျှင် "နောက်ကြောင်းပြန်လှည့်/မလှည့်" ဆိုသည့် စကားလုံးသည် အပြောများလှသည့် စကားလုံးတစ်လုံး ဖြစ်ပါလိမ့်မည်။

"နောက်ကြောင်းပြန်မလှည့်" ဟု ပြောနေသူများမှာ သမ္မတနှင့် လွှတ်တော်ဥက္ကဌ ဖြစ်သည်။

လွှတ်တော်ဥက္ကဌက ဆိုလျှင် သမ္မတထက်ပင် ရဲသည်၊ ပြတ်သည်။ နောက်ကြောင်းပြန်လှည့်သူတွေကို "ချေမှုန်းမည်" ဟုပင် ပြောသည်။ သူ့တွင် ဤသို့ပြောနိုင်သည့် အခြေအနေ ပိုင်ပိုင်နိုင်နိုင်ရှိနေ၍သာ ပြောခြင်းဖြစ်မည်။ "နောက်ကြောင်းပြန်မလှည့်" ဟု ရဲရဲပြောဝံ့သူသည် "နောက်ကြောင်းပြန်လှည့်" ဖို့ ပြတ်ပြတ်အမိန့်ပေးနိုင်သူလည်း ဖြစ်ပေလိမ့်မည်။

သေချာပေါက် ပြောနိုင်သည့်အချက်မှာ "နောက်ကြောင်းပြန်လှည့်/မလှည့်" ဆိုသည့်သဘောထားနှင့် အဆုံးအဖြတ်သည် သူတို့လက်ထဲမှာ ရှိနေသည့်အချက်ပင်ဖြစ်သည်။

"၂၀၀၈ အခြေခံဥပဒေ" အရ "နောက်ကြောင်းပြန်လှည့်ခွင့်" တကယ်တမ်း လက်ဝယ်ရှိထားသူမှာ ကာချုပ်ဖြစ်သည်။ သို့အတွက် နောက်ကြောင်း ပြန်မလှည့်ဟု ပြောရဲသူမှာ လက်ရှိ ကာချုပ် ဗိုလ်မင်းအောင်လှိုင်အပေါ် မီးသေသူသာဖြစ်လိမ့်မည်။

ကာချုပ်ဗိုလ်မင်းအောင်လှိုင်သည် "နောက်ကြောင်းပြန်မည်/မပြန်မည်" ကိုမူ မပြော။ "၂၀၀၈ အခြေခံဥပဒေ" ကို ထိန်းသိမ်းကာကွယ်ရန် တပ်မှာအဓိကတာဝန်ရှိသည်ဆိုသော အခြေခံဥပဒေပါ အချက်ကို ပြောနေရသည့် "အလုပ်သင် ကာချုပ်ကလေး" မျှသာ ဖြစ်ပါသည်။

"ဝင် – ပြင်သမားများ " အဓိက စိုးရိမ်နေကြသည့်အချက်မှာ ဘယ်တော့နောက်ကြောင်းပြန်လှည့်လေမလဲ၊ နောက်ကြောင်း ပြန်လှည့်ခဲ့သော် ဆိုသည့် သောကရတက်ပွေနေရမှုပင်ဖြစ်သည်။ "နောက်ကြောင်းပြန်မလှည့်" ဟု ပါးစပ်က ပြောနေရုံမျှဖြင့် အာမခံချက် မရှိချေ။

နှိုင်းယှဉ်၍ ပြောရမည်ဆိုလျှင် ၁၉၄၇ အခြေခံဥပဒေနှင့် ၂၀၀၈ အခြေခံဥပဒေကို အနှစ်သာရအရ ပိုင်းခြားထားသည့် ရေစေစည်းကြောင်းမှာ နိုင်ငံရေးတွင် စစ်တပ်က စိတ်ကြိုက်၊ စွက်ဖက်၊ လွှမ်းမိုး၊ ချုပ်ကိုင်ထားသည့် အချက်ပင်ဖြစ်ပါသည်။

၁၉၄၇ အခြေခံဥပဒေအရ ဆိုလျှင် စစ်တပ်သည် ကာကွယ်ရေးဝန်ကြီးဌာနအောက်တွင် ရှိသောဝန်ထမ်းအဖွဲ့အစည်းမျှသာ ဖြစ်ပြီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးသည် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ထားသူသာ ဖြစ်ရမည်။

"၂၀၀၈ အခြေခံဥပဒေ" သည် စစ်တပ်က အချိန်မရွေးအာဏာသိမ်းနိုင်ရန်နှင့် ထာဝစဉ် လွှမ်းမိုးချုပ်ကိုင်ချယ်လှယ်ထားနိုင်ရန် ဦးတည်ရေးဆွဲထားခြင်း ဖြစ်သည်။ စစ်တပ်က အာဏာသိမ်းနိုင်ရန် အခြေအနေဆိုသည်မှာလည်း အချိန်အခါမရွေး၊ နေရာဒေသမရွေး အလွယ်တကူ ဖော်ထုတ်ဖန်တီးနိုင်ပါသည်။ ယင်းအချက်ကို သံသယ စိုးစဉ်းမျှ မရှိကြကုန်လင့်။

ရခိုင်ပြည်နယ်၊ မိတ္ထီလာ၊ ဥက္ကံ၊ လားရှိုး စသည့်နေရာဒေသများမှ အကြမ်းဖက်ရမ်းကားမှုများသည် အချိန်မရွေး နောက်ပြန်လှည့်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်မှုများပင်ဖြစ်ပါသည်။ ပုဒ်မ ၁၄၄ ထုတ်ပြန်ခြင်း၊ အရေးပေါ်အခြေအနေကြေညာခြင်း စသည်တို့သည် ဒေသလက္ခဏာဆောင်သော စစ်တပ်အာဏာသိမ်းမှု အသေးစားကလေးများပင် ဖြစ်သည်။

"၂၀၀၈ အခြေခံဥပဒေ"အရ ကာချုပ်သည် လွှတ်တော်ကိုလည်းကောင်း၊ အစိုးရအဖွဲ့ကိုလည်းကောင်း၊ ကာလုံကို

လည်းကောင်း၊ ပိုင်ပိုင်နိုင်နိုင် လွှမ်းမိုးချုပ်ကိုင်ထားနိုင်သည်။ စစ်တပ်ကိုလည်း စိတ်ကြိုက် ချယ်လှယ်၊ စီမံ၊ စီရင်၊ ခန့်ခွဲပိုင်ခွင့် ရရှိထားသည်။

ထိုအချက်များကို မပယ်ဖျက်နိုင်သမျှ "နောက်ကြောင်းပြန်မလှည့်" ပါဟု ပြောနေခြင်းသည် ယုံတမ်းစကားမျှသာ ဖြစ်နေပေလိမ့်မည်။ "၉၀ ရွေးကောက်ပွဲရလဒ်" သိရှိလာရသည့်အခါ (နဝတ) စစ်အစိုးရသည် ကာချုပ်ဗိုလ်စောမောင် ကတိစကားနှင့် ဗိုလ်စောမောင်ကို ပစ်ပယ်၊ ဖယ်ရှားကာ "ညောင်နှစ်ပင် စီမံကိန်း"ကို ဖော်ထုတ်ခဲ့သည့်သာ"က အထင်အရှား ရှိခဲ့သည် မဟုတ်ပါသလော။

"နောက်ကြောင်းပြန်မလှည့်"ဖို့ ဆိုလျှင် စစ်တပ်ကို တစ်လက်ကိုင်လုပ်ပြီး နိုင်ငံရေး/စီးပွားရေးတွင် ဝင်ရောက်လွှမ်းမိုးစွက် ဖက်နေသည့် စစ်အုပ်စုအဆက်ဆက်၏ လုပ်နည်းလုပ်ဟန်ကို အခြေအမြစ်မှစ၍ ပယ်ဖျက်ပစ်ရလိမ့်မည်။

ယင်းသို့ စစ်အုပ်စု အဆက်ဆက်၏ အစဉ်အလာလုပ်နည်းလုပ်ဟန်ကို မပယ်ဖျက်နိုင်သမျှ "နောက်ကြောင်းပြန်လှည့်" မည့်ဘေးအန္တရာယ်ရှိမြဲ ရှိနေလိမ့်မည်။ နိုင်ငံရေးပါတီ၊ အလုပ်သမားသမဂ္ဂ၊ လယ်သမားသမဂ္ဂ၊ စာနယ်ဇင်းသမဂ္ဂ၊ ကျောင်းသားသမဂ္ဂ၊ လူမှုရေးအသင်းအဖွဲ့အစရှိသော ဒီမိုကရက်တစ်အဆောက်အအုံများ တည်ရှိ၊ ရှင်သန်၊ ဖွံ့ဖြိုး၊ ကြီးထွားနိုင်မှုကို ဖိနှိပ်၊ တားမြစ်၊ ပိတ်ပင်ကန့်သတ်ထားသည့် မတရားသော ဥပဒေမှန်သမျှကိုလည်း ဖျက်သိမ်းပစ်ရမည်။

သို့ပါ၍ မည်သည့်အဆင့်မဆို တပ်တွင် တာဝန်ထမ်းဆောင်ဆဲဖြစ်လျှင် နိုင်ငံရေးတွင် လုံးဝ မပါသင့်၊ နိုင်ငံရေးတွင် ပါဝင်လိုလျှင် တပ်မှတရားဝင် နုတ်ထွက်ပြီးမှသာ ပါဝင်ဆောင်ရွက်ရမည်။

အစိုးရအဖွဲ့ကို သက်ဆိုင်ရာမဲဆန္ဒနယ်များမှ ပြည်သူလူထုမဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ခံသူများဖြင့်သာ ဖွဲ့စည်းရမည်။

စစ်တပ်ပြုပြင်ပြောင်းလဲရေး၊ (Professional Army) ဖြစ်ရေး၊ ဗိုလ်မင်းအောင်လှိုင်ပြောနေသည့် (Standard Army) ဖြစ်ရေးတို့အတွက်ဆိုလျှင် ပထမဦးစားပေးလုပ်ရမည့်လုပ်ငန်းမှာ စစ်အုပ်စုအဆက်ဆက်က စစ်တပ်ကို တလက်ကိုင်လုပ်ပြီး နိုင်ငံရေးလုပ်နေသည့်လုပ်ဟန်နှင့် စီးပွားရေးလုပ်ငန်းကိုင်ငန်းကြီးများတွင် စစ်တပ်က ချုပ်ကိုင်၊ ချယ်လှယ်စွက်ဖက် လုပ်ဆောင်နေမှုအားလုံးကို အခြေခံမှစ၍ ပယ်ဖျက်ပစ်ရေးပင်ဖြစ်သည်။

နိုင်ငံရေးနှင့်စီးပွားရေးတွင် စစ်တပ်က ဗိုလ်ကျလွှမ်းမိုး ချယ်လှယ်နေသမျှ (Professional Army)၊ (Standard Army) ဘယ်တော့မှ ဖြစ်လာနိုင်မည်မဟုတ်ပါ။ "ဖေဖေထူထောင်ခဲ့သော တပ်မတော်" ပြန်ဖြစ်ဖို့ဆိုလျှင် စစ်တပ်သည် နိုင်ငံရေး၊ စီးပွားရေးတို့နှင့် ပြတ်ပြတ်စဲစဲ လမ်းခွဲရလိမ့်မည်။ ယင်းသို့မဟုတ်လျှင် ခရိုနီတပ်မတော်၊ လယ်သိမ်းယာသိမ်း တပ်မတော်၊ ပြည်သူလူထုကို ဖိနှိပ်သည့် တပ်မတော်သာ ဖြစ်နေပေလိမ့်မည်။

သို့ပါ၍ နောက်ကြောင်းပြန်လှည့်စေနိုင်မည့် ရေခံမြေခံများနှင့် အငုတ်အတက် အဆွယ်အပွားများ တကယ်တမ်းကုန်စင်အောင် ရှင်းလင်းဖယ်ရှားမည်ဆိုလျှင် "၂၀၀၈ အခြေခံဥပဒေ" ကို ပြုပြင်ဖာထေးနေရုံမျှဖြင့် မဖြစ်နိုင်တော့ပါ။ "၂၀၀၈ အခြေခံဥပဒေ"ကို ဖျက်သိမ်းပြီး အခြေခံဥပဒေသစ်ရေးဆွဲရေးနှင့် စစ်တပ်ပြုပြင်ပြောင်းလဲရေးကိုတပြိုင်တည်း လုပ်ကြရပါလိမ့်မည်။

"၂၀၀၈ အခြေခံဥပဒေ"ကို ပြုပြင်ဖာထေးရုံမျှသာ ရည်မှန်းချက်ထားနေကြမည်ဆိုလျှင် "ဝင် – ပြင်သမားများ" အနေဖြင့် "နောက်ကြောင်းပြန်လှည့်လိမ့်မည်" ဟူသော တစ္ဆေကြီး ပြုသမျှ နုကြရပေလိမ့်မည်။

**ယင်းသို့မဟုတ်လျှင် ခရိုနီတပ်မတော်၊**
**လယ်သိမ်းယာသိမ်း တပ်မတော်၊**
**ပြည်သူလူထုကိုဖိနှိပ်သည့် တပ်မတော်သာ**
**ဖြစ်နေပေလိမ့်မည်။**




# ဒေါက်တာမောင်မောင်ရဲ့ ‘၁၉၈၈ အုံကြွမှု’ စာအုပ်

(၁) ဒေါက်တာမောင်မောင်ရဲ့ ‘၁၉၈၈ အုံကြွမှု’ စာအုပ်ကို ပြည်တွင်းမှာ ပြန်လည်ထုတ်ဝေတာ တွေ့ရတယ်။

- ဒေါက်တာမောင်မောင်ရဲ့ ‘၁၉၈၈ အုံကြွမှု’ အကြောင်းရေးထားတဲ့စာအုပ်ကို အရင်ကတည်းက ဖတ်ရတယ်။ ဝေဖန်ချက်တွေလည်း ရေးပြီးပြီ။ ဒါကြောင့် မရေးတော့ဘူး။
- ၂၀၁၂ ခု၊ ဒီဇင်ဘာလမှာ စာအုပ်အဖြစ် ထပ်မံထုတ်ဝေလာတယ်။
- ဘာကြောင့်ထုတ်သလဲ။ ဘာရည်ရွယ်ချက်ရှိသလဲ။ ဒီ (၂) ခုကို စောကြောဝေဖန်ပါမယ်။
- သမ္မတဖြစ်ချင်တယ်လို့ပြောတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို သတင်းစကားပါးချင်တာ ဖြစ်လိမ့်မယ်။ ‘၂၀၀၈ အခြေခံဥပဒေ’ ရဲ့ပုဒ်မ ၅၉ (စ) ကို ကျော်ဖြတ်ဖို့ အရင်လုပ်ပါဦးလို့ ပြောတာပဲ။ (စာအုပ်ရဲ့ နောက်ဆုံးစာမျက်နှာ ၂ မျက်နှာကို ကြည့်ပါ။)

(၂) ဗမာပြည်မှာထုတ်တာကို မြန်မာဘာသာပြန်ပြီးထုတ်တာ မလုပ်ဘဲ အင်္ဂလိပ်လိုပဲ ထုတ်တာလည်း သတိပြုမိတယ်။ ‘အခြေခံဥပဒေပြင်ဖို့’ လွှတ်တော်မှာ ဆွေးနွေးကြတော့မှာကိုမီအောင် ကြံ့/ဖွံ့ ပါတီနဲ့ ၂၅% သော စစ်ဗိုလ်အမတ်တွေကို သတိပြုမိအောင်ထုတ်တာနဲ့ တူတယ်။



# ဦးနုရဲ့ တာတေစနေသားစာအုပ် ဝေဖန်ချက်

ဘာကြောင့် ဝေဖန်ရသလဲ။ ကွယ်လွန်သူရေးတဲ့ စာအုပ်ကို ယေဘုယျအားဖြင့် ဗကပ က ဝေဖန်လေ့မရှိပါ။ ပြန်လည် မချေပနိုင်သူကို ဝေဖန်တာဟာ 'နိုင်ငံရေး ယုတ်ညံ့သိမ်ဖျင်းတာ' လို့ ယူဆလို့ပါပဲ။

- ဦးနုကွယ်လွန်ပေမယ့် 'ပြည်တွင်းစစ်' အမွေက ရှင်သန်ကျန်ရစ်ခဲ့လို့ ဝေဖန်ဖို့လိုတာပါ။
- 'ပြည်တွင်းစစ်' ကို စတင်တိုက်ခိုက်ခဲ့ကြတဲ့ ခေါင်းဆောင်ကြီးတွေအားလုံး ကွယ်လွန်ကြပါပြီ။ သူတို့ တယောက်မှ ဦးနုလို မရေးခဲ့ကြပါ။
- သားသမီးတွေဖတ်ဖို့ဆိုပြီး (ဦးနုလိုပဲ) ကိုကျော်ငြိမ်းလည်း ရေးခဲ့ပါတယ်။ သူသေပြီးမှ ထုတ်ချင်ထုတ်လို့ မှာခဲ့တယ်။ သူ့သားသမီးတွေက မထုတ်ဝေဘဲ ထားပါတယ်။ ဦးနုကတော့ သားသမီးအတွက် တမင်သက်သက် ရေးခဲ့တာလို့ ပြောပြီး တပြိုင်တည်း စာအုပ်အဖြစ်ပါ ထုတ်ပါတယ်။ (၁၉၉၈ မှာ အိန္ဒိယမှာ ထုတ်တယ်။)

ဝေဖန်ချက်

ပထမဆုံး ဝေဖန်ရမှာက

- ပုဂ္ဂလိကဘဝကို အသေးစိတ် တစ်တစ်ခွခွရေးတဲ့ ဦးနုဟာ နိုင်ငံရေးဘဝကိုတော့ လိုချင်တာကိုပဲ ကွက်ပြီးရေးတယ်။

  ဥပမာတခုပြရရင် –

  - စတာလင်ခေတ်က ဇဒါးနော့ဗ်အစီရင်ခံစာကြောင့် ဗကပ က 'လက်နက်ကိုင်တိုက်ပွဲ' တိုက်တယ်ဆိုတဲ့ စွပ်စွဲချက်ကို ကျယ်ကျယ်ပြန့်ပြန့်ရေးပေမယ့် ၁၉၄၇ ဇန်နဝါရီလက ဗကပ ရဲ့ ဖဆပလ၊ ကွန်မြူနစ် ညီညွတ်ပြီး အင်္ဂလိပ်နယ်ချဲ့သမားကို နောက်ဆုံးတိုက်ပွဲ တိုက်ကြဖို့ ကမ်းလှမ်းချက်ကို စာတကြောင်းမှ မရေးဘူး။

- အဲဒီ 'နောက်ဆုံးတိုက်ပွဲလမ်းစဉ်' အရ ဖဆပလ ကွန်မြူနစ် အပြန်အလှန်ပေးစာများကိစ္စလည်း စာတကြောင်းမှ မရေးဘူး။ (ရေးတာက ဗိုလ်အောင်ဆန်း လုပ်ကြံခံရပြီးစက သူနဲ့သခင်သန်းထွန်း တိုင်းပြည်လှည့်ပြီး 'လူသတ်ဝါဒ ရှုတ်ချရေး' လုပ်တုန်းက သခင်သန်းထွန်းကို ကားပေါ်မှာ ပြောတာတွေကို ရေးတယ်။) (နှစ်ကိုယ်ကြားပြောတာမှာ သူ့ဘက်က ပြောတာတွေ ရေးတယ်။ သခင်သန်းထွန်းက ကျဆုံးလို့ အရိုးဆွေးနေပြီ။)

- ပိုပြီးထင်ရှားတာက ဗကပ ရဲ့ '၅၅ လမ်းစဉ်' အရ ကမ်းလှမ်းချက်နဲ့ ပတ်သက်ပြီး တစွန်းတစမှ မရေးဘူး။ (အဲဒီလမ်းစဉ်က ဦးနု မိုးထိအောင် မြှောက်ပင့်ထားတဲ့ ခရုရှက်ဖ်နဲ့မော်စီတုန်းတို့ အကြံပြုချက်ကို ဗကပက လက်ခံထားတာပဲဆိုတာ ဦးနု သိမှာပါ။)

  'စေ့စပ်ဆွေးနွေးရေး' ကို ဖဆပလ ထဲမှာ ဘယ်လိုဆွေးနွေးကြသလဲဆိုတာတော့ ဘာမှ မရေးဘူး။

- သခင်ကိုယ်တော်မှိုင်းရဲ့ ကြားဝင်မှုကို တစွန်းတစမှ မရေးဘူး။

- ရေးမယ့်ရေးတော့ အပြုတ်တိုက်ရေးကို သူစွမ်းစွမ်းတမံလုပ်ခဲ့တာတွေ ရေးတယ်။

ဘာသဘောလဲဆိုတော့

'စေ့စပ်ဆွေးနွေးရေး ဘယ်တော့မှမလုပ်နဲ့ အညံ့မခံရင် အပြုတ်တိုက်ပစ်' ဆိုတဲ့ 'လမ်းစဉ်' ကို အမွေပေးနေတာပဲ။

အဲဒီ 'အမွေဆိုး' က '၂၁' ရာစုရဲ့ ဒုတိယဆယ်စုနှစ်အထိ ရှင်သန်နေတုန်းပဲ။ အဲဒီ 'အမွေဆိုး' ရှိနေသမျှ ဗမာပြည် ဘယ်တော့မှ 'ငြိမ်းချမ်းရေးနဲ့တည်ငြိမ်မှု' ရမှာမဟုတ်ဘူး။ ငြိမ်းချမ်းတည်ငြိမ်မှုမရှိရင် ဖွံ့ဖြိုးတိုးတက်ရေး ပြောတာဟာ ဗလာစကားပဲ။

သမိုင်းသုတေသီတွေအတွက်တော့ အကျိုးရှိတယ်။

- ဖဆပလ ထိပ်သီးတွေက ဗိုလ်နေဝင်းကို ဘယ်လိုမွေးမြူခဲ့သလဲဆိုတာကို သိရမယ်။

**အဲဒီ 'အမွေဆိုး' ရှိနေသမျှ**

**ဗမာပြည် ဘယ်တော့မှ**

**'ငြိမ်းချမ်းရေးနဲ့တည်ငြိမ်မှု'**

**ရမှာမဟုတ်ဘူး။**

- ၁၉၄၉ တုန်းက ကာကွယ်ရေးဝန်ကြီးလောက်ပဲမှန်းတဲ့ ဗိုလ်နေဝင်းဟာ ၁၉၅၀ မှာ ဒုတိယဝန်ကြီးချုပ် ဖြစ်သွားတယ်။ ဒါကလည်း ကိုကျော်ငြိမ်းရဲ့ အကွက်ပါ။ (အမေရိကန်သုတေသီတဦးရေးတဲ့ Making Enemies ကို ဖတ်ကြည့်ပါ။ ဒီစာအုပ် မြန်မာဘာသာပြန်မယ် ကြားတယ်။ ကောင်းတယ်။)
- ဖဆပလ အစိုးရက ပေါ်လစီချမှတ်ပုံတွေကို သိရမယ်။ ဖဆပလ ထိပ်သီးတွေတွင်း ဆက်ဆံရေးကို သိရမယ်။
- တခြားပုဂ္ဂိုလ်တွေရေးတဲ့ စာအုပ်တွေနဲ့ တိုက်ဆိုင်ကြည့်ဖို့တော့ လိုတယ်။ ဒါမှ အမှန်သိရမှာ ဖြစ်တယ်။

ဒီစာအုပ် ဘယ်တုန်းက ရေးသလဲ။

- တအုပ်လုံးမှာ ရှာကြည့်တယ်။ မတွေ့ဘူး။ ပြည်တွင်းမှာ ထုတ်တဲ့အခါ ပါလာမလား မသိဘူး။ ပါသင့်တယ်။
- ဦးနုက ဗိုလ်နေဝင်း အာဏာသိမ်းပွဲလုပ်တဲ့ (၁၉၆၂) မှာ ဖြတ်ထားတာကို ကြည့်ရတော့ သူ ဗမာပြည်ကို ပြန်လာပြီးမှ ရေးတာလို့ ထင်တယ်။

နိဂုံး

အကြံကြီးတဲ့၊ အာဏာလောဘရှိတဲ့ ဗိုလ်နေဝင်းအကြောင်း ဖဆပလ ခေါင်းဆောင်းတွေ သိတာနောက်ကျသွားတယ်။ ဒါကြောင့် 'စစ်အာဏာရှင်စနစ်' က ရာစုနှစ်တဝက်ကျော် မင်းမူခဲ့ – မင်းမူဆဲပဲ ဖြစ်တယ်။

ဦးနုက သူတို့ခေါင်းဆောင်စုထဲမှာ အသက်အရှည်ဆုံးလို့ ပြောနိုင်တယ်။ ၁၉၉၀ ရွေးကောက်ပွဲကို သူမီခဲ့တယ်။ ရွေးကောက်ပွဲ ဝင်တယ်။ အမတ်လောင်းတွေ ရာချီပြီး ဝင်ခဲ့တယ်။ (၁၉၆၀) ရလဒ်မျိုးရမယ် ထင်ခဲ့ပုံရတယ်။ ဒါပေမဲ့ သူ့အမတ်လောင်းတွေရဲ့ 'စုစုပေါင်း အသက်' လောက်မှ သူ့ပါတီ မဲရခဲ့သလားဆိုတာတော့ တွက်မကြည့်လို့မသိဘူး။

တခုသေချာတာက '၁၉၈၈ လူထုအုံကြွမှုအလွန်မှာ တခေတ်ပြောင်းခဲ့ပြီ' ဆိုတာကို သူသိသွားလိမ့်မယ်။

**အကြံကြီးတဲ့၊ အာဏာလောဘရှိတဲ့ ဗိုလ်နေဝင်းအကြောင်း ဖဆပလ ခေါင်းဆောင်းတွေသိတာ နောက်ကျသွားတယ်။ ဒါကြောင့် 'စစ်အာဏာရှင်စနစ်' က ရာစုနှစ်တဝက်ကျော် မင်းမူခဲ့ – မင်းမူဆဲပဲ ဖြစ်တယ်။**



# လယ်ယာမြေ ပြဿနာ မြေရှင်းရေး လမ်းနှစ်သွယ်

**တိုင်းပြည် ပြဿနာတွေထဲမှာ**

**လယ်ယာမြေပြဿနာနဲ့ လယ်သမားပြဿနာဟာ**

**အချက်အချာ**

တိုင်းသူပြည်သား ပြည်သူလူထု ကြွေးတင်နွံနစ်နေတဲ့ တိုင်းပြည်ကို သာယာဝပြောတဲ့တိုင်းပြည်၊ စည်ပင်ဖွံ့ဖြိုးတဲ့ တိုင်းပြည်လို့ ဘယ်နည်းနဲ့မှ မခေါ်နိုင်ပါဘူး။ ဒါကို LDC ဘဝ ကျရောက်ခဲ့ရတဲ့ တိုင်းပြည်ရဲ့အခြေအနေက အထင်အရှား ဖော်ပြခဲ့ပြီးသားပါ။ အခုကော ဘယ်လိုအခြေအနေမှာ ကျရောက်နေပါသလဲ။

အရပ်သားအရေခြုံ စစ်အစိုးရ တက်လာကာစမှာ ပြည်သူလူထုရဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို သမ္မတဦးသိန်းစိန်က အခုပဲ မြေကြီးက ရွှေသီးတော့မလိုလို ဟိတ်နဲ့ဟန်နဲ့ ကြွေးကြော်ခဲ့တာပါ။ အခုတော့ ဦးရွှေမန်းက ဒီကိစ္စကို မတတ်သာပဲ ထွက်ပြောလာနေရပါပြီ။ ပြည်သူလူထု ဆင်းရဲနွမ်းပါးမှု ရာခိုင်နှုန်း ၂၆ ထက် ပိုနိုင်တယ်လို့ ပြောပါတယ်။ ၃၂ ရာခိုင်နှုန်းကနေ ၂၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ပြီဆိုတဲ့ ကြွားလုံးထုတ်မှုကနေ လေသံပြောင်းလဲလာတာပါ။ ၂၆ ရာခိုင်နှုန်းထက် ဘယ်လောက်ပိုမလဲ ဆိုတာတော့ သူလည်း သိဟန်မတူပါဘူး။ ဒါဆိုရင် ဘယ်မှာလဲ ဆင်းရဲနွမ်းပါးမှုနှုန်း လျှော့ချနိုင်တယ်ဆိုတာ။

တိုင်းပြည်ရဲ့ လူဦးရေ သန်း ၆၀ ကျော် ရှိတယ်ဆိုရင် လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်တောရွာမှာ နေထိုင်ကြသူများပါ။

ကျေးလက်နေ မိသားစုအားလုံးရဲ့ ထက်ဝက်ရှိတဲ့ အရေအတွက်က မြေမဲ့ယာမဲ့တွေ ဖြစ်နေကြပါသတဲ့။ စစ်တမ်းတွေက ထောက်ပြနေပါတယ်။

ကျေးလက်နေ ပြည်သူတွေရဲ့ ၃၅ ရာခိုင်နှုန်းဟာ အစားအစာ ဝယ်စားနိုင်ဖို့ တနှစ်လုံး ငွေချေးနေရတယ်လို့ ဆိုပါတယ်။ ကျေးလက်နေ ပြည်သူတွေရဲ့ ရာခိုင်နှုန်း ၅၀ ဟာ တနှစ်မှာ ၂ လ ဝမ်းစာ မလုံလောက်တဲ့ ဆင်းရဲဒုက္ခ ခံစားရပါတယ်။ ဒါဟာ အငတ်ဘေးပါပဲ။ ဒီဒုက္ခခံစားနေရတဲ့ ကျေးလက်နေ ပြည်သူတွေရဲ့ဦးရေ ဘယ်လောက်များပြားမလဲဆိုတာ စဉ်းစားကြည့်ရုံနဲ့ သိနိုင်ပါတယ်။ ဒါဟာ မီချီဂန်တက္ကသိုလ်နဲ့ သမ္မတရဲ့ အကြံပေးအဖွဲ့ သုံးဖွဲ့နဲ့ ဖွဲ့စည်းထားတဲ့ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်းက ရေးသားပြုစုတဲ့ စာတမ်းအရဆိုတော့ ဦးရွှေမန်းက ဆင်းရဲနွမ်းပါးမှုအခြေအနေကို ထွက်ပြီး ထုတ်ဖော်ဝန်ခံလိုက်ရပုံပါပဲ။ ဒါ လျှော့လျှော့ပေါ့ပေါ့ ပြောသွားတာပါ။ ဆင်းရဲနွမ်းပါးမှုနှုန်းဟာ တကယ်တမ်းမှာ ဒါ့ထက် အများကြီး မြင့်မားနိုင်တယ်လို့ ပညာရှင်များ တွက်ဆနေကြပါတယ်။

တောင်သူလယ်သမားတွေဟာ ဆင်းရဲခြင်း သံသရာ Vicious Cycle ပင့်ကူအိမ်ထောင်ချောက် cobweb trap တို့ကို အမြဲတစေ ရင်ဆိုင်ခံစားနေရတယ်လို့လည်း ဘောဂဗေဒပညာရှင်တွေက ထောက်ပြထားပါတယ်။

ဆင်းရဲမှုနှုန်းထားကိုကြည့်ရင် ကျေးလက်က မြို့ပြထက် ၂ ဆခန့် ပိုမြင့်နေတယ်လို့လည်း သိရပါတယ်။ ကျေးလက်ရဲ့ ဆင်းရဲနွမ်းပါးမှုဟာ ဆင်းရဲနွမ်းပါးမှုအချိုးရဲ့ ရာခိုင်နှုန်း ၈၅ အထိ ရှိနေတယ်လို့ ဆိုပါတယ်။ ကျေးလက်နေ လူဦးရေရဲ့ အများစုကြီးဟာ အလုပ်လက်မဲ့ ဖြစ်နေကြရတယ်လို့လည်း ဆိုပါတယ်။ ဒါဟာ မြေမဲ့ယာမဲ့ ဖြစ်ရခြင်းရဲ့ အကျိုးဆက်ပါ။ ကျေးလက်နေ ကျောင်းတက်လူဦးရေရဲ့ ရာခိုင်နှုန်း ၈၀ ခန့် ကျောင်းထွက်နေကြရတာလည်း စစ်တမ်းကောက် ထားပါတယ်။ ဒါကြောင့် ဗမာပြည်က ဆင်းရဲနွမ်းပါးသူတွေ သိန်းသန်းချီပြီး သူတပါးနိုင်ငံမှာ အောက်ကျနောက်ကျခံပြီး အလုပ်ထွက်လုပ်နေရတာ ထင်ရှားတဲ့ သက်သေပါပဲ။ ရွာလုံးကျွတ်နီးပါး သူတပါးတိုင်းပြည် ထွက်အလုပ်လုပ်ရတဲ့ ကျေးရွာ တွေလည်း မနည်းပါဘူး။ လယ်သမားတွေ ပညာမတတ်တော့ ခေတ်မီစိုက်ပျိုးရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးတွေဆိုတာ ပြောမနေပါနဲ့တော့။

ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံး ရာခိုင်နှုန်းသို့ ရောက်ရှိနေတာဟာ တိုင်းရင်းသား လူမျိုးစုများ နေထိုင်ရာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်တို့ ဖြစ်နေတာကိုလည်း ထူးခြားချက်အဖြစ် တွေ့ရပါတယ်။ ရောဝတီတိုင်းနဲ့ မန္တလေးတိုင်းတို့ဟာလည်း ဆင်းရဲနွမ်းပါးမှုနှုန်း အတော်မြင့်တာ တွေ့ရပါတယ်။ တိုင်းရင်းသားများ နေထိုင်ရာ ပြည်နယ် တွေဆိုတာကလည်း မိရိုးဖလာ တောင်သူ လယ်ယာလုပ်စားသူများနဲ့ ဖွဲ့စည်းထားတာပါပဲ။ တိုင်းပြည် ဆင်းရဲနွမ်းပါးတာ မဖွံ့ဖြိုး မတိုးတက်တာကို ကျေးလက်က အဓိက ရောင်ပြန်ဟပ်ပြနေပါတယ်။ ကျေးလက်ဆင်းရဲနွမ်းပါးမှုဟာ မြေယာပြဿနာတွေပေါ်မှာ လုံးဝအခြေပြုပါတယ်။ မြေယာပြဿနာဟာ ပြည်ထောင်စုပြဿနာရဲ့ အဓိကကျတဲ့ အစိတ်အပိုင်းလို့ ဆိုလာနေကြပါပြီ။

**မြေယာပြဿနာဆိုင်ရာ ဖော်ပြချက်ပေါင်း မြောက်မြားစွာရဲ့ ဇာစ်မြစ်**

ဆင်းရဲနွမ်းပါးမှု ဖြစ်စေတဲ့ မြေယာပြဿနာရဲ့ ဖော်ပြချက်ပေါင်းများစွာ ရှိပါတယ်။

မြေနေရာ ခွဲဝေမှုနဲ့ လုပ်ပိုင်ခွင့်ပြဿနာ၊ ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့ အချိန်အခါမဟုတ် မိုးရွာသွန်းမှု ပြဿနာ၊ စိုက်ပျိုးရေးထိန်းသိမ်းမှု ညံ့ဖျင်းတဲ့ ပြဿနာ၊ သယ်ယူပို့ဆောင်ရေး စရိတ်ပြဿနာ၊ ကျေးလက်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများ အားနည်းမှု ပြဿနာ၊ ချေးငွေပြဿနာ(လယ်သမားများရဲ့ ကြွေးမြီပြဿနာ)၊ နည်းပညာ ကူညီပံ့ပိုးမှု ပြဿနာ၊ လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်သည့် သွင်းအားစု ရရှိရေး ပြဿနာ၊ လယ်ယာထွက်ကုန်အတွက် သင့်တင့်မျှတတဲ့ ရောင်းဈေးပြဿနာ ... များကအစ ကြွက်ပြဿနာ ခရုပြဿနာများ အဆုံးပါပဲ။ (မြန်မာနိုင်ငံမှာ ကြွက်ဖျက်ဆီးမှု အန္တရာယ်ကြောင့် နှစ်စဉ် စပါးအထွက် စုစုပေါင်းရဲ့ ငါးရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းအထိ ရှိနေတာကြောင့် ဒီလို သီးနှံဖျက်တိရစ္ဆာန်တွေရဲ့ ပြဿနာဟာလည်း သေးငယ်တယ်လို့ မဆိုနိုင်ပါဘူး။)

ဒါပေမဲ့ သဘာဝအန္တရာယ်တွေကလွဲရင် ကျန်တဲ့အချက်တွေ အားလုံးဟာ တိုင်းပြည်ရဲ့ မြေယာစနစ်ကို အရင်းခံပြီး ပေါ်ပေါက်လာရတဲ့ ပြဿနာ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ မြေယာစနစ်ပြဿနာဟာ ကိုလိုနီခေတ်ကစပြီး ဒီကနေ့အချိန်အထိ ဆက်လက်တည်ရှိနေတဲ့ ပြဿနာပါ။ သမိုင်းစဉ်အဆက်ဆက်မှာ တက်လာသမျှ စစ်အစိုးရအဆက်ဆက် အပါအဝင် အစိုးရတွေနဲ့ လယ်သမားတွေကြားက အဓိကပြဿနာဟာ ဒီလယ်ယာမြေစနစ် ပြဿနာ ဖြစ်ပါတယ်။ တိုက်ပွဲအနေနဲ့ ပြောရရင် အစိုးရတွေ ကျားကန်ပေးထားတဲ့ မြေရှင်စနစ်နဲ့ လယ်သမားတွေရဲ့တိုက်ပွဲ ဖြစ်ပါတယ်။ တိုက်ပွဲပုံစံပြောရရင် သဏ္ဌာန်အမျိုးမျိုးသော လယ်လုပ်သူ လယ်ပိုင်ရေးတိုက်ပွဲ ဖြစ်ပါတယ်။ လယ်လုပ်သူ လယ်ပိုင်ရေး တကယ်တန်း မရသေးသမျှ တနည်းအားဖြင့် မြေရှင်စနစ် အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ဆက်လက်တည်ရှိနေသမျှ လယ်ယာမြေပြဿနာနဲ့ လယ်ယာမြေ တိုက်ပွဲတွေဟာ ဆက်လက်တည်ရှိနေဦးမှာ ဖြစ်ပါတယ်။

မျက်မှောက် ကာလမှာတော့ အရပ်သားအရေခြုံ စစ်အစိုးရဟာ စစ်လက်ဝါးကြီးအုပ် မြေရှင်ကြီးစနစ်ကို ကျင့်သုံးနေပါတယ်၊ စစ်လက်ဝါးကြီးအုပ် မြေရှင်ကြီးစနစ်ထဲမှာ စစ်ဗိုလ်ချုပ်နဲ့ စစ်အရာရှိတွေ၊ စစ်တပ်၊ ရဲစခန်းနဲ့ ရဲမှူးအရာရှိများ၊ ခရိုနီများ၊ ကြံ့ဖွံ့ခေါင်းဆောင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးလက်အာဏာပိုင်များနဲ့

လက်ပါးစေများ ပါဝင်နေတာကို ပိုမိုထင်ရှားစွာ တွေ့မြင်လာရပါတယ်။ (လယ်ယာနဲ့ ဆည်မြောင်းဌာနသည်ပင်လျှင် လယ်သမားနဲ့ အကျိုးတူဆိုပြီး လယ်ယာမြေ သိမ်းပိုက်ရယူထားမှုများ ရှိနေပါတယ်)

မျက်မှောက် မြေယာပြဿနာတွေထဲက အဓိကကျတဲ့ ပြဿနာတွေ ဘယ်လိုဆက်လက် ဖြစ်ပေါ်နေသလဲဆိုတာ လေ့လာစူးစမ်းသင့်ပါတယ်။

## လယ်ယာမြေမှ ကြွေးမြီ ပြဿနာ

လယ်သမားတွေ ကိုယ်တိုင်ပြောပြတဲ့ သူတို့ရင်ဆိုင်နေရတဲ့ အခက်အခဲတွေထဲမှာ ကြွေးမြီပြဿနာဟာလည်း အဓိကကျတဲ့ ပြဿနာတရပ် ဖြစ်ပါတယ်။

ဗမာပြည်က လယ်သမားမိသားစု ထက်ဝက်ကျော်လောက်ဟာ မြေမဲ့ယာမဲ့ ဖြစ်ကြရ၊ အလုပ်လက်မဲ့ ဖြစ်ကြရ၊ ဝမ်းစာ မလုံလောက်ကြ။ ဝမ်းစာအတွက်ကို ငွေချေးကြရ၊ အကြွေးတင်ကြရ။ အကြွေးဆပ်ဖို့ ငွေထပ်ချေးကြရ ဒီလိုနည်းနဲ့ အကြွေးသံသရာထဲ ဝဲလည်နေကြပါတယ်။ ဒါက အပိုင်းတပိုင်းပါ။

နောက်တပိုင်းကတော့ လယ်ယာစိုက်ပျိုးရေးစနစ်နှင့် တိုက်ရိုက်ဆက်သွယ်နေတဲ့ အကြွေးပြဿနာ ဖြစ်ပါတယ်။ စိုက်ပျိုးစရိတ် ချေးငွေတွေနဲ့ ပတ်သက်တဲ့ အကြွေးပြဿနာပါ။

စိုက်ပျိုးရေးစရိတ်အတွက် စိုက်ပျိုးရေးဘဏ်က ချေးပေးတဲ့ငွေဟာ (၁၉၉၈–၁၉၉၉) တုန်းက တနှစ်ကို ၂၁ ရာခိုင်နှုန်း အတိုးယူခဲ့ပါတယ်။ ပြင်ပ အတိုးကြီးစား ငွေချေးသူတွေ ၂၀ ရာခိုင်နှုန်း အတိုးယူနေကြတာကို ထည့်ပြောစရာတောင် မလိုတော့ပါ။ အစိုးရကိုယ်တိုင် လယ်သမားတွေကို ကြွေးတင်ကျွန်ဖြစ်တဲ့ ဘဝရောက်အောင် တွန်းပို့ခဲ့တာပါ။ နောက်ပိုင်းမှ ဒီအတိုးနှုန်းကို တစတစ လျှော့ချလာခဲ့တာပါ။ ၂၀၁၀ ခုနှစ်ကျမှ စိုက်ပျိုးရေးစရိတ် ချေးငွေအတိုးကို ၁၃ ရာခိုင်နှုန်းသို့ လျှော့ချလိုက်ပါတယ်။ ဒါကလည်း အာဆီယံဒေသတွင်းမှာ အတိုးနှုန်းအများဆုံး ဖြစ်ပါတယ်။

စိုက်ဘဏ်က ချေးငွေပေးရာမှာလည်း လယ်သမားတွေအတွက် ပြဿနာ ဖြစ်စေပါတယ်။ ဒီနှစ်မှာဆိုရင် စိုက်ပျိုးရာသီ ရောက်လာလို့ တလတောင် ကျော်ပြီ၊ စိုက်စရိတ်ချေးငွေတွေ မရသေးလို့ လယ်သမားတွေ အပြင်ကနေ ငွေချေးနေရပါပြီ။ လယ်သမားတွေအတွက် စိုက်စရိတ် ချေးငွေတွေ ဘီလီယံ တထောင်ကျော် (၁၀၀၀) ထဲက ၂၂ ရာခိုင်နှုန်းသာ ငွေထုတ်ပေးနိုင်သေးတယ်လို့ သိရပါတယ်။



နှစ်စဉ်လိုလို ချေးငွေတွေကို လယ်သမားတွေထံက တောင်းခံရာမှာ အချိန်စောပြီး တောင်းခံပါတယ်။ ဒါကြောင့် လယ်သမားတွေက ငွေမပေါ်သေးမီ အပြင်မှာ ငွေချေးပြီး ပြန်ဆပ်ကြရတယ်။ ဒီလိုနဲ့ လယ်သမားတွေခမျာ အကြွေးပေါ် အကြွေးဆင့်ပြီး ခါးကျိုးမတတ် ကြွေးဝန်ရဲ့ ဖိစီးခြင်းကို ခံနေကြရတာပါ။

မျက်မှောက်မှာ စပါးမဟုတ်တဲ့ အခြားသီးနှံ စိုက်စရိတ်ချေးငွေ တဧက ၂ သောင်းနှုန်း ပေးပါတယ်။ ဒီငွေပမာဏဟာ အပြင်က ချေးထားတဲ့ ငွေတွေအတွက် အတိုးပေးနိုင်ရုံလောက်သာ ရှိတယ်လို့ လယ်သမားတွေက ရင်ဖွင့်နေကြပါတယ်။ စပါးအတွက် ဆိုရင်တော့ တဧက စိုက်စရိတ်ချေးငွေ တသိန်းကျော်ကျော် ရပါတယ်။ စပါးက တဧက စိုက်ပျိုးရေးအရင်းအနှီး ပိုကြီးပါတယ်။ တကယ်က အစိုးရချေးပေးတဲ့ ဒီစိုက်ပျိုးရေးစရိတ်ဆိုတာ သွင်းအားစု စရိတ်နဲ့ အလုပ်သမားငှားရမ်းခ စရိတ်တွေရဲ့ လေးပုံတပုံလောက်သာ ရပါတယ်။ ဒီတော့ စိုက်ပျိုးရေးစရိတ် နှောင့်နှေးတာရော၊ မလုံလောက်တာရောကြောင့် အပြင်က ငွေချေးရပါတယ်၊ ၂၀ ရာခိုင်နှုန်းတိုးပါ။ တလ ၂ သောင်း၊ လေးလ ၈ သောင်း။ အားလုံး တဧက ၂ သိန်း ၄ သောင်း။ စပါးထွက်လို့ ပြန်ရောင်းတော့ စပါးဈေးက တင်းတရာ (၁၀၀) ၃ သိန်း။ လယ်သမားတွေအတွက် တဧက စပါးတင်းတရာ (၁၀၀) ထွက်ဖို့ လွယ်ကူလှတာ မဟုတ်ပါ။ ဒီလယ်သမားမှ မမွဲရင် ဘယ်လယ်သမား မွဲမလဲ။

တကယ်က သူတို့ရဲ့ လယ်ယာကဏ္ဍစိုက်စရိတ်ချေးငွေ ဘီလီယံတထောင် (၁၀၀၀) ကျော်ဟာ ချေးငွေကဏ္ဍ အားလုံးရဲ့ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိပါတယ်။

အစိုးရက လယ်ယာကဏ္ဍကို တကယ်တမ်း ဖွံ့ဖြိုးတိုးတက်စေချင်ရင် ဒီ့ထက်ပိုပြီး လယ်သမားတွေကို ဖိဖိစီးစီး ကူညီထောက်ပံ့ရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ကပင်လျှင် ဗမာအစိုးရကို လယ်ယာကဏ္ဍ တကယ်တိုးတက်စေချင်ရင် အတိုးနှုန်း လျှော့ချဖို့ လိုတယ်လို့ အကြံပြုနေရတဲ့ အခြေအနေပါ။

အတိုးကြီးစား နောက်ထပ် ငွေချေးငှားတဲ့ အမျိုးအစားတခုကတော့ ဆန်စပါးအထူးပြု ကုမ္ပဏီတွေပါပဲ။ ဒါဟာလည်း အစိုးရက မျက်နှာသာပေးထားတဲ့ ကုမ္ပဏီတွေပဲဆိုတာ အထူးပြောနေစရာ မလိုတော့ပါဘူး။ သူတို့က စပါးပေးစနစ်နဲ့ ငွေချေးတာပါ။ သူတို့ သွေးစုပ်ပုံကလည်း ရက်စက်ပါတယ်။ ချေးငွေပေါ်က အတိုးယူထားပြီးတဲ့အထဲက စပါးဈေးမှာ ထပ်နှိမ်ပြီး ယူပါတယ်။ စပါးတတင်း ၃၆၀၀ ကျပ် ပေါက်ဈေး ရှိတဲ့အချိန်မှာ ၃၄၀၀ ကျပ်နဲ့ပဲ ဝယ်ပါတယ်။ ဒီ့အပြင် အလေးချိန်ကိုလည်း ပိုတိုးပြီး ယူပါတယ်။ စပါးတတင်း ၄၆ ပေါင်၊ တအိတ်ကို ၂ တင်းနှုန်း။ ဒါပေမဲ့ ကုမ္ပဏီက တအိတ်ကို ပေါင်တရာပြည့်မှ ယူနိုင်မယ်ဆိုပြီး လယ်သမားဆီက ခိုးယူပါတယ်။ လယ်သမားတွေ သိသိကြီးနဲ့ ခံနေရတဲ့ အဖြစ်တွေပါ။

ပြင်ပ ငွေတိုးချေးစားသူတွေ ကိစ္စမှာလည်း လယ်သမားတွေ နစ်နာတာကို အစိုးရက ဥပဒေအရ ဘာအကာ အကွယ်မှ မပေးနိုင်ကြောင်း၊ ဒီလိုကိစ္စတွေ အမြောက်အမြား ဖြစ်နေကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင် ဖွင့်ဟ ဝန်ခံနေရတဲ့ အခြေအနေပါ။ ဒါကြောင့် လယ်သမားတွေ ချေးငွေတွေကြောင့် ကြွေးဝန်ပိုပိနေရတဲ့ ကိစ္စတွေဟာ လယ်ယာ စိုက်ပျိုးရေးနဲ့ တိုက်ရိုက်ဆက်စပ်နေပြီး အစိုးရမှာ တာဝန်ရှိနေကြောင်း ထင်ရှားပါတယ်။

## မြေယာပိုင်ဆိုင်မှုပြဿနာ(သို့မဟုတ်) လယ်ယာမြေများကို ဓားပြတိုက်လုယက်မှု ပြဿနာ

မြေသိမ်းလုယက်ရာမှာ နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ အမှုတွေ ပေါ်ထွက်လာခဲ့ပါတယ်။

မြေယာတွေကို အဓမ္မလုယူသိမ်းပိုက်တဲ့ စစ်တပ်တွေထဲမှာ ထောက်လှမ်းရေးတပ်လည်း ပါပါတယ်။ အဲသလို သူတို့ လယ်သမားတွေဆီက လုယက်သိမ်းပိုက်လိုက်တဲ့ မြေယာတွေကို လူမြင်ကောင်းအောင် တပ်အကျိုးစီးပွားအတွက် အသုံးချ တာမျိုးတောင် နည်းနည်းမှ မလုပ်ဘဲ ဗိုလ်ချုပ်ကြီးဝင်းမြင့်ရဲ့သမီး ဒေါ်နန်းရတနာဝင်းရဲ့ မင်္ဂလာဆောင်မှာ လက်ဖွဲ့အဖြစ် ပေးလိုက်တာပါပဲ။ တကယ်တော့ ဒီမင်္ဂလာလက်ဖွဲ့ဟာ လယ်သမားတွေရဲ့ ကြေကွဲမှုတွေနဲ့ မျက်ရည်စက်တွေလို့ ဆိုနိုင်ပါတယ်။ ကိုလိုနီခေတ် ချစ်တီးတွေတောင် ဒီလိုမျိုး လုပ်ကြမယ် မထင်ပါဘူး။ ပဒေသရာဇ် မင်းတွေ၊ ပဒေသရာဇ် နယ်စားတွေလုပ်တဲ့ ပုံမျိုးပါပဲ။



ဗိုလ်သန်းရွှေရဲ့ ကိုယ်ရေးအရာရှိ တာဝန်ထမ်းခဲ့ဖူးသူ စိုးရှိန်က လယ်သမားတွေကို သေနတ်နဲ့ချိန်သူ့လက်ပါးစေတွေက ဓားနဲ့လိုက်ပြီး သူတို့မတရားသိမ်းပိုက်ထားတဲ့ လယ်ယာမြေကနေ မောင်းထုတ်တဲ့ အမှုလည်း ဖြစ်ပွားခဲ့တယ်။ လက်ပံတောင်းနဲ့ တခြားလယ်ယာမြေဒေသတွေမှာ မီးလောင်ဗုံးနဲ့ခွဲ၊ သေနတ်တွေနဲ့ ခြိမ်းခြောက်ကာ လယ်သမားတွေကို လယ်ယာမြေက နှင်ထုတ်တာတွေ လုပ်ခဲ့ကြတယ်။

လယ်သမားတွေကို သေနတ်နဲ့ ခြိမ်းခြောက်ပြီး လယ်ယာမြေက မောင်းထုတ်တာတွေ အိန္ဒိယမှာ ဖြစ်ပေါ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒါက လယ်ယာလုပ်ခင်းစနစ်သို့ ကူးပြောင်းချိန်က ပေါ်ပေါက်ခဲ့တဲ့ ပြဿနာ ဖြစ်ပါတယ်။ အခု ဗမာပြည်ကတော့ စစ်ဗိုလ်ချုပ်တွေ၊ ခရိုနီတွေရဲ့ ကိုယ်ကျိုးစီးပွားအတွက် လယ်သမားတွေအပေါ် မတရားပြုမူမှု ပုံစံနဲ့ ပေါ်ပေါက်ခဲ့တာပါ။

သမ္မတကိုယ်တိုင် လယ်သမားတွေရဲ့ မြေတွေကို မတရားသိမ်းထားတဲ့အထဲက ဧက ၂၀ လောက် ဝေစုရထားတယ်ဆိုတော့ ကမ်းကုန်နေပြီပေါ့။

အခု နောက်ဆုံး ရလာတဲ့သတင်းအရ သမ္မတရဲ့ ဧက ၅၀၀ လောက်ရှိတဲ့ ဥယျဉ်မြေ၊ စပါးခင်း၊ မွေးမြူရေးလုပ်ငန်းတွေ ဓာတ်ပုံနဲ့တကွ တွေ့လိုက်ရတော့ သမ္မတဆိုတာလည်း စစ်အုပ်စု ဒီပုတ်ထဲကဒီပဲ ဖြစ်တယ်ဆိုတာ ပိုရှင်းသွားပါတယ်။ သမ္မတရဲ့ သမက်အတွက် မြေရဖို့ အောက်ခြေက စီစဉ်ပေးရတယ်ဆိုတဲ့ သတင်းလည်း ပေါ်ထွက်ခဲ့ပါသေးတယ်။

နေပြည်တော် တည်ထောင်စဉ်က သိမ်းယူခဲ့တဲ့ မြေယာတွေအတွက် လယ်မြေ တဧကလျှင် ကျပ် ၃ သိန်းခွဲ၊ ယာမြေ တဧကလျှင် ကျပ် ၂ သိန်းခွဲ အမြင့်ဆုံးနှုန်းနဲ့ ပေးလျော်ခဲ့ပါတယ်။ ဒါဟာ ကာလပေါက်ဈေးထက် အများကြီးနည်းတယ်ဆိုပြီး ဒေသခံတွေက မကျေနပ်ကြပါဘူး။ တပြည်လုံးမှာ ကုမ္ပဏီတွေက လယ်သမားတွေကို တဧက ငွေ ၂ သိန်း ၃ သိန်းလောက်နဲ့ ပေးဝယ်ပြီး သူတို့ကျတော့ သိန်း ၂၀၀ ၊ ၃၀၀ လောက်နဲ့ ပြန်ရောင်းစားတယ်လို့ ကြားသိနေရပါတယ်။ နေပြည်တော်အတွက် အစိုးရက မြေသိမ်းပြီး လျော်ကြေးပေးတဲ့အခါမှာ ကုမ္ပဏီလောက်ပဲ ဈေးပေးတာဟာ ကုမ္ပဏီတွေလို လယ်သမားတွေကို အနိုင်ကျင့်တာ မဟုတ်လား။

**(FSWG)** စားနပ်ရိက္ခာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က ပြုစုထားတဲ့ စာရင်းဇယားတွေအရဆိုရင် စစ်တပ်က သိမ်းတာ၊ အခြား အစိုးရဌာနတွေက သိမ်းတာ၊ ကုမ္ပဏီတွေက သိမ်းတာအပါအဝင် မြေယာတွေကို အဓမ္မသိမ်းပိုက်ထားတာ အကြမ်းအားဖြင့် ဧက ၆ သန်းလောက် ရှိတယ်လို့ ဆိုပါတယ်။ အဲဒီ ၆ သန်းထဲမှာ ၄ သန်းလောက်က စစ်တပ်က သိမ်းပိုက်

ထားတာလို့ ဆိုပါတယ်။ ဒီလို မြေယာ မတရားသိမ်းပိုက်မှုတွေကြောင့် ကျေးလက်နေ လူဦးရေရဲ့ ၃၅ ရာခိုင်နှုန်းမှ ၅၃ ရာခိုင်နှုန်းလောက် မြေမဲ့ယာမဲ့တွေ ဖြစ်နေကြတယ်ဆိုတဲ့ အချက်အလက်နဲ့ ဆက်စပ်စဉ်းစားကြည့်ရင် ဖြစ်နိုင်စရာ ရှိလောက်တဲ့ တွက်ချက်မှုပါပဲ။ (တပြည်လုံးမှာ လက်ရှိ လယ်ယာမြေ စိုက်ပျိုးကေပေါင်း ၃၀ ဒသမ ၂၅ သန်း ရှိတယ်လို့ ဆိုပါတယ်)

လက်လှမ်းမီတဲ့ မြေသိမ်းမှုတွေ စာရင်းတွက်ချက်ထားမှုအရကတော့ စစ်တပ်က သိမ်းတာချည်းသက်သက် ၂၉၇၂၁၇ ကေလို့ တွက်ပြတာလည်း ရှိတယ်။ နောက်စာရင်းတခုကတော့ ၂၄၇၀၇၇ ကေလို့ ဆိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စစ်တပ်က လယ်သမားတွေထံက မြေယာကို အနိုင်ကျင့် သိမ်းပိုက်ထားတာ အလွန်များတဲ့ အရေအတွက် ရှိနေတာ သိသာလှပါတယ်။ ရန်ကုန်မြို့ ပတ်ဝန်းကျင်မှာတောင် စစ်တပ်နဲ့ ခရိုနီတွေ သိမ်းပိုက်ထားတဲ့ မြေတွေဟာ ရန်ကုန်မြို့ထက် ကျယ်တယ်လို့ ထောက်ပြနေကြပါတယ်၊

ကုမ္ပဏီတွေက မြေသိမ်းတဲ့အခါမှာ အထက်က အမိန့်နဲ့ ပံ့ပိုးပေးပါတယ်။ တချို့လည်း ကုမ္ပဏီနဲ့ ဗိုလ်ချုပ်တွေ အကျိုးတူပူးပေါင်းပြီး စီမံကိန်းမြေဆိုကာ သိမ်းယူတာ လုပ်ပါတယ်။ အုပ်ချုပ်ရေးနဲ့ ကုမ္ပဏီပေါင်းပြီး အလိမ်အညာ စီမံကိန်းလုပ်ကာ လယ်သမားတွေရဲ့မြေတွေကို သိမ်းတာလည်း ရှိတယ်။ ကုမ္ပဏီက လယ်သမားတွေရဲ့မြေကို သိမ်းတဲ့အခါမှာ ရဲတပ်ဖွဲ့က အခိုင်အမာ လယ်ယာမြေထဲထိ ဝင်ရောက်ဖျက်ဆီးတာတွေ လုပ်ပါတယ်။ ကုမ္ပဏီနဲ့ပေါင်းပြီး လယ်သမားတွေကို ဖိနှိပ်တဲ့နေရာမှာ ကျေးလက်အာဏာပိုင်တွေကလည်း လူဆိုးကုန်းရုပ်အခန်းကနေ တက်တက်ကြွကြွ အာဏာစောင်း ထက်ပြကြတာတွေ့ရပါတယ်။

မြေသိမ်းတာတွေအပြင် မြေယာတွေကို လက်ညှိုးထိုး ငှားရမ်းရောင်းချတွေကိုလည်း ထည့်သွင်းဖော်ပြဖို့ လိုပါတယ်။ ဒါဟာလည်း တိုင်းရင်းသား လူမျိုးပေါင်းစုံ ပြည်သူတွေကို နစ်နာဆုံးရှုံးမှု ကြီးမားစေပါတယ်။ အထင်ရှားဆုံး ကိစ္စတခုကို ဖော်ပြရရင် ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်နဲ့ တန့်ယန်းမူဆယ်တလျှောက်ရှိ သဘာဝတောတောင်နဲ့ မြေလွတ်မြေရိုင်း အားလုံးနီးပါးကို နှစ် (၃၀) စာချုပ်နဲ့ လက်ညှိုးထိုး ငှားရမ်းလိုက်တဲ့ ကိစ္စပါပဲ။

မြန်မာအစိုးရ လက်ဝေခံ တာမိုးညဲ ပြည်သူ့စစ်အဖွဲ့ဝင် တရုတ်လူမျိုးပိုင် “တာမိုးညဲ ချမ်းသာသစ် အခြေခံစက်မှုလက်မှုလုပ်ငန်း ကုမ္ပဏီလိမိတက်”သို့ ငှားရမ်းမှာပါ။ ဇီဝလောင်စာ ထုတ်လုပ်ရေးအတွက်လို့ ဆိုပါတယ်။ ကေ ၆ သိန်းကျော်ရှိပါတယ်။

အစိုးရဟာ တိုင်းပြည်ရဲ့ သယံဇာတတွေ၊ သစ်တောတွေ ရောင်းစားလာခဲ့တာ နှစ်ပေါင်းများစွာ ကြာလှခဲ့ပါပြီ။ သယံဇာတတွေ ဆုံးရှုံးမှုလည်း ကြီးလှပါတယ်။ သစ်တောတွေ ဆုံးရှုံးမှုလည်း များလှပါပြီ။ (နှစ်စဉ် သစ်တောဧရိယာ ငါးသောင်းကျော်ဟာ သစ်ထုတ်လုပ်မှုကြောင့် ဆုံးရှုံးနေရတယ်လို့ စာရင်းရရှိပါတယ်) ဒါလောက်နဲ့တောင် အားမရနိုင်သေးဘဲ တောင်သူလယ်သမားတွေရဲ့ မြေယာတွေကို လက်နက်နဲ့ အာဏာနဲ့ လုယက်တာ၊ ခေါင်းပြတိုက်တာတွေ စစ်အစိုးရအဆက်ဆက်နှစ်ပေါင်းများစွာ လုပ်လာခဲ့တာကြောင့် တောင်သူလယ်သမားတွေမှာ ပြန်လည်နာလန်ထူဖို့ ခဲယဉ်းလောက်အောင် အတိဒုက္ခရောက်နေကြပါပြီ။

ဒီမတရားမှုတွေကို တိုင်ကြားတော့လည်း လယ်သမားတွေ အဖမ်းခံကြရတယ်။ အမှုဖွင့်တော့လည်း လယ်သမားတွေ ငွေကုန်ပြီး ပြန်လည်တရားစွဲဆိုတာ ခံကြရတယ်။ ကိုယ့်လယ်ကိုယ် ပြန်လည်ထွန်ယက်တော့လည်း ဖမ်းဆီးတာ ခံကြရတယ်။ ဒါတင်မက လက်နက်နဲ့ ဖိနှိပ်မှုကိုပါ ရင်ဆိုင်ကြရတာပါ။ စစ်ဗိုလ်တွေ သိမ်းသွားတဲ့ လယ်မြေတွေမှာ သီးစားအဖြစ် ဝင်လုပ်တော့လည်း ကျွဲတွေ၊ နွားတွေ အရင်းအနှီးတွေပါ ဆုံးရှုံးပြီး ကုန်းကောက်စရာတောင် မကျန်တော့ဘူးလို့ လယ်သမားတွေ ကိုယ်တိုင် ရင်ဖွင့်တိုင်တည်နေကြပါပြီ။

ဒီလို လယ်သမားတွေရဲ့ မကျေနပ်တဲ့အသံတွေ ပွက်ပွက်ညံလာတော့ ဒီပြဿနာတွေ ဘယ်လို ဖြေရှင်းမလဲ။ ဒ့ါထက် ဆိုးလာရင် နိုင်ငံတော်ပြဿနာတောင် ဖြစ်လာနိုင်စရာ ရှိတယ်လို့ ဦးရွှေမန်းကိုယ်တိုင်က ပြောလာနေပါပြီ။

## သမ္မတ ဦးသိန်းစိန်ရဲ့ ဖြေရှင်းမှုပုံစံ

ဦးသိန်းစိန် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌနဲ့ တွေ့တဲ့အချိန်မှာ သူ လက်ဝါးဖြန့်တောင်းတဲ့အတွက် ဆင်းရဲနွမ်းပါးပြီး ဒုက္ခရောက်နေကြတဲ့ တနင်္သာရီတိုင်းထဲက ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၂၀) ကို သုံးနှစ်စီမံကိန်းနဲ့ အုပ်စုတခုစီကို အမေရိကန်ဒေါ်လာ ၂၇၀၀၀ ထောက်ပံ့သွားမယ်လို့ ကမ္ဘာ့ဘဏ်က ကတိပြုလိုက်ပါတယ်။ ဗမာပြည်က ကျေးရွာအုပ်စု ၆၄၀ အတွက် အမေရိကန်ဒေါ်လာ သန်း ၈၀ ထောက်ပံ့မယ်လို့ ဆိုပါတယ်။ ကျေးလက်အခြေခံအဆောက်အအုံတွေ ထူထောင်ဖို့အတွက် ဝန်ထမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရမယ့် စီမံကိန်းတွေဆိုတော့ ဒီငွေတွေ လူထုလက်ထဲ မှန်မှန်ကန်ကန် ရောက်မရောက်။ လူထုအတွက် တကယ်တမ်း ထိရောက်တဲ့ အကျိုးကျေးဇူး ရှိမရှိ စောင့်ကြည့်ရဦးမှာပါ။ ဒါပေမဲ့ ဒါဟာလည်း တပွဲတိုး ဆေးမြီးတိုပါ။ လယ်ယာမြေစနစ်တခုလုံး မပြောင်းလဲနိုင်သေးသမျှ လယ်သမားတွေရဲ့ ဘဝလွတ်မြောက်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ ဖြစ်ပေါ်လာနိုင်မှာ မဟုတ်သေးပါ။

## ဒေါ်အောင်ဆန်းစုကြည်ရဲ့ နည်းနာ

ဒေါ်အောင်ဆန်းစုကြည်ရဲ့အိမ်မှာ ဒီနှစ် ဧပြီလ ၂၄ ရက်နေ့က လယ်သမားကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ လယ်သမားတွေ ဆွေးနွေးချက်အရ လယ်ယာမြေမှာ အလုပ်လက်မဲ့ အခြေအနေတွေ အလွန်များပြားလာတာ၊ လယ်သမားတွေ မြေမဲ့ယာမဲ့ ဖြစ်ကြရတာ၊ လယ်သမားတွေ ကြွေးမြီဝန်ထုပ်ဝန်ပိုး အလွန်ကြီးမားနေတာတွေစတဲ့ လယ်သမားတွေရဲ့ ခံစားချက်ကို ဒေါ်အောင်ဆန်းစုကြည် နားလည်ယူခဲ့ပါတယ်။

လယ်သမားတွေရဲ့ ကြွေးမြီပြဿနာကို ပြည်တွင်းက အလှူရှင်တွေရဲ့ အကူအညီ၊ ပြည်ပက အလှူရှင်တွေရဲ့ အကူအညီနဲ့ ဒေါ်အောင်ဆန်းစုကြည်က သက်သာတဲ့ အတိုးနှုန်းထားနဲ့ ငွေချေးပြီး အကူအညီပေးမယ်လို့ ဆိုပါတယ်။

ချေးငွေကို ချေးငွေနဲ့ ဖြေရှင်းတဲ့နည်းနာဟာ လယ်သမားတွေအတွက် အကြွေးဝန်ထုပ်ဝန်ပိုး ပိုတက်စေတယ်လို့ စီးပွားရေးပညာရှင်တွေက တွက်ပြနေကြပါတယ်။ အလှူငွေဘယ်လောက် အတိုင်းအတာရပြီး ငွေပမာဏ ဘယ်လောက်ကို အတိုးနှုန်းဘယ်လောက်နဲ့ ဘယ်အချိန် ချေးပေးနိုင်မလဲဆိုတာ မသိသေးပါ။ လယ်ယာမြေယာဆိုတာ တိုင်းနဲ့ပြည်နယ်တိုင်းမှာ ရှိပါတယ်။ တောင်သူလယ်သမားတွေဆိုတာလည်း တိုင်းရင်းသားတွေ နေထိုင်ရာဒေသအပါ တပြည်လုံးမှာ ရှိနေတာပါ။ ဒေသအနည်းငယ်ကွက်ပြီး အကူအညီပေးလို့ မသင့်တော်ပါ။ တပြည်လုံးအတွက် ဆိုလျှင်လည်း ကူညီရာမှာ ဆင့်ပါးစပ်နှမ်းပက်တာမျိုး မဖြစ်အောင် ဘယ်လောက် ထိထိရောက်ရောက် ကူညီနိုင်မလဲဆိုတာ စဉ်းစားစရာပါ။ ချေးငွေနဲ့ ကူညီတယ်ဆိုတာလည်း စေတနာပါစေဦး၊ လယ်သမားတွေ ခံစားနေတဲ့ ဒုက္ခတွေရဲ့ အရင်းအမြစ်ကို ဖယ်ရှားပေးတာ မဟုတ်ပါ။ တောင်သူလယ်သမားတွေအပေါ် ဖိစီးထားတဲ့ မတရားတဲ့ လယ်ယာမြေစနစ်ကို ဖွင့်ချတိုက်ခိုက်မှုမဟုတ်ဘဲ လယ်သမားတွေကို အနည်းငယ် သက်သာရုံမျှ နှစ်သိမ့်ပေးရုံလောက်ပဲ ဖြစ်ပါလိမ့်မယ်။

လယ်သမားတွေအတွက် မြေယာမှတ်ပုံတင်လုပ်တာဟာ တစုံတရာတော့ အကျိုးရှိစေပါတယ်။ အိန္ဒိယနဲ့ တခြား လယ်ယာမြေ ပဋိပက္ခရှိနေတဲ့ တိုင်းပြည်တွေမှာ လယ်သမားတွေအတွက် တစုံတရာ သက်သာခွင့်ရအောင် လယ်ယာမှတ်ပုံတင် လုပ်နိုင်အောင် ဒီမိုကရေစီအင်အားစုတွေက အကူအညီ ပေးကြတာ ရှိပါတယ်။ ဒီလိုမျိုး ဖြစ်လာအောင် တချို့တိုင်းပြည်တွေမှာ တိုက်ပွဲဆင်ပြီး တိုက်ခိုက်ရတာတောင် ရှိပါတယ်။ ဗမာပြည်မှာ လယ်မြေမတရား သိမ်းပိုက်တဲ့အခါ လယ်သမားတွေ ကိုယ့်မြေယာ အမှန်အကန် ဖြစ်ကြောင်း အထောက်အထား ပျောက်ဆုံးမှု၊ မှတ်ပုံတင်မရှိမှု ဆိုတဲ့ အားနည်းချက်အပေါ် ဖိနင်းပြီး လယ်ယာမြေတွေ သိမ်းကြလို့ လယ်သမားတွေက မှတ်ပုံတင် လုပ်ချင်လာကြတာပါ။ ဒေါ်အောင်ဆန်းစုကြည်က လယ်သမားတွေကို ပြဿနာမရှိတဲ့ အရှုပ်အရှင်း မရှိတဲ့ လယ်မြေဆိုရင် မှတ်ပုံတင်ရအောင် သူဆောင်ရွက်ပေးမယ်လို့ တာဝန်ယူလိုက်ပါတယ်။

လက်တွေ့ လယ်သမားတွေအတွက် လယ်ယာမြေမှတ်ပုံတင် လုပ်ငန်းတွေ စတင်ပေါ်ပေါက်လာပါတယ်။ ပေါ်လာတာ မှန်ပေမယ့် ပြဿနာတွေနဲ့ပါ။

– တပြည်လုံးမှာ မြေယာအခမ့် သိမ်းပိုက်မှု အရှုပ်အရှင်းတွေ ရှိနေတဲ့ မြေယာတွေက မနည်းမနော ရှိနေခဲ့တာပါ။ မြေယာမှတ်ပုံတင်လည်း လုပ်မယ်ဆိုရော အဓိကကုမ္ပဏီနဲ့ လယ်သမားတွေကြား ပြဿနာတွေ တက်လာပြန်ပါတယ်။ တချို့လယ်သမားတွေ သူ့လယ်ကို မှတ်ပုံတင်မယ်ဆိုကာမှ သူ့လယ်ကို သူများနာမည် ပေါက်သွားပြီဆိုတဲ့ ပြဿနာများ တွေတောင် ပေါ်ပေါက်ပါတယ်။ မတရားတဲ့ စနစ်မှာ မတရားတဲ့ ဝန်ထမ်းတွေကြောင့် ဒေသအများအပြားမှာပဲ မြေယာမှတ်ပုံတင် ကောင်းကောင်းမလုပ်နိုင်ဘဲ ပြဿနာတွေ တက်နေပါတယ်။ တချို့နယ်တွေမှာတော့ လုပ်သားအင်အားမရှိလို့ဆိုပြီး မှတ်ပုံတင် လုပ်မပေးနိုင်သေးပါဘူး။ တချို့ဒေသတွေကျတော့ စစ်တပ်၊ ကုမ္ပဏီက တဖက်၊ လယ်သမားတွေက တဖက် ပြဿနာ ဖြစ်စရာတွေများလို့ ဆိုင်းငံ့ထားရတာလည်း ရှိပါတယ်။ ငွေငါးရာရှိရင် လယ်ယာမြေမှတ်ပုံတင်လို့ ရတယ်လို့ အစိုးရက ဝါဒဖြန့်ထားပေမယ့် လက်တွေ့မှာ လယ်တဧက ငွေကျပ်သုံးသောင်း ပေးရတာမျိုး ဖြစ်နေလို့ လယ်သမားတွေမှာ ဒုက္ခရောက် နေရပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူး၊ စာရေးနဲ့ မြေစာရင်းရုံးမှ ဝန်ထမ်းတို့က လယ်သမား ၃၃ ဦးထံမှ ကျပ်ငွေ ၃၅ သိန်း တောင်းတဲ့ အမှုကိစ္စတွေလည်း ပေါ်ပေါက်နေပါတယ်။ မြေယာမှတ်ပုံတင်လုပ်တော့မှ မြေလုပွဲလို ပြန်ဖြစ်ပြီး တရားစွဲတာတွေ၊ အမှုလုပ်တာတွေလည်း ဖြစ်ပေါ်နေပါတယ်။ လယ်ယာမှတ်ပုံတင်ခွင့်ရရင် လယ်ပေါင်လို့ ရတော့မယ်လို့ လယ်သမားတွေ စဉ်းစားနေတာကိုက လယ်သမားတွေရဲ့ အခြေအနေ ဘယ်လောက်ထိ ဆင်းရဲနွမ်းပါးနေသလဲ ဆိုတာကို ဖော်ပြနေပါတယ်။

## ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနဲ့ ပွင့်လင်းလူ့အဖွဲ့အစည်းရဲ့ မြေယာနှင့် တောင်သူလယ်သမားရေးရာ ကော်မတီရဲ့ အကူအညီ

သူတို့က အဓိကကတော့ မြေအသိမ်းခံရတဲ့ လယ်သမားတွေကို အကူအညီပေးတာပါ။ လယ်သမားတွေရဲ့ တင်ပြချက်တွေကို သူတို့က နားထောင်ပါတယ်။ သူတို့အဓိက လုပ်တာကတော့ လယ်သမားနဲ့ မြေယာသိမ်းသူတို့အကြား ညှိနှိုင်းပေးတာ လုပ်ပါတယ်။ မြေသိမ်းသူတွေက စစ်တပ်၊ ဌာနဆိုင်ရာနဲ့ ကုမ္ပဏီတွေ ဖြစ်ကြတော့ သူတို့က လယ်သမားတွေ ဘက်က နစ်နာမှုတွေကို တင်ပြပြီး ဆက်သွယ်ညှိနှိုင်းပေးတာပါ။ သူတို့စေတနာကတော့ လယ်သမားတွေကို ကူညီရေးပါ။ ဒါပေမဲ့ မအောင်မြင်ပါဘူးလို့ သူတို့က ရှင်းရှင်းလင်းလင်း နိဂုံးချုပ်လိုက်ပါတယ်။ သင်ခန်းစာကတော့ မြေသိမ်းတဲ့ လူတန်းစားတွေဟာ သူတို့လူတန်းစားနဲ့ သူတို့ကိုယ်တိုင်ရဲ့ အကျိုးစီးပွားတွေကို လွယ်လွယ်နဲ့ စွန့်လွှတ်မပေးဘူးဆိုတဲ့အချက် ဖြစ်ပါတယ်။

## လွှတ်တော်ရဲ့ ဖြေရှင်းမှု

ပြည်ထောင်စုလွှတ်တော် သတ္တမအကြိမ် ပုံမှန်အစည်းအဝေးမှာ လယ်ယာမြေ စုံစမ်းစစ်ဆေးရေးကော်မတီက မြေယာသိမ်းမှုများနဲ့ ပတ်သက်လို့ လွှတ်တော်က ဆောလျင်စွာ ဖြေရှင်းပေးရေးအဆိုကို တင်သွင်းတဲ့အခါ လွှတ်တော် ကိုယ်စားလှယ် (၄၅) ဦးက ဆွေးနွေးခဲ့ကြပါတယ်။ တမတ်သားတွေနဲ့ စစ်အစိုးရကိုယ်စားလှယ်တွေက ဒါကို ခါးခါးသည်းသည်း ဝေဖန်ကန့်ကွက်တာတွေ လုပ်ခဲ့တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တဦးကိုယ်တိုင်က ဒါလား – ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေ…ဆိုပြီး အပြင်မှာ မကျေမနပ်နဲ့ မှတ်ချက်ပြုသံတွေ ထွက်ခဲ့ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေ ဘောင်ခတ် ထားတဲ လွှတ်တော်မှာ လယ်ယာမြေ ပြဿနာ ဖြေရှင်းမယ်ဆိုရင်တော့ နောင်မျိုးဆက် ၂ ဆက် ၃ ဆက်မှာတောင် ပြဿနာ တွေ ဖြေရှင်းနိုင်မှာ မဟုတ်ဘူးဆိုတဲ့ ဝေဖန်သံတွေ ထွက်လာတာလည်း အံ့ဩစရာတော့ မဟုတ်ပါဘူး။

လွှတ်တော်ကိုယ်စားလှယ်တဦး ဆွေးနွေးတဲ့အခါ စစ်တပ်က လယ်ယာမြေတွေသိမ်းတာ ဝေသာလီပြည် ဘီလူးဝင် သလိုပဲ ဆိုပြီး ပုံခိုင်းသုံးစွဲတာနဲ့ ပတ်သက်လို့လည်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်က စစ်တပ်ကို ဒီလိုခိုင်းနှိုင်းတဲ့အတွက် ဝမ်းနည်းစရာကောင်းတယ်လို့ ပြောကြားသွားပါတယ်။ ဒီသတင်း အပြင် မှာလည်း ဂယက်ကြီးပါတယ်။ လယ်သမားတွေ နစ်နာမှုအတွက် ပုံပေါ်အောင် သုံးနှုန်းတာ သူကများ နာရတယ်ရှိသေး၊

တကယ်က လယ်သမားတွေ ဒါလောက် နစ်နာဆုံးရှုံးနေရတဲ့အတွက် ဒါ့ထက် ပြင်းထန်တဲ့ အသုံးအနှုန်းနဲ့ သုံးရင်တောင် မလွန်ဘူးလို့ ယူဆသူတွေ အများအပြား ရှိလာတယ်။ အခုဆိုရင် စစ်အာဏာရှင်က လယ်သမားတွေအပေါ် ဓားပြတိုက်လုယက်နေတဲ့ နိုင်ငံကို ဘီလူးတို့တိုင်းပြည်၊ မြေစားဘီလူးတို့တိုင်းပြည်လို့ တင်စားသုံးနှုန်းတာတွေတောင် ရှိလာနေပါတယ်။ ဦးရွှေမန်းက ဒီလို သုံးနှုန်းတာတွေကို နောင်မှာ ကန့်သတ်မယ်ဆိုတဲ့ သဘောမျိုး ပြောလိုက်တော့ စကားအသုံးအနှုန်းလေးကအစ သူတို့ကိုထိရင် မခံတဲ့ လွှတ်တော်ဟာ သူတို့အကျိုးစီးပွားနဲ့ သူတို့အခွင့်အာဏာကို ဘယ်နည်းနဲ့မှ လက်လွှတ်ခံမှာ မဟုတ်ဘူးဆိုတာ ရှင်းရှင်းလင်းလင်းကြီး တွေ့မြင်နိုင်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးဝေလွင်က စစ်တပ်က သိမ်းထားတဲ့ မြေယာတွေထဲက ၁ဖ ပုံတပုံလောက်သာ (တချို့က ၇ ရာခိုင်နှုန်းပဲ ပြန်ပေးမယ်လို့ ဆိုကြပါတယ်။ ဧက ၁၈၃ဖ၀ သာ ပြန်ပေးမယ်လို့ ပြောပါတယ်။) နွားချမ်းသာအောင် သနားတတ်တဲ့ ကျားမျိုးမဟုတ်ပါဘူး။

ဒါ့အပြင် လွှတ်တော်မှာ တင်သွင်းဆုံးဖြတ်လိုက်တဲ့ တောင်သူလယ်သမားအကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကြမ်းကို အချက် (၁၁) ချက်ဖြင့် ကန့်ကွက်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူများ ကွန်ရက်က မေလ (၁၅) ရက်နေ့က ကန့်ကွက်လိုက်ပါတယ်။ အလားတူ ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနဲ့ ပွင့်လင်းလူ့အဖွဲ့အစည်း) ကလည်း ကန့်ကွက်ပါတယ်။ တောင်သူလယ်သမားတွေကလည်း မကျေနပ်ကြပါဘူး။ ပညာရှင်တွေကလည်း ဝေဖန်ကန့်ကွက်တာ တချို့ လုပ်ပါတယ်။ အဓိကကတော့ ဒီဥပဒေကြမ်းဟာ တောင်သူလယ်သမားအကျိုးစီးပွား ကာကွယ်တာ မဟုတ်ဘဲ စုပေါင်းလယ်ယာ လုပ်ကိုင်မယ်ဆိုတဲ့ အရင်းရှင်ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေနဲ့ ခရိုနီတွေကိုပဲ အကျိုးရှိစေတဲ့အတွက်လို့ ဆိုပါတယ်။

လယ်သမားအကျိုးစီးပွား နာမည်တပ်ထားတဲ့ ဥပဒေကြမ်းမှာတောင် ဒီလိုဖြစ်နေရင် ဒီလွှတ်တော်ဟာ ၂၀၀၈ ဖွဲ့စည်းပုံဆိုတဲ့ စစ်အာဏာရှင်အကျိုးစီးပွားကလွဲလို့ ပြည်သူ့အကျိုးစီးပွားအတွက် ဘယ်လောက်များ ထိရောက်အောင် ဆောင်ရွက်ပေးနိုင်မှာလဲ။ ဒီပုံမျိုးနဲ့ဆိုရင် ပြည်သူ့အကျိုးစီးပွားအတွက် ဆန်ဖြူတခွက်တောင် ထွက်လာနိုင်ပါ့မလား။

## မြေယာပြဿနာ ဖြေရှင်းရေး နည်းလမ်းနှစ်သွယ်

ရောဘတ်အိုဝင် (၁၇၇၁–၁၈၅၈) ဆိုတဲ့ အင်္ဂလန်ပြည် စကော့တလန်ပြည်နယ်မှ စက်မှုလုပ်ငန်းရှင်ကြီးတဦးဟာ သူပိုင်တဲ့ စက်ရုံမှာ အလုပ်သမားတွေအတွက် အလုပ်ချိန် လျှော့ချပေးခဲ့တယ်။ အလုပ်သမား သားသမီး ကလေးငယ်များ အတွက် ကျောင်းဖွင့်ပေးခဲ့တယ်။ ကလေးထိန်းဌာနတွေ ဖွင့်လှစ်ပေးခဲ့တယ်။ သူဟာ သူ့စက်ရုံက အလုပ်သမားတွေအပေါ် အကျိုးပြုချင်စိတ် တစုံတရာ ရှိနိုင်ပေမယ့် သူ့လူတန်းစားဗီဇအရ အလုပ်သမားတွေ ဆင်းရဲဒုက္ခရောက်နေတာရဲ့ တရားခံ အစစ်ဟာ အရင်းရှင်စနစ် ဖြစ်တယ်ဆိုတာကို မမြင်ဘဲ လူတွေရဲ့ မသိနားမလည်မှုကြောင့် ဖြစ်ရတာလို့ပဲ ထင်မြင်ယူဆခဲ့တယ်။ ဒါကြောင့် တရားခံအစစ်ကို မမြင်၊ အခြေအမြစ်ကို ပြုပြင်ပြောင်းလဲတာ မလုပ်နိုင်တဲ့အတွက် သူ့ရဲ့စိတ်ကူးယဉ် ပြုပြင်ရေး ဆောင်ရွက်မှုဟာ အလုပ်သမား လူတန်းစား တရပ်လုံးအတွက် အကျိုးမရှိခဲ့ပါဘူး။ ပြန့်ပွားခြင်းလည်း မရှိသလို အောင်မြင်မှု မှတ်တိုင်ကိုလည်း မစိုက်ထူနိုင်ခဲ့ပါဘူး။

ဒီဘက်ခေတ်မှာ welfare state ခေါ်တဲ့ လူမှုဘဝဖူလုံရေးကို နိုင်ငံတော်က စောင့်ရှောက်တယ်ဆိုတဲ့ နိုင်ငံတွေကလည်း အရင်းရှင်စနစ်ကို ဒီမိုကရေစီအသွင်သဏ္ဍာန်၊ လူမှုကူညီစောင့်ရှောက်ရေးအသွင်သဏ္ဍာန်တွေနဲ့ ပေါင်းစပ်ထားတာပါ။ အခွန်အကောက်ကနေ ရန်ပုံငွေဖွင့်ပြီး ဆင်းရဲသားတွေနဲ့ ချမ်းသာသူတွေအကြားက ကွာဟမှုကြီးမားနေတာကို သက်သာလျော့နည်းသွားရေး ကြိုးပမ်းကြည့်တာသာ ဖြစ်ပါတယ်။ အရင်းရှင်စနစ်ကို ဖာထေးရုံသာဖြစ်ပြီး အရင်းရှင်စနစ်ရဲ့ ဆိုးကျိုးထဲက အဓိကအချက်တွေကို ဖယ်ရှားနိုင်ခြင်း မရှိပါဘူး။

အမေရိကန်ဟာလည်း အလားတူပါပဲ။ ဒီမိုကရေစီအသွင်သဏ္ဍာန်၊ လူအခွင့်အရေးအသွင်သဏ္ဍာန်တွေနဲ့ အရင်းရှင်စနစ်ကို ဖုံးဖိကာ အလုပ်သမားလူတန်းစားကို အခွင့်အရေးတချို့ လိုက်လျောမှုတချို့နဲ့ ချွေးသိပ်တာ လုပ်နိုင်ပေမယ့် အရင်းရှင်စနစ်ကပ်ဘေးကြောင့် တိုင်းပြည်စီးပွားရေး ဒုက္ခရောက်ရသလို ဝေါလမ်းမ သိမ်းပိုက်မှုလို ပြည်သူလူထု အများစုရဲ့ ဆန့်ကျင်ကန့်ကွက်မှုတွေ အခါအားလျော်စွာ ပေါ်ပေါက်နေပါတယ်။

ကမ္ဘာပေါ်မှာ ဟိုးအရင် နှစ်ပေါင်းများစွာကတည်းက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့ နိုင်ငံအများအပြား ရှိခဲ့ပါတယ်။ တော်လှန်ရေးတရပ်အတွင်းက ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုတွေကသာ ထိရောက်တဲ့ အောင်မြင်မှုကို ရရှိစေပါတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေလောက်နဲ့ ပြည်သူလူထုဘဝ တကယ်တမ်း လွတ်မြောက်မှု ရတာ မရှိပါဘူး။

တနည်းပြောရရင် ရောဂါသည်းသန်နေတဲ့ လူနာကို ရောဂါဇာစ်မြစ်ကို ရှာဖွေပြီး အခြေခံကျတဲ့ ကုသကယ်တင်မှု မလုပ်ဘဲ အနာအကျင်သက်သာစေရုံလောက် တပွဲတိုးဆေးမြီးတိုကလေးတွေသုံးပြီး ကုသနေလို့ကတော့ ရောဂါပြင်းထန်တဲ့ လူနာကို ကယ်တင်နိုင်မှာ မဟုတ်ပါ။

အထက်မှာ တင်ပြထားတဲ့ အချက်တွေကို ကြည့်ရင် ဗမာပြည်ဟာ မြေယာပဋိပက္ခ ပြင်းထန်ပြီး ရောဂါသည်းသန် နေတဲ့ လူမမာကြီးနဲ့ တူပါတယ်။ အထက်မှာ တင်ပြခဲ့တဲ့ ဖြေရှင်းနည်းတွေဟာလည်း တချို့နည်းလမ်းတွေဟာ စေတနာပါစေ ဦးတော့၊ တစုံတရာ အကျိုးပြုချက် အနည်းငယ် ရှိစေဦးတော့ ခွဲစိတ်ကုသမှုရမယ့် လူနာကို သောက်ဆေးကလေး တဖုံနှစ်ဖုံ လောက်နဲ့ ဆေးမြီးတိုကလေးလောက်နဲ့ ကုသပေးတာမျိုးလို ဖြစ်နေပါတယ်။

ဒီနည်းနာတွေဟာလည်း ဒီနေ့ဗမာပြည်ရဲ့ နိုင်ငံရေးဖော်ပြချက်တွေကို ရောင်ပြန်ဟပ်ပြနေတာ ဖြစ်ပါတယ်။ တချို့နည်းနာတွေဟာ လစ်ဘရယ်ဒီမိုကရေစီနဲ့ ပြုပြင်ရေးမှိုင်းရဲ့ ဖော်ပြချက်တွေ ဖြစ်ပါတယ်။ အခြေအမြစ်ကအစ ပြတ်ပြတ်သားသား တော်လှန်ပြောင်းလဲတဲ့ ရက်ဒီကယ်လမ်းကြောင်းမဟုတ်တဲ့ လစ်ဘရယ်ပြုပြင်ရေးလမ်းကြောင်းရဲ့ ဖော်ပြချက်တွေ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီနေ့ဗမာပြည် မြေယာပြဿနာဖြေရှင်းရေးမှာ ဒီနည်းနာတွေနဲ့မတူတဲ့ တခြားလမ်းတသွယ်လည်း ရှိပါသေးတယ်။ အဲဒါကတော့ လယ်သမားတွေကိုယ်တိုင် ကျင့်သုံးလျှောက်လှမ်းကြတဲ့ လမ်းတသွယ်ပါ။ လယ်သမားတွေ ကိုယ်တိုင် လမ်းပေါ်ထွက် ဆန္ဒပြပြီး ကိုယ့်အခွင့်အရေးအတွက် မိမိတို့ကိုယ်တိုင် တိုက်ပွဲဝင်ကြပါတယ်။ လယ်သမားတွေ ကိုယ်တိုင် လယ်သမားသမဂ္ဂတွေအပေါ် အာရုံစိုက်ပြီး စတင်ဖွဲ့စည်းတာတွေ ဖြစ်လာနေပါတယ်။ လယ်သမားကွန်ရက်တွေ၊ တောင်သူလယ်သမား ကူညီရေးဆောင်ရွက်တဲ့ ကော်မတီတွေလည်း နိုင်ငံရေး အင်အားစုတွေထဲမှာ ဖြစ်ပေါ်လာပါတယ်။ လယ်သမားတွေနဲ့ အတူနေ အတူစား အတူတိုက်ပွဲဝင်တဲ့ တက်ကြွနိုးကြားတဲ့ လူငယ်နိုင်ငံရေးသမားလည်း ရှိလာနေပါတယ်။ ဗမာပြည် မြေယာတိုက်ပွဲသမိုင်းမှာ အထင်အရှား ကျင့်သုံးခဲ့တဲ့ ထွန်တုံးတိုက်ပွဲကို လယ်သမားတွေကိုယ်တိုင် ပြန်လည်ကောက် ကိုင်ပြီး တိုက်ပွဲတွေ နေရာအနှံ့မှာ ဆင်နွှဲလာကြတာ တွေ့နေရပါတယ်။ အဖမ်းအဆီးတွေရှိတယ်။ လက်နက်နဲ့ ခြိမ်းခြောက် ဖိနှိပ်တာတွေ ရှိတယ်။ အကြမ်းနည်းနဲ့ ရိုက်နှက်ဖြိုခွဲတာတွေ ရှိတယ်။ မီးလောင်ဗုံးနဲ့ ဖြိုခွဲတာတွေ ရှိတယ်။ ထောင်ချတာတွေ ရှိတယ်။ ဒါပေမဲ့ လယ်သမားတိုက်ပွဲတွေ ဦးကျိုးမသွားပါ။ ဖိနှိပ်မှုပြင်းထန်တဲ့ နေရာမှာ တိုက်ပွဲတွေ ပြင်းထန်စွာ ဖြစ်ပေါ်နေဆဲပါ။ ကိုယ့်အခွင့်အရေးကို ကိုယ်ကာကွယ်ပြီး တိုက်ပွဲဝင်တဲ့ ဒီလမ်းကြောင်းဟာ တရားမျှတပြီး မှန်ကန်တဲ့လမ်းကြောင်းပါ။ တရားရှိရင် ကူသူများလာမှာကလည်း အသေအချာပါ။

လယ်သမားသမဂ္ဂတွေ ပိုမိုအားကောင်းပြီး တလုံးတစည်းတည်းသော ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား သမဂ္ဂကြီးကို ထူထောင်လာနိုင်ခဲ့ရင်…အလုပ်သမား လယ်သမား မဟာမိတ်ဖွဲ့မှုကို တည်ဆောက်ပြီး လယ်သမားထုရဲ့ တရားမျှတတဲ့ လယ်ယာမြေတိုက်ပွဲကို တပြည်လုံးရှိ ပြည်သူလူထုက တခဲနက် ထောက်ခံလာတဲ့ အချိန်ရောက်ရင် … လယ်သမားတွေရဲ့ဘဝ လုံးဝလွတ်မြောက်ရေးအတွက်နဲ့ လယ်လုပ်သူ လယ်ပိုင်ရေးအတွက် စစ်လက်ဝါးကြီးအုပ် မြေရှင်ကြီး စနစ်ကို တော်လှန်ဖယ်ရှားဖို့ ရှေးရှူဦးတည်လာနိုင်တဲ့ အခွင့်အခါကောင်းကို ရောက်ရင်… …။ ။



# လမ်းပေါ်နိုင်ငံရေး ခေတ်ကုန်ပြီလား

***'လမ်းပေါ်နိုင်ငံရေး ခေတ်ကုန်ပြီ'ဆိုတာကို ဗမာပြည်မှာ ၂၀၀၈ မတိုင်ခင်တုန်းက စကြားခဲ့ရတာ ဖြစ်ပါတယ်။ တကယ်တော့ စစ်အစိုးရရဲ့ '၂၀၀၈ အခြေခံဥပဒေ' ချောချောမောမောနဲ့ အသက်ဝင်လာဖို့ ထွက်လာတဲ့ အာဘော်ပါ။***

ဗမာပြည်က အတိုက်အခံအင်အားစုတွေကို '၂၀၀၈ အခြေခံဥပဒေ' ကျုံးထဲသွင်းဖို့ အတွေးအခေါ်အရ လမ်းခင်းပေးတာပဲ ဖြစ်ပါတယ်။ တချို့လည်း အဲဒီခင်းပေးတဲ့လမ်းအတိုင်းပဲ ဝင်သွားခဲ့ကြတယ်။ နောက် ၂၀၁၀ မှာ ဒီချုပ် (NLD) က ကြားဖြတ်ရွေးကောက်ပွဲ ဝင်လိုက်တဲ့အခါမှာတော့ 'လမ်းပေါ်နိုင်ငံရေး ခေတ်ကုန်ပြီ'ရဲ့ ရည်ရွယ်ချက်က အနားသတ်အောင်ပွဲရသွားပါတော့တယ်။

အခုတလော အီဂျစ်မှာ လူထုဆန္ဒပြပွဲတွေ တကျော့ပြန်ပေါ်လာတယ်။ ရွေးကောက်ခံရတာ တနှစ်သက်တမ်းပဲရှိသေးတဲ့ သမ္မတမော်စီလည်း ပြုတ်ကျသွားပါတယ်။ ဒီအခါမှာ 'လမ်းပေါ်နိုင်ငံရေး ခေတ်ကုန်ပြီ'ဆိုတဲ့အသံ ထွက်လာပြန်ပါတယ်။ အာရပ်နွေဦးကို ကြောက်တဲ့ရောဂါ ထလာပါတယ်။ သူတို့အဆိုအရ 'လမ်းပေါ်နိုင်ငံရေး' ဟာ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ခေတ်ကုန်နေပြီ။ မသုံးတော့ဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာသာ သုံးနေကြသေးတာ ဖြစ်ပါတယ်တဲ့။

အခုလတ်တလော ဗမာပြည်မှာ လယ်သမားတွေ ထွန်တုံးတိုက်ပွဲနဲ့ လယ်ယာမြေပြန်ရရှိရေး တိုက်ပွဲတွေ တခြိမ်းခြိမ်းဖြစ်နေချိန်၊ အလုပ်သမားတိုက်ပွဲတွေ တအုံးအုံးဖြစ်နေချိန်မှာ ဒီ 'လမ်းပေါ်နိုင်ငံရေးခေတ်ကုန်ပြီ' ဆိုတဲ့ အသံတကျော့ပြန်ထွက်လာတာဟာ သာမန်တိုက်ဆိုင်မှုသက်သက် မဟုတ်ပါဘူး။ '၂၀၀၈ အခြေခံဥပဒေ' အရေခွံလဲထားတဲ့ စစ်အာဏာရှင်စနစ်ကို ဆက်လက်ပြီး အလုပ်အကျွေးပြုဖို့ ကြိုးစားတာပဲ ဖြစ်ပါတယ်။

ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ 'လမ်းပေါ်နိုင်ငံရေးခေတ်ကုန်ပြီ' လမ်းပေါ်နိုင်ငံရေးကို မသုံးတော့ဘူးဆိုတာလည်း မဟုတ်ပါဘူး။ အခုလောလောဆယ်မှာကို အမေရိကန်နိုင်ငံ လူမည်းလူငယ်တဦး အသတ်ခံရတာမှာ တရားခံကို တရားသေလွှတ်လိုက်တဲ့အတွက် မြို့ပေါင်း (၁၀၀) ကျော်မှာ ဆန္ဒပြပွဲတွေ ဖြစ်နေပါတယ်။ သမ္မတအိုဘားမားကိုယ်တိုင် ပြဿနာမကြီးထွားအောင် ထိန်းတဲ့အနေနဲ့ ထွက်စကားပြောလာရပြီ ဖြစ်ပါတယ်။ "လွန်ခဲ့တဲ့ ၃၅ နှစ်လောက်ကဆိုရင်တော့ သူကိုယ်တိုင်လည်း အဲဒီလူမည်းလူငယ်နေရာမှာ ရောက်သွားနိုင်ပါတယ်။ အမေရိကန်နိုင်ငံက ကုန်တိုက်တွေမှာ နောက်ကလိုက်အကြည့်မခံရတဲ့ လူမည်းဆိုလို့ မရှိသလောက်ပါပဲ။" လို့ ထွက်ပြောလာရတယ်။ အခု လူမည်းလူငယ်ကိုလည်း ရပ်ကွက်လုံခြုံရေး စေတနာ့ဝန်ထမ်းက မသင်္ကာလို့ နောက်က

လိုက်ကြည့်ရာက အသတ်ခံရတဲ့အထိ ပြဿနာတက်သွားတာ ဖြစ်တယ်။

ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ လတ်တလောဖြစ်ခဲ့တဲ့ 'လမ်းမပေါ်က နိုင်ငံရေး' တွေကို ပြန်ကြည့်ကြရအောင်။ ၂၀၁၁ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ 'ဝေါလမ်းမကို သိမ်းပိုက်ကြ' ဆိုရင် တကမ္ဘာလုံးကို ပြန့်သွားခဲ့တာ ဖြစ်ပါတယ်။ ကမ္ဘာ့ပြည်သူသန်းပေါင်းများစွာ ပါဝင်ခဲ့တဲ့ လှုပ်ရှားမှုကြီး ဖြစ်တယ်။ အဲဒီနှစ်မှာပဲ လန်ဒန်မြို့မှာ ရဲက လူတယောက်ကို သေနတ်နဲ့ပစ်လို့ သေသွားရာက လူထုက ပေါက်ကွဲပြီး ဆန္ဒပြကြတယ်။ အဓိကရုဏ်းသဖွယ် ဖြစ်ပွားခဲ့တယ်။ ၂၀၁၂ ခုနှစ်မှာလည်း ကနေဒါနိုင်ငံက ပညာသင်စရိတ်တွေ တိုးမြှင့်လိုက်လို့ ကျောင်းသားတွေ ကန့်ကွက်ဆန္ဒပြကြတော့ လူထုကပါ ပူးပေါင်းပါဝင်ခဲ့ကြတယ်။ လူထုသိန်းပေါင်းများစွာ ဆန္ဒပြခဲ့ကြပေမယ့် ဒီသတင်းကို ကမ္ဘာ့မီဒီယာတွေက မှေးမှိန်ထားခဲ့တာ ဖြစ်ပါတယ်။ နောက် ဥရောပသမဂ္ဂနိုင်ငံတွေမှာ (အီတလီ၊ ပြင်သစ်၊ ဂရိ၊ ဆိုက်ပရပ်စ် စတဲ့) ပြည်သူတွေ လမ်းပေါ်ထွက် ဆန္ဒပြတိုက်ပွဲဝင်နေတာလည်း ဒီနှစ်ပိုင်းတွေအတွင်း မြင်တွေ့နေရတာပါ။ ဒါတွေဟာ အမေရိကန်က စလိုက်တဲ့ စီးပွားပျက်ကပ်ဟာ ကမ္ဘာ့အနှံ့ ကူးစက်သွားရာက ဒီဒဏ်ကို အဓိကခံရတဲ့ အောက်ခြေလူထုတွေက မခံမရပ်နိုင်လို့ လမ်းပေါ်ထွက် ('လမ်းပေါ်နိုင်ငံရေး') ဆန္ဒပြတိုက်ပွဲ ဝင်လာကြတာ ဖြစ်တယ်။

ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ လူထုဆန္ဒပြပွဲတွေ ဖွံ့ဖြိုးဆဲနိုင်ငံတွေလောက် မများတာတော့ ယေဘုယျအားဖြင့် မှန်ပါတယ်။ ဒါကလည်း မထူးဆန်းပါဘူး။ ကိုယ့်နိုင်ငံအတွင်းမှာသာမက ကမ္ဘာ့အနှံ့ဖြန့်ကျက်ပြီး သွေးစုပ်နိုင်လို့ အမြတ်အစွန်းတွေ မတရားရနေတဲ့ ကော်ပိုရေးရှင်းကြီးတွေအနေနဲ့ မိမိနိုင်ငံရှိ အလုပ်သမားတွေကို အဲဒီအမြတ်တွေထဲက တစုံတရာပံ့ပိုးပေးထားတာမို့ နှိုင်းယှဉ်ချက်အားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံရှိ အလုပ်သမားတွေထက် ဘဝနေထိုင်မှု ပိုတည်ငြိမ်တာကြောင့် ဖြစ်ပါတယ်။ ဒီလိုလုပ်တာ အခုမှ မဟုတ်ပါဘူး။ အိန်ဂယ်တို့ လီနင်တို့ ခေတ်ကတည်းက အင်္ဂလန်မှာ လုပ်ခဲ့တာပါ။ ဒါတွေကို အိန်ဂယ်၊ လီနင်တို့က ဖွင့်ချရေးသားခဲ့ပြီးလည်း ဖြစ်ပါတယ်။ အခု ၂၀၀၈ စီးပွားပျက်ကပ်ဖြစ်လာတော့ အရင်းရှင်ကြီးတွေက ဝန်ထုပ်ဝန်ပိုးတွေကို အောက်ခြေပြည်သူတွေဆီ လွှဲပေးလိုက်ကြတယ်။ သူတို့အမြတ်အစွန်းကိုတော့ အထိမခံကြပါဘူး။ ဒီတော့ နေထိုင်မှုဘဝတွေ မတည်မငြိမ်ဖြစ်၊ အိုးမဲ့အိမ်မဲ့၊ အလုပ်လက်မဲ့ ဖြစ်လာတဲ့အခါ မခံနိုင်တဲ့ ပြည်သူတွေက လမ်းပေါ်ထွက်လာကြတော့တာ ဖြစ်ပါတယ်။

တဆက်တည်း မေးချင်တာတခုက အဲဒီဖွံ့ဖြိုးပြီးနိုင်ငံရှိ အင်စတီကျူးရှင်းဆိုတာတွေကို ပြည်သူတွေ ဘယ်လောက်စိတ်ဝင်စား အားကိုးကြသလဲ ဆိုတာပါ။ ဥပမာ အမေရိကန်နိုင်ငံ သမ္မတရွေးကောက်ပွဲဆိုရင် ကမ္ဘာ့မီဒီယာတွေက အထူးအသားပေး ဖော်ပြရတာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမတိုင်မီ ပါတီကြီး ၂ ခုက သမ္မတလောင်းရွေးချယ်ပွဲကစ သမ္မတလောင်းတွေ မဲဆွယ်ပွဲအလည် နောက်ဆုံးရွေးကောက်ပွဲမှာ ဘယ်ပြည်နယ်တော့ ဘယ်သူက အနိုင်ရသွားပြီဆိုတာ အဆုံး အချိန်နဲ့တပြေးညီ ထုတ်လွှင့်ဖော်ပြနေကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီသမ္မတရွေးကောက်ပွဲမှာ မဲထည့်တဲ့ပြည်သူ ဘယ်လောက်ရှိသလဲ။ မဲပေးခွင့်ရှိသူရဲ့ ဘယ်နှရာခိုင်နှုန်းက မဲပေးကြသလဲ။ အောက်ပါဇယားကို ကြည့်ပါ။

| ခုနှစ် | မဲပေးခွင့်ရှိသူ (ထောင်ပေါင်း) | မဲပေးသူ (ထောင်ပေါင်း) | ရာခိုင်နှုန်း |
|---|---|---|---|
| ၂၀၀၀ | ၂၀၆, ၇၈၇ | ၁၀၅, ၅၆၄ | ၅၀.၃ |
| ၂၀၀၄ | ၂၀၆,၅၅၃ | ၁၂၂, ၃၄၆ | ၅၅.၇ |
| ၂၀၀၈ | ၂၂၆, ၆၄၅ | ၁၃၁, ၄၀၇ | ၅၇.၁ |
| ၂၀၁၂ | ၂၁၁, ၇၃၁ | ၁၂၁, ၇၄၅ | ၅၇.၅ |



**ကနေဒါကျောင်းသားနဲ့ပြည်သူများ**

ဒီဇယားကို ကြည့်ရင် မဲပေးသူရာခိုင်နှုန်းဟာ ၆၀% အောက်မှာပဲဆိုတာ တွေ့ရမှာပါ။ ဒါတောင် ၂၀၀၈ နဲ့ ၂၀၁၂ မှာ အိုဘားမား (ပထမဆုံးလူမည်း) ဝင်အရွေးခံလို့ လူစိတ်ဝင်စားမှု ပိုလာပြီး ရာခိုင်နှုန်းတက်လာတာ ဖြစ်ပါတယ်။

ဒီနေ့အခါဟာ ၈ လေးလုံးအရေးတော်ပုံ (၂၅) နှစ်မြောက် ငွေရတုကာလ ဖြစ်ပါတယ်။ ၈၈ အရေးတော်ပုံတုန်းက ပြည်သူတွေ လမ်းပေါ်မှာ အသက်ပေါင်းများစွာ သွေးမြေကျကြရ၊ အဖမ်းခံကြရနဲ့ မယုံကြည်နိုင်လောက်တဲ့ စွန့်လွှတ်မှုပေါင်းများစွာ ပေးဆပ်ခဲ့ကြရပါတယ်။ ဒီနောက်မှာလည်း တိုက်ပွဲအလီလီ ဆက်ခဲ့ရတယ်။ ဒါတွေကြောင့် စစ်အာဏာရှင်တွေက မလွှဲမရှောင်သာ အခွင့်အရေးတချို့ ပေးခဲ့လို့ ဒီအခြေအနေ ဖြစ်လာတာပါ။ ဒါကို မမေ့အပ်ပါဘူး။ နောက်ပြီး ၈၈ အရေးတော်ပုံရဲ့ ရည်မှန်းချက်တွေလည်း မပြည့်ဝသေးဘူးဆိုတာကိုတော့ ပိုလို့တောင် မမေ့အပ်ပါ။

ပြည်သူလူထုက သူတို့အခွင့်အရေးတွေကို တောင်းဆိုတိုက်ပွဲဝင်ရာမှာ အေးအေးချမ်းချမ်းနည်းကိုပဲ သုံးချင်ကြပါတယ်။ အဖမ်းခံရနိုင်၊ ထိခိုက်ဒဏ်ရာရနိုင်ရုံတင်မက အခန့်မသင့်ရင် အသက်ပါဆုံးရှုံးသွားနိုင်တဲ့နည်းလမ်းကို ဘယ်သူမှ မလုပ်ချင်ပါဘူး။ ဒီလိုအန္တရာယ်တွေရှိတဲ့ အလုပ်မျိုးကို တနေ့ကျပ်သုံးထောင်နဲ့ လိုက်လုပ်မယ့်သူလည်း ဦးသိန်းစိန်ပြောသလို မရှိနိုင်ပါ။ (အန္တရာယ်မရှိဘဲ သူများကိုလက်မရွံ့ ရိုက်နှက်သတ်ဖြတ်ဖို့အတွက်သာ နေ့စားလိုက်မယ့်လူ ရှိမှာပါ။)

အလုပ်သမား၊ လယ်သမားတွေဟာ မလွှဲသာလို့သာ လမ်းပေါ်ထွက်၊ လယ်ကွင်းတွေထဲဝင်ပြီး တိုက်ပွဲဝင်နေကြရတာပါ။ ဒါလည်း ဗိုလ်သိန်းစိန်အစိုးရက ဂရုမမူပါ။ လယ်တွေ အများအပြားသိမ်းထားတဲ့အနက် အနည်းငယ်သာ ပြန်ပေးနိုင်မယ်လို့ ဆိုပါတယ်။ အဲဒါလည်း ပါးစပ်နဲ့ပဲ ပြန်ပေးနေတာ ဖြစ်ပါတယ်။ လယ်သမားတွေလက်ထဲ မရောက်လာပါ။ လယ်သမားတွေ ပိုင်နက်ကျူးကျော်မှုနဲ့ အဖမ်းခံနေကြရတယ်။ အလုပ်သမားတွေ အဖမ်းခံနေကြရတယ်။ နံပါတ်ဝမ်း ဗိုလ်သန်းရွှေရဲ့ ကိုယ်ရေးအရာရှိလုပ်ခဲ့သူ ဗိုလ်ချုပ်စိုးရှိန်ကဆိုရင် သူ့ပိုင်တယ်လို့ဆိုတဲ့ (သိမ်းထားတဲ့) လယ်ထဲဝင်အလုပ်လုပ်နေတဲ့ လယ်သမားတွေကို သေနတ်ထုတ်ပြပြီး ပစ်သတ်မယ်လို့တောင် ခြိမ်းခြောက်ခဲ့ပါတယ်။ ဆရာကောင်းတပည့် ပီသတယ်လို့ ဆိုရမှာပါ။

ဒီလိုအခြေအနေတွေကြောင့် လွှတ်တော်ထဲမှာတောင် ဆရာစံသူပုန်လို ပြန်ဖြစ်လာလိမ့်မယ်လို့ ပြောလာနေကြရပြီ ဖြစ်ပါတယ်။

မှန်ပါတယ်။ တိုက်ပွဲပုံသဏ္ဌာန်ဆိုတာဟာ အုပ်စိုးခံ၊ ဖိနှိပ်ခံတွေက ရွေးခြယ်ရတာ မဟုတ်ပါ။ အုပ်စိုးသူတွေကသာ ရွေးခြယ်တာ ဖြစ်ပါတယ်။

# အီဂျစ်နိုင်ငံရဲ့ ဒီမိုကရေစီခရီး

**ဒီနှစ်ဇွန်လအတွင်းမှာ အီဂျစ်သမ္မတမော်စီကို ဆန့်ကျင်တဲ့ဆန္ဒပြပွဲတွေ အီဂျစ်နိုင်ငံအနှံ့ အရှိန်ရအားကောင်းလာတာ တွေ့ရပါတယ်။**

မော်စီရဲ့ သမ္မတသက်တမ်း တနှစ်ပြည့်ဖြစ်တဲ့ ဇွန်လ ၃၀ ရက်နေ့မှာတော့ တနိုင်ငံလုံး ဆန္ဒပြသူအရေအတွက်ဟာ ၁၀ သန်းမှ ၁၄ သန်းခန့်ရှိလာတယ်လို့ ဆိုကြပါတယ်။ သူ့ကို သမ္မတရာထူးမှ နုတ်ထွက်ပေးဖို့ တောင်းဆိုဆန္ဒပြကြတာ ဖြစ်ပါတယ်။ ဒီနောက်မှာတော့ အီဂျစ်စစ်တပ်က သမ္မတမော်စီကို အတိုက်အခံတွေနဲ့ ၄၈ နာရီအတွင်း စေ့စပ်ညှိနှိုင်းဖို့ ရာဇသံပေးလာခဲ့တယ်။ သမ္မတမော်စီက ဒါကိုချက်ချင်း ပယ်ချခဲ့တယ်။ သူ့ရဲ့သမ္မတရာထူး တရားဝင်မှုကို အသက်ပေးကာကွယ်သွားမယ်လို့လည်း တုံ့ပြန်ပြောဆိုခဲ့တယ်။ ဒါပေမဲ့ ဇူလိုင်လ ၃ ရက်နေ့မှာ စစ်တပ်ကပဲ သူ့ကို အိမ်ချုပ်ချတာ ခံလိုက်ရပါတယ်။ မူဆလင်ညီနောင်များအဖွဲ့ရဲ့ ထိပ်တန်းခေါင်းဆောင်အချို့လည်း ဖမ်းဆီးခံရတယ်။

စစ်တပ်က သမ္မတမော်စီကိုရာထူးက ဖယ်ရှားလိုက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ရပ်ဆိုင်းထားတယ်လို့ ကြေညာခဲ့တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး အဆိုပြုချက်တွေကို လေ့လာသုံးသပ်မယ့် ကော်မတီတရပ်ဖွဲ့ပေးမယ်လို့ ဆိုတယ်။ တရားသူကြီးချုပ် အဲဒ်လီမန်ဆိုး (Adli Mansour) ကို ကြားဖြတ်သမ္မတအဖြစ် ခန့်အပ်ခဲ့တယ်။ ကြားဖြတ်အစိုးရဖွဲ့ပေးမယ်။ (အခုတော့ အစိုးရ အဖွဲ့သစ် ဖွဲ့ပြီးသွားပါပြီ။) လွှတ်တော်ရွေးကောက်ပွဲနဲ့ သမ္မတရွေးကောက်ပွဲတွေ ကျင်းပပေးသွားမယ်လို့လည်း ဆိုပါတယ်။

စစ်တပ်က အာဏာသိမ်းလိုက်တာနဲ့ သမ္မတမော်စီကို ဖြုတ်ချလိုက်တာကို မူဆလင်ညီနောင်များအဖွဲ့က ဆန့်ကျင်ကန့်ကွက်တဲ့ ဆန္ဒပြပွဲတွေ ဦးစီးဆင်နွှဲကြတယ်။ စစ်တပ်နဲ့ထိပ်တိုက်တိုးပြီး ဆန္ဒပြသူ ၅၀ ကျော်သေဆုံးခဲ့တယ်။ အခုအချိန်အထိ သမ္မတမော်စီကို ထောက်ခံသူတွေနဲ့ ဆန့်ကျင်သူတွေရဲ့ ဆန္ဒပြပွဲတွေ ဆက်ဖြစ်နေဆဲပါ။ ထိပ်တိုက်တွေ့ ရုန်းရင်းဆန်ခတ်ဖြစ်ကြတာတွေလည်း မနည်းမနောပါပဲ။

အာဏာရှင်မုဘာရက်ကို ဖြုတ်ချခဲ့တဲ့ လူထုအုံကြွမှုကြီး ဖြစ်ပေါ်ပြီးလို့ တနှစ်ကျော်ကြာတဲ့အချိန်မှာ အခုလိုအခြေအနေနဲ့ ပြန်ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ အီဂျစ်ပြည်သူတွေရဲ့ ဒီမိုကရေစီခရီးဟာ ရှေ့ဆက်ဘယ်လိုဖြစ်မလဲဆိုတာ စိတ်ဝင်စားစရာပါ။ အခုအချိန်ထိ ဖြစ်ခဲ့တာတွေဟာလည်း အလားတူ စိတ်ဝင်စားဖွယ်ပါပဲ။ အခု လက်ရှိအခြေအနေမှာ အီဂျစ်ရဲ့ အရေးပါတဲ့ အင်အားစုတွေဖြစ်တဲ့ မူဆလင်ညီနောင်များအဖွဲ့၊ လစ်ဘရယ်ဒီမိုကရေစီနဲ့ ဘာသာရေးနဲ့ နိုင်ငံရေးမရောယှက်စေချင်တဲ့ အင်အားစုနဲ့ အီဂျစ်စစ်တပ်တို့ အကြောင်းကို လေ့လာကြည့်ခြင်းအားဖြင့် အီဂျစ်အရေးကို တစုံတရာဆုပ်ကိုင်မိမယ်လို့ ယူဆပါတယ်။

## မူဆလင်ညီနောင်များအဖွဲ့နဲ့မော်စီ

မူဆလင်ညီနောင်များအဖွဲ့ကို အီဂျစ်နိုင်ငံမှာ ၁၉၂၈ ခုနှစ်က စတင်ထူထောင်ခဲ့တာ ဖြစ်ပါတယ်။ ဒီနောက်မှာ

အခြားအာရပ် နိုင်ငံများမှာလည်း ဆက်လက်ဖွဲ့စည်းခဲ့တာကို တွေ့ရပါတယ်။ အစ္စလမ်ဘာသာတရားကို ဟောကြားတာ၊ စာသင်ပေးတာနဲ့ အခြားလူမှုကူညီရေးတွေကို မူဆလင်ညီနောင်များအဖွဲ့က လုပ်ဆောင်ကြတယ်။ စီးပွားရေးလုပ်ငန်းတွေလည်း ထူထောင်လုပ်ကိုင်တာ ရှိတယ်။ နောက်ပိုင်းမှာတော့ နိုင်ငံရေးမှာလည်း ပါဝင်ပတ်သက်လာခဲ့တယ်။ ဗြိတိသျှအုပ်စိုးသူတွေကို အကြမ်းဖက်လုပ်ကြံသတ်ဖြတ်တာတွေ လုပ်ကြတယ်လို့လည်း ဆိုတယ်။

၁၉၅၂ ခုနှစ်မှာ အီဂျစ်ဘုရင်စနစ်ကို စစ်တပ်က ဖြုတ်ချတဲ့အခါမှာ မူဆလင်ညီနောင်များအဖွဲ့က ထောက်ခံအားပေးခဲ့တယ်။ ဒါပေမဲ့ ၁၉၅၄ ခုနှစ်မှာ သမ္မတနာဆာကို လုပ်ကြံဖို့ကြိုးစားတယ်ဆိုပြီး ဒီအဖွဲ့ဝင်တွေ နှိပ်ကွပ်ဖမ်းဆီးခံကြရတယ်။ အဖွဲ့ဝင် ထောင်ပေါင်းများစွာ ဖမ်းဆီးခြင်း ခံကြရတယ်။

၁၉၇၀ ခုနှစ်များမှာတော့ မူဆလင်ညီနောင်များအဖွဲ့ဟာ အီဂျစ်နိုင်ငံရေးမှာ ပါဝင်လှုပ်ရှားနိုင်ဖို့အတွက် အကြမ်းဖက်လုပ်ရပ်တွေကို စွန့်လွှတ်ကြောင်း ကြေညာခဲ့တယ်။ ဒီနောက်မှာ မူဆလင်ညီနောင်များအဖွဲ့ကို အုပ်စိုးသူတွေက အတိုင်းအတာတခုအထိ လှုပ်ရှားခွင့်ပေးခဲ့တယ်။ ကာလပိုင်းတွေအလိုက် အကန့်အသတ်နဲ့ လှုပ်ရှားခွင့်ရလိုက်၊ အဖမ်းဆီးအနှိပ်ကွပ်ခံလိုက်ရနဲ့ အသက်ဆက်လာခဲ့တယ်။ ၂၀၀၅ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲမှာတော့ မူဆလင်ညီနောင်များအဖွဲ့ဝင် ၈၈ ယောက် (လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းရဲ့ ၂၀%) အနိုင်ရခဲ့တယ်။ တရားဝင်နိုင်ငံရေးပါတီအနေနဲ့ အရွေးခံရတာတော့ မဟုတ်ပါ။ တသီးပုဂ္ဂလတွေအဖြစ် အရွေးခံကြတာ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ် အုံကြွမှုကြောင့် မူဘာရက် ပြုတ်ကျသွားပြီးတဲ့နောက်မှာ မူဆလင်ညီနောင်များအဖွဲ့ဟာ တရားဝင်အဖွဲ့ ပြန်ဖြစ်လာခဲ့တယ်။ ၂၀၁၁ ခုနှစ် ဧပြီလ ၃၀ ရက်မှာ 'လွတ်လပ်ရေးနဲ့တရားမျှတရေး' (Freedom and Justice Party) အမည်နဲ့ နိုင်ငံရေးပါတီတရပ်ကို ထူထောင်လိုက်တယ်။

အီဂျစ်လွှတ်တော်ရွေးကောက်ပွဲမှာ ပြည်သူ သန်း ၃၀ (မဲပေးခွင့်ရှိသူရဲ့ ၆၀%) မဲပေးခဲ့တယ်။ 'လွတ်လပ်ရေးနဲ့ တရားမျှတရေးပါတီ' အနေနဲ့ ၁၂၇ ဦး အရွေးခံရပြီး တသီးပုဂ္ဂလအနေနဲ့ ၁၀၈ ဦး အရွေးခံရတဲ့အတွက် မူဆလင်ညီနောင်များအဖွဲ့ဟာ လွှတ်တော်မှာ စုစုပေါင်း ၂၃၅ နေရာ အနိုင်ရခဲ့ပါတယ်။ လွှတ်တော်မှာ ကိုယ်စားလှယ် စုစုပေါင်း ၅၀၈ ဦး ရှိတယ်။ ရွေးကောက်ခံကိုယ်စားလှယ် ၄၉၈ ဦးနဲ့ ခန့်အပ် ၁၀ ဦး ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲကို ၂ ကြိမ်ခွဲပြီး ကျင်းပခဲ့တယ်။ ပထမအကြော့ကို ၂၀၁၂ ခုနှစ်မေလ ၂၃ – ၂၄ မှာ ကျင်းပခဲ့ပြီး သမ္မတလောင်း ၁၂ ဦး အရွေးခံကြပါတယ်။ ဒုတိယအကြော့မှာတော့ ဆန္ဒမဲအများဆုံးရရှိခဲ့တဲ့ သမ္မတလောင်း ၂ ဦး မူဆလင်ညီနောင်များအဖွဲ့က သမ္မတလောင်းမော်စီနဲ့ မူဘာရက်လက်ထက်က နောက်ဆုံးဝန်ကြီးချုပ် ဖြစ်ခဲ့သူ အာမက်ရှာဖစ် (Ahmed Shafiq) တို့ ယှဉ်ပြိုင်ကြပါတယ်။ သမ္မတလောင်းမော်စီက ၅၁.၇၃% (မဲစုစုပေါင်း ၁၃ သန်းကျော်) နဲ့ ပွတ်ကာသီကာ အနိုင်ရခဲ့တာ ဖြစ်ပါတယ်။

မူဆလင်ညီနောင်များအဖွဲ့ဟာ အခုလို ရွေးကောက်ပွဲတွေမှာ အောင်မြင်မှုတွေ ရရှိခဲ့တာဟာ မထူးဆန်းပါဘူး။ သက်တမ်းရှည်ကြာလှပြီဖြစ်တဲ့ သူတို့အဖွဲ့ရဲ့ စုရုံးဖွဲ့စည်းမှုကွန်ရက်တွေဟာ ၂၀၁၁ မူဘာရက် ပြုတ်ကျပြီးမှ ပေါ်ထွက်လာတဲ့ အဖွဲ့တွေထက် မှချပဲ ပိုမိုကျယ်ပြန့်အားကောင်းမှာ ဖြစ်ပါတယ်။ ဒါ့အပြင် လစ်ဘရယ်ဝါဒီတွေအကြားမှာ ညီညီညွတ်ညွတ်မရှိဘဲ အကွဲကွဲအပြားပြား ဖြစ်နေတာကလည်း မူဆလင်ညီနောင်များအဖွဲ့ကို တပန်းသာစေခဲ့တာ ဖြစ်တယ်။

လွှတ်တော်ရွေးကောက်ပွဲနဲ့ သမ္မတရွေးကောက်ပွဲတွေမှာ အနိုင်ရခဲ့တဲ့ မူဆလင်ညီနောင်များအဖွဲ့နဲ့ သမ္မတ



မော်စီတို့ဟာ ကျန်နယ်ပယ်အသီးသီးက အင်အားစုများကို သူတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်လာကြဖို့ မကြိုးစားခဲ့ကြပါ။ အစိုးရအဖွဲ့မှာ ကျန်နိုင်ငံရေးအင်အားစုတွေ ပါဝင်လာဖို့ကို အလေးမထားခဲ့ဘူး။ အခြေခံဥပဒေရေးဆွဲရေးအဖွဲ့ထဲက အစ္စလမ် ဝါဒီမဟုတ်သူ အားလုံးနီးပါး နုတ်ထွက်သွားတော့လည်း မူဆလင်ညီနောင်များအဖွဲ့ဟာ ဒါကို ဂရုမမူခဲ့ဘူး။ မူဘာရက်ကို ဖြုတ်ချတဲ့ အုံကြွမှုကာလအတွင်းက လူထု တောင်းဆိုမှု တွေထဲပါတဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးတွေကို သမ္မတက ခန့်အပ်တာ မဟုတ်ဘဲ လူထုက ရွေးချယ်တင်မြှောက်ရေး ဆိုတာကိုလည်း လျစ်လျူရှုပြီး နေရာကောင်းတွေ မှန်သမျှ မူဆလင်ညီနောင်များအဖွဲ့ကပဲ အပိုင်စီးလာကြတယ်။

အီဂျစ်နိုင်ငံမှာ ၁၉၅၂ ခုနှစ်ကတည်းက စစ်တပ်ဟာ နိုင်ငံရေးဇာတ်ခုံပေါ်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ သမ္မတ နိုင်ငံ ထူထောင်ပြီးနောက် အုပ်ချုပ်ခဲ့တဲ့ သမ္မတ ၃ ဦးစလုံးဟာ တပ်ကချည်း ဖြစ်တယ်။ အီဂျစ်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ နယ်ပယ်အသီးသီးမှာ စစ်တပ်က ပုံစံအမျိုးမျိုးနဲ့ လွှမ်းမိုးနေတာ ဖြစ်ပါတယ်။ အဲဒီလို သြဇာအရှိန်အဝါကြီးတဲ့ စစ်တပ်ကို ထိန်းချုပ်နိုင်ဖို့ သမ္မတမော်စီက ကြိုးပမ်းခဲ့ပါတယ်။ စစ်ကောင်စီထဲက ဝါရင့်အဖွဲ့ဝင် ၂ ဦးကို အနားပေးပြီး သူ့အပေါ် သစ္စာခံမယ်လို့ ယူဆတဲ့သူ ၂ ဦးနဲ့ အစားထိုးခဲ့ပါ သေးတယ်။ ဒါပေမဲ့ ဒီထက်ပိုပြီး မလုပ်နိုင်ပါ။ စစ်တပ်ကလည်း သူ့သြဇာအောက် ရောက်မလာပါ။

အသစ်ပေါ်ပေါက်လာတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံက လည်း စစ်တပ်ရဲ့ သြဇာအာဏာကို မကန့်သတ်နိုင်ခဲ့ပါ။ (သမ္မတရဲ့အာဏာကိုတော့ မူဘာရက်လက်ထက်ကထက် အများကြီး လျှော့ချခဲ့တယ်။ လွှတ်တော် ၂ ရပ်ကို အာဏာ ပိုပေးထားတယ်။) စစ်တပ်အနေနဲ့တော့ အရင်မူဘာရက် လက်ထက်တုန်းက ရရှိခဲ့တဲ့ အခွင့်အာဏာတွေအားလုံးနီးပါး ပြန်ရထားပါတယ်။ သမ္မတဟာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဖြစ်ပေမယ့် တပ်မတော်စစ်ဦးစီးချုပ်ကိုတော့ စစ်ဗိုလ်ချုပ်ကြီးတွေကပဲ ရွေးချယ်ခန့်အပ်ခွင့်ပေးထားတယ်။ စစ်ဦးစီးချုပ်က ကာကွယ်ရေးဝန်ကြီးတာဝန် ယူရပါတယ်။

မူဘာရက်လက်ထက်ကတည်းက အီဂျစ်နိုင်ငံရဲ့ စီးပွားရေးဟာ ဆိုးဝါးလှပါတယ်။ တနေ့ဝင်ငွေ ၂ ဒေါ်လာ အောက်ပဲရှိတဲ့သူပေါင်းဟာ ပြည်သူလူထုကြီးရဲ့ ၄၀% ရှိတယ်။ (မော်စီလက်ထက်ရောက်တော့ ၅၀% ဖြစ်သွားပါတယ်။) တိုင်းပြည်ရဲ့လိုငွေပြမှုကလည်း ကြီးတယ်။ အခြေခံစား သောက်ကုန်ဈေးနှုန်းတွေကလည်း တက်ပြီးရင်းတက် ဖြစ်နေ တယ်။ မူဘာရက်ကိုဆန့်ကျင်တိုက်ပွဲဝင်ကြစဉ်က "ပေါင်မုန့်၊ လွတ်လပ်မှုနဲ့ တရားမျှတရေး" လို့ ကြွေးကြော်ခဲ့ကြတာ ဖြစ်ပါတယ်။ မော်စီကလည်း စီးပွားရေးကိစ္စတွေ ကိုင်တွယ် ရာမှာ ညံ့ဖျင်းလှတယ်လို့ အဝေဖန်ခံရပါတယ်။ သူ့လက်ထက် မှာ စီးပွားရေးအခြေအနေဟာ ပိုဆိုးလာတယ်။ စားသုံးကုန် တွေဟာလည်း ဈေးခေါင်ခိုက်လာခဲ့တယ်။ ဓာတ်ဆီလောင်စာ တွေ ပြတ်တောက်တာ၊ လျှပ်စစ်မီး မကြာခဏပြတ်တောက် တာတွေ ဖြစ်လာတယ်။ (ဓာတ်ဆီကို အစိုးရက အရှုံးခံရောင်း ပေးနေတာ ဖြစ်တယ်။)

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က ချေးငွေကလည်း ထုံးစံအတိုင်း ဆေးခါးကြီးက တွဲပါတာမို့ မော်စီတို့အစိုးရအဖွဲ့က လက်မခံခဲ့ပါဘူး။ တဖက်မှာက ဆော်ဒီအာရေဗျနဲ့ကာတာနိုင်ငံတို့က ချေးငွေ၊ ထောက်ပံ့ ငွေတွေရတာကြောင့်မို့လည်း (အိုင်အမ်အက်ဖ်) ချေးငွေကို လက်မခံဘဲ ငြင်းပယ်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒီကြားထဲ ၂၀၁၂ ခုနှစ် နိုဝင်ဘာမှာ သမ္မတမော်စီ ဟာ သမ္မတရဲ့လုပ်ပိုင်ခွင့်အာဏာတွေကို တိုးချဲ့ယူတဲ့ အမိန့် ဒီကရီတခု ထုတ်ပြန်လိုက်တယ်။ ဒါက မကျေမနပ်ဖြစ်နေတဲ့ လူထုကြီးကို ပိုပြီးအမျက်ဒေါသထွက်စေခဲ့တယ်။ အာဏာရှင် စနစ်ဆီ ပြန်သွားဖို့ လုပ်တာပဲလို့ လူထုကြီးက ယူဆသွားကြ တယ်။ လူထုရဲ့ကန့်ကွက်ပွဲတွေ ပေါ်ထွက်လာတယ်။ မော်စီက လည်း အဲဒီအမိန့်ကို ပြန်ရုပ်သိမ်းလိုက်ပါတယ်။

ဒါ့အပြင် သမ္မတမော်စီရဲ့အစိုးရအဖွဲ့ဟာ ကျန်လူနည်း စုတွေရဲ့ အခွင့်အရေးကိုလည်း အကာအကွယ်မပေးနိုင်ဘူးလို့ အဝေဖန်ခံကြရပါတယ်။ သူ့လက်ထက်မှာ ခရစ်ယာန်အနည်း စုတွေဟာ ပိုမိုအတိုက်အခိုက်ခံကြရတာကြောင့် အခုလို ဝေဖန်ကြတာ ဖြစ်ပါတယ်။

ချုပ်ပြောရမယ်ဆိုရင်တော့ မူဆလင်ညီနောင်များ အဖွဲ့နဲ့ သမ္မတမော်စီတို့ရဲ့ အဓိကအားနည်းချက်ဟာ ကျန် နိုင်ငံရေးအင်အားစုတွေ အများစုကြီး ပါလာအောင် မဆွဲဆောင် မစည်းရုံးခဲ့နိုင်တာပဲ ဖြစ်ပါတယ်။ ကျန်နိုင်ငံရေးအင်အားစု




တွေနဲ့ ဆွေးနွေးညှိနိုင်းပြီး အများလက်ခံမယ့် ဘုံလုပ်ငန်းစဉ် တရပ်ကို ညှိနှိုင်းပြီး မချမှတ်နိုင်ခဲ့တာဟာ သူတို့ရဲ့ အဓိက အားနည်းချက်ပါပဲ။

ကျန်တဲ့ စစ်တပ်နဲ့ စီးပွားရေးကိစ္စ ဆိုတာတွေကတော့ နှစ်ပေါင်းများစွာက ဖြစ်တည်လာခဲ့တာတွေမို့ သမ္မတမော်စီအနေနဲ့ အခုလို ကာလတိုလေးအတွင်း ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ နောက်ပြီး ကျန်နိုင်ငံရေးအင်အားစုတွေ ပူးပေါင်းပါဝင်လာမှလည်း ဒီကိစ္စတွေကို ကိုင်တွယ်နိုင်မှာ ဖြစ်ပါတယ်။

## အီဂျစ်စစ်တပ်

၁၉၅၂ ခုနှစ်မှာ အီဂျစ်ဘုရင်စနစ်ကို စစ်တပ်က ဖြိုချဖျက်သိမ်းပစ်ခဲ့တယ်။ အဲဒီအချိန်ကစပြီး အီဂျစ်နိုင်ငံရေးထဲမှာ စစ်တပ်က စတင်ပါဝင် ပတ်သက်ခဲ့တာ ဖြစ်ပါတယ်။ ရာစုနှစ် ၆ ခုကျော်ကျော် အီဂျစ်နိုင်ငံကို စစ်တပ်ဟာ နောက်ကွယ်က စိုးမိုးချယ်လှယ်ခဲ့တာ ဖြစ်ပါတယ်။ နာဆာလက်ထက် နောက်ပိုင်းမှာတော့ အစိုးရရာထူးနေရာတွေ စစ်တပ်ကလူတွေကို ခန့်ထားတာ လျော့နည်းလာခဲ့တယ်။ ဆာဒတ်နဲ့မူဘာရက်လက်ထက်တွေမှာ ပိုလို့တောင်လျော့လာခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ဆိုင်တဲ့ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ပြည်ထဲရေးဝန်ကြီး ဌာနတွေမှာတော့ အဓိကရာထူးနေရာတွေကို စစ်ဗိုလ်ချုပ်ကြီးတွေကပဲ ရယူထားခဲ့တာ ဖြစ်ပါတယ်။ ဗမာပြည်မှာတော့ စစ်တပ်က ကိုင်ထားတာ အဲဒီ ဝန်ကြီးဌာန ၂ ခုအပြင် နယ်စပ်ရေးရာဝန်ကြီးဌာန တခု တောင်ပိုပါသေးတယ်။

၁၉၆၇ ခုနှစ် အစ္စရေးလ်နဲ့စစ်ပွဲမှာ မရှုမလှရှုံးနိမ့်ခဲ့တာကြောင့် အီဂျစ်စစ်တပ်ဟာ နာမည်ပျက်သိက္ခာကျခဲ့ရတယ်။ စစ်တပ်အရာရှိကြီး အတော်များများကိုလည်း နာဆာက ဖြုတ်ပစ်ခဲ့တယ်။ ဆာဒတ်လက်ထက် ၁၉၇၃ ခုနှစ် အစ္စရေးလ်နဲ့စစ်ပွဲမှာတော့ အီဂျစ်စစ်တပ်ဟာ နာမည်ကောင်း ပြန်ရလာတယ်။ ၁၉၇၈ ခု ဒေးဗစ်စခန်းသဘောတူညီချက်အရ ၁၉၆၇ စစ်ပွဲမှာ ဆုံးရှုံးသွားတဲ့ ဆိုင်းနိုင်းကျွန်းဆွယ်ကို ပြန်ရခဲ့တဲ့အခါ စစ်တပ်သြဇာ ပိုတက်လာခဲ့တယ်။ ဒါပေမဲ့ ဆာဒတ်က အစိုးရအဖွဲ့အတွင်း အဆင့်မြင့်ရာထူးတွေမှာ စစ်တပ်ကလူတွေကို သိပ်မခန့်ထားတော့ပါ။ သူ့နဲ့အာဏာပြိုင်ဘက်ဖြစ်လာမှာကို သတိထားပုံရပါတယ်။ လေတပ်တပ်မှူးတဦးဖြစ်တဲ့ မူဘာရက်ကိုတော့ ဒုသမ္မတရာထူး ပေးထားပါတယ်။ တဖက်မှာလည်း နိုင်ငံတော်ကာကွယ်ရေးနဲ့လုံခြုံရေးဆိုင်ရာ ပေါ်လစီတွေချမှတ်ရာမှာတော့ စစ်တပ်ရဲ့အမြင်တွေဟာ ဆက်လက်ပြီး သြဇာကြီးနေခဲ့ပါတယ်။

၁၉၈၁ ခုနှစ်မှာ ဆာဒတ်ဟာ ဗိုလ်ချုပ်ကြီးတဦးဖြစ်တဲ့ အဘူဂါဇာလာ (Abu Ghazala) ကို ကာကွယ်ရေးဝန်ကြီးခန့်ခဲ့တယ်။ ဂါဇာလာလက်ထက်မှာ စစ်တပ်ဟာ

စက်မှု၊ စစ်ဘက်နဲ့လယ်ယာစိုက်ပျိုးရေးကဏ္ဍတွေမှာ ပါဝင်ပတ်သက်မှုတွေ ပိုမိုကြီးထွားလာခဲ့တယ်လို့ ဆိုကြပါတယ်။ အဲဒီလို စီးပွားရေးအရင်းအမြစ်နဲ့လုပ်ငန်းကိုင်ငန်းတွေကြောင့် အီဂျစ်စစ်တပ်ဟာ ကာကွယ်ရေးဘတ်ဂျက်မှာ လွတ်လပ်မှု ပိုရှိခဲ့တယ်။

စစ်တပ်ပိုင်ကုမ္ပဏီကြီးတွေကို အများအားဖြင့် အငြိမ်းစားစစ်ဗိုလ်ချုပ်ကြီးတွေကပဲ စီမံခန့်ခွဲအုပ်ချုပ်ကြပါတယ်။ ရေ၊ သံလွင်ဆီ၊ ဘိလပ်မြေ၊ ဆောက်လုပ်ရေး၊ ဟိုတယ်နဲ့ရေနံလုပ်ငန်းတွေမှာ အဓိကလုပ်ကိုင်ကြတယ်။ နိုင်းမြစ်ဝှမ်းနဲ့ပင်လယ်နီဆိပ်ကမ်းတွေမှာ စစ်တပ်က မြေအများအပြားကို ပိုင်ဆိုင်ထားတယ်။ အခုလို စီးပွားရေးနယ်ပယ်မှာ လွှမ်းမိုးချုပ်ကိုင်ထားနိုင်တာကြောင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်မှာကို စစ်တပ်က ဆန့်ကျင်ပါတယ်။ အစိုးရရဲ့ ပုဂ္ဂလိကပိုင်လုပ်ရေးအစီအစဉ်ဟာ သူတို့ရဲ့စီးပွားရေး အနေအထားကို အန္တရာယ်ပေးမှာ ဖြစ်တယ်လို့ ယူဆတယ်။ ဒါကြောင့် ဆန့်ကျင်ကြတာ ဖြစ်ပါတယ်။

ဒ့ါအပြင် အရပ်ဘက်ရာထူးနေရာတွေကိုလည်း စစ်ဘက်က အငြိမ်းစားယူလာသူတွေက ဝင်ယူထားကြတယ်။ ဘုရင်ခံချုပ်၊ အုပ်ချုပ်ရေးမှူးစတာတွေအပြင် ပို့ဆောင်ရေး၊ ပြန်ကြားရေးနဲ့ ပညာရေးဝန်ကြီးဌာနတွေမှာလည်း နေရာကောင်းတွေကို သူတို့ပဲ ရယူထားကြတယ်။

အရပ်သားစီးပွားရေးထိပ်သီးတွေနဲ့ စစ်ဘက်အကြားမှာ တစုံတရာ ပဋိပက္ခရှိကြပေမယ့် တခုလုံးအရတော့ သူတို့နှစ်ဦးနှစ်ဖက်ဟာ ပူးပေါင်းဆောင်ရွက်နေကြတယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီစီးပွားရေးထိပ်သီးကြီးတွေနဲ့ စစ်ဘက်က အီဂျစ်ရဲ့စီးပွားရေးနဲ့နိုင်ငံရေးကို ချုပ်ကိုင်ထားကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဓိကလွှမ်းမိုးနိုင်တာကတော့ စစ်ဘက်ကပဲ ဖြစ်ပါတယ်။ ဥပမာအားဖြင့် အစိုးရအဖွဲ့အတွင်းမှာ အရပ်သားစီးပွားရေးသမားထိပ်သီး ၆ ဦးကို စီးပွားရေးဆိုင်ရာစီစဉ်ဆောင်ရွက်ဖို့ ခန့်အပ်ထားတယ်။ ဒါပေမဲ့ အဲဒီအဖွဲ့က အတည်ပြုလိုက်တဲ့ ဘယ်စီးပွားရေးကန်ထရိုက်ကိုမဆို ကာကွယ်ရေးဝန်ကြီးက လုံခြုံရေးအကြောင်းပြချက်နဲ့ ပယ်ဖျက်နိုင်ပါတယ်။

စစ်တပ်ရဲ့ စီးပွားရေးလုပ်ငန်းတွေက ထုတ်လုပ်မှုဟာ အီဂျစ်နိုင်ငံ ဂျီဒီပီရဲ့ ၁၅ – ၂၀% ရှိတယ်လို့ ခန့်မှန်းကြပါတယ်။ စီးပွားရေးစားကျက် ကျယ်ပြန့်လာသလို လူမှုရေးနယ်ပယ်မှာလည်း သူတို့ကပဲ ကြီးစိုးလာတော့တာ ဖြစ်ပါတယ်။ တနည်းပြောရရင် စစ်ဗျူရိုကရေစီယန္တရား ကျယ်ပြန့်အားကောင်းလာခဲ့တာပါပဲ။



အီဂျစ်စစ်တပ်ဟာ ၁၉၇၃ ခုနှစ်မတိုင်မီကတော့ ဆိုဗီယက်ရုရှားကို အားထားမှီခိုခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၇၃ စစ်ပွဲအပြီးမှာတော့ တဖြည်းဖြည်းချင်း အမေရိကန်နဲ့ ပိုနီးစပ်လာခဲ့တယ်။ စစ်ဘက်အရာရှိတွေဟာ အမေရိကန်မှာ စစ်သင်တန်းတွေတက်ကြတယ်။ အမေရိကန်ကလည်း အီဂျစ်စစ်တပ်ကို စစ်လက်နက်ပစ္စည်းတွေ ထောက်ပံ့တာ၊ ရောင်းချပေးတာတွေ လုပ်တယ်။ ငွေကြေးလည်း ထောက်ပံ့ပေးတယ်။ အခုဆို တနှစ်ကို ၁.၅ ဘီလျံ ထောက်ပံ့ပေးနေတာ ဖြစ်ပါ တယ်။ ဒါဟာ အမေရိကန်အကူအညီကို အစ္စရေးလ်နိုင်ငံ ပြီးရင် ဒုတိယအများဆုံးရတာ ဖြစ်ပါတယ်။ အခု အာဏာသိမ်းလိုက်တာတောင်မှ ထောက်ပံ့မှုတွေ မရပ်ပါဘူး။ အမေရိကန်ဥပဒေအရ စစ်တပ်က အာဏာသိမ်းရင် ထောက်ပံ့မှုတွေ ဖြတ်တောက်ပစ်ရပါတယ်။ အခုတော့ အာဏာသိမ်းတာ ဟုတ်မဟုတ် စိစစ်ရဦးမယ်လို့ ဆိုပါတယ်။ အက်ဖ် ၁၆ ဂျက်တိုက်လေယာဉ်တွေ ပို့ပေးမယ်လို့ ဆိုတယ်။ နဂိုစီစဉ်ထားပြီးသားမို့ပါလို့ အကြောင်းပြပါတယ်။ (အခုတော့ ရပ်ဆိုင်းထားမယ် ပြောပြန်ပါတယ်။) ဒါဟာ မဆန်းပါဘူး။ အမေရိကန်ရဲ့ နိုင်ငံခြားရေးပေါ်လစီဆိုတာက 'တို့လူ ဟုတ်မဟုတ်' ဆိုတဲ့ပေတံနဲ့ပဲတိုင်းတာ မဟုတ်လား။

အီဂျစ်ပြည်သူတွေက မူဘာရက်ကို ဆန့်ကျင်ဆန္ဒပြကြတာတွေ အရှိန်အဟုန်ကောင်းလာတဲ့အခါမှာ စစ်တပ်က မူဘာရက်ရဲ့ အမိန့်ကို မနာခံတော့ပါဘူး။ အဲဒီတော့ မူဘာရက်လည်း ပြုတ်သွားပါတယ်။ လူထုတိုက်ပွဲ ပြင်းထန်လာလို့ စစ်တပ်က မီးစင်ကြည့်ကလိုက်တာပါ။ အဲဒီအတွက် လူထုကြားမှာ စစ်တပ်ဟာ နာမည်ကောင်းရသွားခဲ့တယ်။ ဒါပေမဲ့ အသွင်ပြောင်း ကြားကာလမှာ စစ်ကောင်စီဖွဲ့ပြီး အုပ်ချုပ်တဲ့အခါ လူထုက ဆန့်ကျင်တာကို ခံရပြန်တယ်။

ဒီနောက်မှာတော့ ရွေးကောက်ပွဲတွေလုပ်ပေးပြီး လွှတ်တော်တွေ – သမ္မတနဲ့ အစိုးရအဖွဲ့တွေ ဖြစ်လာတယ်။ ဒါပေမဲ့ အထက်မှာ ဖော်ပြခဲ့သလို အခြေအနေတွေက ပိုဆိုးလာတာကြောင့် မော်စီကိုလည်း လူထုက နုတ်ထွက်ပေးဖို့ ဆန္ဒပြတောင်းဆိုလာကြပါတယ်။ လူထုတိုက်ပွဲ အရှိန်မြင့်လာတဲ့အခါမှာ စစ်တပ်ကဝင်ပြီး မော်စီကို ရာဇသံပေးခဲ့တယ်။ မော်စီက လက်မခံတဲ့အခါမှာ အာဏာသိမ်းလိုက်တာပဲ ဖြစ်ပါတယ်။




ဒီအတွက် လူထုအကြားမှာ နာမည်ကောင်းရသွားပြန်ပါတယ်။ မော်စီကို ဆန့်ကျင်ဆန္ဒပြတဲ့သူတချို့က စစ်ဦးစီးချုပ် စီစီ (Sisi) ရဲ့ ဓာတ်ပုံကို ရင်မှာချိတ်ဆွဲလာကြတယ်။ တဖက်မှာတော့ မူဆလင်ညီနောင်များအဖွဲ့က စစ်တပ်ကို ဆန့်ကျင်ဆန္ဒပြကြပါတယ်။ ထိပ်တိုက်တိုးပြီး စစ်တပ်က ပစ်ခတ်လို့ လူ ၅၁ ဦးသေဆုံးတာတွေ ဖြစ်လာပါတယ်။ မော်စီကို ဆန့်ကျင်သူနဲ့ ထောက်ခံသူတွေ အီဂျစ်နိုင်ငံက လမ်းမတွေပေါ်မှာ အပြန်အလှန် ဆန္ဒပြနေကြတယ်။ ထိပ်တိုက်တိုးတာတွေလည်း ဖြစ်နေကြပါပြီ။

စစ်တပ်က ဒီတခါ အာဏာသိမ်းအပြီးမှာ စစ်ကောင်စီနဲ့ နိုင်ငံကို အုပ်ချုပ်တာ မလုပ်တော့ပါ။ တရားသူကြီးချုပ် အဒ်လီမန်ဆိုး (Adli Mansour) ကို ကြားဖြတ်သမ္မတအဖြစ် ခန့်အပ်ပြီး အစိုးရအဖွဲ့ ဖွဲ့ပြီး အုပ်ချုပ်စေပါတယ်။

## လစ်ဘရယ်များနဲ့ အခြားအင်အားစုများ

ဒီအင်အားစုမှာ လစ်ဘရယ်တွေနဲ့ နိုင်ငံရေးမှာ ဘာသာရေး မရောစေချင်သူတွေ၊ လူနည်းစု ခရစ်ယာန်စတာတွေ ပါပါတယ်။ သူတို့ဟာ မူဘာရက်ကို ဖြုတ်ချတဲ့တိုက်ပွဲမှာ ပါဝင်ခဲ့ကြပေမယ့် နောက်ပိုင်းမှာ အင်အားတောင့်တင်းတဲ့ အဖွဲ့အစည်းတရပ်အဖြစ်နဲ့ မပေါ်ပေါက်နိုင်ခဲ့ပါ။ အကွဲကွဲအပြားပြား ဖြစ်နေခဲ့ကြတယ်။ ရွေးကောက်ပွဲဝင်ပြိုင်ဖို့အတွက် အီဂျစ်ဘလောက် (Egyptian Bloc) ဆိုတဲ့ တပ်ပေါင်းစုတခုကို ဖွဲ့စည်းခဲ့ကြတယ်။ အဲဒီမှာ အဖွဲ့ဝင် ၁၅ ဖွဲ့ ပါတယ်။ အဖွဲ့တွေက

အမျိုးမျိုးအဖုံဖုံ ဖြစ်တယ်။ ဆိုရှယ်လစ်ဆိုတာတွေအပြင် အီဂျစ်ကွန်မြူနစ်ပါတီတောင် ပါပါတယ်။

လွှတ်တော်ရွေးကောက်ပွဲမှာ အမတ်နေရာရရှိမှု အနေအထားအရ မူဆလင်ညီနောင်များအဖွဲ့ ပါဝင်တဲ့ ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (Democratic Alliance) က (၄၄.၉%) နေရာအများဆုံးရတယ်။ မူဆလင်ညီနောင်များအဖွဲ့ထက် ဘာသာရေးအယူပိုကြီးတဲ့ အဲလ်နူးပါတီပါဝင်တဲ့ တပ်ပေါင်းစု (Islamist Bloc) က (၂၅.၀%) နဲ့ ဒုတိယလိုက်တယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးတဦး ထောင်ထားတဲ့ ပါတီက (၇.၅%) နဲ့ တတိယဖြစ်ပါတယ်။ အီဂျစ်ဘလောက် (Egyptian Bloc) ကတော့ ၆.၇% နဲ့ စတုတ္ထနေရာမှာပဲ ရှိတယ်။

အခု သမ္မတမော်စီကို ဖြုတ်ချခဲ့တဲ့လှုပ်ရှားမှုကို ၂၀၁၃ ခုနှစ် ဧပြီလမှာ စတင်စည်းရုံးလှုံ့ဆော်ခဲ့တာ ဖြစ်ပါတယ်။ ဒီလှုပ်ရှားမှုကို အီဂျစ်ဘာသာနဲ့ တာမရော့ (Tamarod သူပုန်) လို့ အမည်ပေးပါတယ်။ သမ္မတမော်စီ နုတ်ထွက်ဖို့ ပန်ကြားလွှာတစောင်ထုတ်ပြီး ဝိုင်းလက်မှတ်ထိုးကြဖို့ လှုံ့ဆော်ပါတယ်။ လူမှုကွန်ရက်တွေနဲ့ အောက်ဆုံးအလွှာက တက်ကြွသူတွေကြောင့် ဒီလှုပ်ရှားမှုဟာ အလွန်မြန်ဆန်စွာနဲ့ ကြီးထွားအရှိန်ရလာခဲ့တယ်။ ဒီအဖွဲ့ဝင်တွေက သမ္မတမော်စီ ရာထူးသက်တမ်းတနှစ်ပြည့်တဲ့ ဇွန်လ ၃၀ ရက်နေ့မှာ လက်မှတ် ၁၅ သန်းရအောင် လုပ်မယ်လို့ ကြုံးဝါးခဲ့တယ်။ ဇွန်လ ၃၀ ရက်မှာတော့ လက်မှတ်ထိုးသူပေါင်း ၂၂ သန်းရှိတယ်လို့ သူတို့က ဆိုပါတယ်။ ဒါ့အပြင် အဲဒီနေ့မှာ အီဂျစ်နိုင်ငံတဝှမ်းက မြို့ကြီးတွေမှာ လမ်းပေါ်ထွက် ဆန္ဒပြကြတဲ့ ပြည်သူ အရေအတွက်ဟာ ၁၄ သန်း ရှိတယ်လို့ ခန့်မှန်းကြပါတယ်။ မော်စီသမ္မတအရွေးခံတုန်းကရတဲ့ ထောက်ခံမဲ (၁၃) သန်းထက် ကျော်တယ်လို့ ဆန္ဒပြသူတွေက ဆိုကြပါတယ်။

ဒီနောက်မှာတော့ စစ်တပ်က မော်စီကို ဖြုတ်ချပြီး အာဏာသိမ်းခဲ့ပါတယ်။

**ဒီခရီး နီးသလား**

စစ်အာဏာရှင်စနစ်ကို အမြစ်ဖြုတ်နိုင်မှသာ ဒီမိုကရေစီနိုင်ငံကို ထူထောင်နိုင်မှာ ဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ်က နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ နယ်ပယ်အစုံမှာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်ထားတာ ဖြစ်ပါတယ်။ အဲဒီသူ့ရဲ့ စစ်ဗျူရိုကရေစီယန္တရားကြီးကို ဖျက်သိမ်းပစ်နိုင်မှသာ ဒီမိုကရေစီစခန်းဆီ တက်လှမ်းနိုင်မှာပါ။ ထိပ်ကအာဏာရှင်တယောက်၊ အစိုးရအဖွဲ့တဖွဲ့ကို ဖြုတ်ချနိုင်ရုံနဲ့ စစ်အာဏာရှင်စနစ်က ပျက်သုဉ်းသွားမှာ မဟုတ်ပါ။ အသွင်တမျိုးမျိုးနဲ့ အသက်ဆက်နေမှာပါ။ အခု ဗမာပြည်မှာ ၂၀၀၈ အခြေခံဥပဒေနဲ့ အသက်ဆက်နေသလိုပေါ့။

အီဂျစ်နိုင်ငံက စစ်ဗျူရိုကရေစီ ယန္တရားဟာ နယ်ပယ်စုံမှာ အမြစ်တွယ်နေတာမို့ အားကောင်းမောင်းသန်ဖွဲ့နပဲကြီးစွာနဲ့ လုံးပန်းတိုက်ခိုက်မှပဲ ဖြိုဖျက်နိုင်မှာ ဖြစ်ပါတယ်။ ဒီမိုကရေစီလိုလားတဲ့ အဖိနှိပ်ခံတွေအားလုံး စုစုစည်းစည်း ညီညွတ်စွာနဲ့ တိုက်ပွဲဝင်မှသာ အောင်မြင်နိုင်မှာ ဖြစ်တယ်။ စစ်တပ်အတွင်းမှ ဒီမိုကရေစီလိုလားသူများကို စည်းရုံးရမှာပါ။

အီဂျစ်ပြည်သူတွေဟာ စည်းလုံးညီညွတ်စွာနဲ့ တိုက်ပွဲဝင်ခဲ့ကြလို့ မူဘာရက် ပြုတ်ကျခဲ့ရတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ပြည်သူတွေအကြား သဘောထားကွဲလွဲပြီး ထိပ်တိုက်တွေ့နေကြတဲ့ အခြေဆိုက်နေတယ်။ ၂ ဖက် ပဋိပက္ခက ပိုသည်းသန်ပြင်းထန်လာနေတယ်။ ဒီအခြေအနေကို အမြန်ပြောင်းလဲနိုင်အောင် ကြိုးစားကြဖို့ လိုပါမယ်။ အခု ထိပ်တိုက်တွေ့နေတဲ့ အင်အားစု ၂ ခု တွေ့ဆုံညှိနှိုင်းပြီး ၂ ဖက်လက်ခံနိုင်မယ့် အနိမ့်ဆုံးဘုံလုပ်ငန်းစဉ်တခု ချမှတ်နိုင်မှသာ ရှေ့ခရီးဆက်နိုင်မယ်လို့ ထင်မြင်မိပါကြောင်း။ ။

နိုင်ငံတကာကဗျာ




# လူတသန်းချီတက်ပွဲ

မာရီယာအင်ဂျလို

ညတာကရှည်
ဒဏ်ရာကနက်
တွင်းကမှောင်
နံရံများက မတ်စောက်တယ်။

သေနေတဲ့ အပြာရောင်မိုးကောင်းကင်အောက်ရှိ
အဝေးက ပင်လယ်ကမ်းတခုမှာ
ငါ့ကိုမင်းအနားထိ ဆံပင်ကနေ ဆွဲသွားကြတယ်
မင်းလက်တွေကိုတုပ်နှောင်၊ မင်းပါးစပ်ကိုစည်းထား
မင်းဟာ ငါ့နာမည်ကိုတောင်မှ မခေါ်နိုင်ဘူး
မင်းလည်း ဘာမှမတတ်နိုင်၊ ငါလည်း ဘာမှမတတ်နိုင်
ဒါပေမဲ့ ကံဆိုးချင်တော့ သမိုင်းတလျှောက်မှာ
မင်းဟာ အရှက်ကို ပန်ဆင်ထားရတယ်။

ညတာကရှည်
ဒဏ်ရာကနက်
တွင်းကမှောင်
နံရံများက မတ်စောက်တယ်လို့ ငါပြောတယ်။

ဒါပေမဲ့ ဒီနေ့တော့ အတိတ်ကဝိဉာဉ်ရဲ့အသံတွေက
နှစ်တွေဖြတ်သန်း၊ ရာစုတွေဖြတ်သန်း
သမုဒ္ဒရာတွေဖြတ်သန်း၊ ပင်လယ်တွေဖြတ်သန်းကာ
ငါတို့ကို အလေးအနက်ပြောလာတယ်။
သူတို့က ပြောတယ် – ကျောချင်းကပ်ကြ
ကိုယ့်အမျိုးကို ကာကွယ်ကြ။
အဝေးတနေရာမှာ တန်ဖိုးပေးပြီးပြီ
သူအိုများက ငါတို့ကို သတိပေးတယ်
ကျွန်ဘဝသံနှောင်ကြိုးတွေဟာ
ငါတို့ရဲ့ လွတ်လပ်ရေးအတွက်ပေးရတဲ့
တန်ဖိုးတွေ အကြိမ်ကြိမ်ဖြစ်ခဲ့တယ်။

ညတာကရှည်
ဒဏ်ရာကနက်
တွင်းကမှောင်
နံရံများက မတ်စောက်တယ်လို့ ငါပြောတယ်။

ငါတို့တတွေ နေခဲ့ကြ၊ နေ နေရတဲ့ငရဲက
ငါတို့ရဲ့အာရုံတွေကို ထက်မြက်စေ
ပိုင်းဖြတ်ချက်ကို ခိုင်မာစေတယ်။
ညတာက ရှည်တယ်။
မနက်တုန်းက မင်းရဲ့ဒေါသဖြစ်နေတဲ့ မျက်နှာကတဆင့်
မင်းရဲ့နှလုံးသားအထိ ငါကြည့်မိတယ်။
ငါတို့နှစ်ယောက်ပေါင်းရင် အပြည့်ဖြစ်မယ်

မင်းရဲ့ပုံစံကတဆင့် ဟန်ဆောင်ထားတာကိုဖြတ်ပြီး ကြည့်တဲ့အခါ

မင်းရဲ့အညိုရောင်မျက်လုံးကြီးတွေထဲမှာ

မင်းမိသားစုအပေါ် မင်းရဲ့မေတ္တာကို မြင်ရတယ်။

ငါက လက်ခုပ်တွေတီးကြ ဒီဆုံရပ်မှာ စုရုံးရအောင်လို့ ပြောတယ်။

ငါက လက်ခုပ်တွေတီးကြ တဦးကိုတဦး မေတ္တာထားကြရအောင်လို့ ပြောတယ်၊

ငါက လက်ခုပ်တွေတီးကြ၊ မသိကျိုးနွံနေတဲ့ သိမ်ဖျင်းတဲ့လမ်းက ခွဲရအောင်လို့ပြောတယ်။

လက်ခုပ်တွေတီးကြ၊ စုရုံးပြီးရင်ဖွင့်ကြရအောင်၊

ငါတို့ရဲ့စိတ်ဓာတ်တွေကို ပြန်သုံးသပ်ကြရအောင် စုရုံးကြ

ငါတို့ရဲ့ဝိညာဉ်တွေကို သန့်စင်ရအောင်စုရုံးကြ

လက်ခုပ်တွေတီးကြ၊ ကိုယ့်ကိုယ်ကို သ'နေတာကို စွန့်ခွာရအောင်

ကိုယ့်သမိုင်းထဲမှာကိုယ် ဟန်ဆောင်နေတာကို ရပ်ကြပါစို့

လက်ခုပ်တွေတီးကြ၊ ဝိညာဉ်တွေကို ကမ်းပါးစွန်းက ပြန်ခေါ်ရအောင်

လက်ခုပ်တွေတီးကြ၊ ပျော်ရွှင်မှုကို ငါတို့စကားဝိုင်းထဲ ပြန်ဖိတ်ခေါ်ရအောင်

အိပ်ခန်းထဲကို ဆန္ဒပါဝင်မှု ပြန်ဖိတ်ခေါ်ရအောင်

မီးဖိုချောင်ထဲကို ခင်မင်ကြင်နာမှု ပြန်ဖိတ်ခေါ်ရအောင်

ကလေးထိန်းကျောင်းထဲကို ဂရုစိုက်မှု ပြန်ဖိတ်ခေါ်ရအောင်

ဘိုးဘွားတွေက ငါတို့ကိုသတိပေးတယ်

သမိုင်းရဲ့နာကျင်မှုတွေ ရှိလင့်ကစား

ငါတို့ဟာ ပြန်ထလာမယ့် ချီတက်နေတဲ့ပြည်သူတွေ ဖြစ်တယ်တဲ့။

ဒီလိုနဲ့ ငါတို့ထလာမြဲ ထလာတယ်။

(မာယာအင်ဂျလိုရဲ့ Million Man March ကဗျာကို ပြန်ဆိုထားတာ ဖြစ်ပါတယ်။)



# မာယာအင်ဂျလို

Million Man March ဆိုတဲ့ ဒီကဗျာကိုရေးသူ ဒေါက်တာမာယာအင်ဂျလို (Dr. Maya Anjelou) ကို ၁၉၂၈ ခုနှစ်၊ ဧပြီလ ၄ ရက်က အမေရိကန်နိုင်ငံ၊ စိန့်လူးဝီးစ်မြို့မှာ မွေးဖွားခဲ့ပါတယ်။ လူမျိုးခွဲခြားမှုဒဏ်ကို ဆိုးဆိုးဝါးဝါးခံစားဖူးတဲ့ သူ့ရဲ့ရင်ထဲခေါင်းထဲမှာ လူမည်းတွေရဲ့ခံစားချက်၊ ယဉ်ကျေးမှုနဲ့ ယုံကြည်မှုတွေ ပြည့်လျှမ်းနေပါတယ်။

သူ့ရဲ့ ပထမလိုက်စားချက်ဟာ အကပါ။ ကမ္ဘာကျော်အကပညာသည် မာသာဂရေဟမ် (Matha Graham) ဆီမှာ အကပညာသင်ခဲ့တဲ့သူဟာ ၅၀ စုနှစ်များအတွင်းမှာ ဥရောပတခွင် လှည့်လည်ကပြခဲ့ပါတယ်။ တချိန်ထဲမှာပဲ သူဟာ ပြင်သစ်၊ စပိန်၊ အီတလီ၊ အာရပ်စကားတွေကို ပိုင်နိုင်စွာတတ်မြောက်ခဲ့ပါတယ်။ ဒ့ါအပြင် အာဖရိကအနောက်ပိုင်းမှာ အသုံးများတဲ့ ဖန်တီ (Fanti) စကားကိုလည်း တတ်မြောက်ခဲ့ပါတယ်။ သူဟာ ဂါနာနိုင်ငံမှာ အမေရိကန်နိုင်ငံက လူမည်းလှုပ်ရှားမှု ခေါင်းဆောင် မယ်လ်ကွန်အိပ်ကွ (Malcom X) နဲ့ မိတ်ဆွေဖြစ်ခဲ့ပါတယ်။ ၁၉၆၄ ခုနှစ် သူအမေရိကန်နိုင်ငံကို ပြန်ရောက်လာတော့ မယ်လ်ကွန်အိပ်ကွနဲ့အတူ အာဖရိကအမေရိကန်ညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းကြပါတယ်။ ဒါပေမဲ့ အဲဒီနှစ်ထဲမှာပဲ မယ်လ်ကွန်အိပ်ကွ အသတ်ခံရပြီး သူ့ကို မာတင်လူသာကင်းက သူနဲ့အတူတူ လုပ်ကိုင်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ သူကလည်း ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ မာတင်လူသာကင်းပါ အသတ်ခံရတော့ သူဟာပုံကျသွားပါတယ်။

သူ့ဘဝမှာ ဆုတံဆိပ်တွေနဲ့ ဂုဏ်ထူးတွေ အမြောက်အမြားပဲ ရရှိခဲ့ပါတယ်။

# သတင်းနဲ့မှတ်ချက်

## ပြားတဲ့ဖားကပြား ဖောင်းတဲ့ဖားကဖောင်း

မြန်မာနိုင်ငံမှ ဘဏ်ငွေအပ်နိုင်သူများထဲတွင် ကျပ်ငွေသိန်း ၅၀၀ အထက် အပ်နိုင်သူဟာ ဘဏ်မှာငွေအပ်သူ စုစုပေါင်းဦးရေရဲ့ တစ်ရာနှုန်းတောင် မရှိဘူးလို့ ဘဏ္ဍာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ပြောသွားတယ်။ ပြည်သူ့လွှတ်တော် အစည်းအဝေးအတွင်း မေးခွန်းတခုကို ဖြေကြားရာမှာ အခုလို ပြောသွားတာပါ။ အဲဒီတစ်ရာနှုန်းတောင် မပြည့်တဲ့ လူနည်းစုက အပ်နှံထားတဲ့ ငွေစုစုပေါင်းဟာ ကျပ်ဘီလျံ ၄၆၂၀ ကျော် ရှိပြီး စုစုပေါင်းအပ်ငွေရဲ့ ၅၆% နီးပါးရှိတယ်လို့ ဆိုပါတယ်။

လန်ဒန်မှ အိမ်ခြံမြေ အကြံပေးကုမ္ပဏီ နိုက်ဖရန့်ရဲ့ (Knight Frank) ချမ်းသာ ကြွယ်ဝမှုအစီရင်ခံစာမှာတော့ မြန်မာနိုင်ငံမှာ ဒေါ်လာသန်း (၃၀) အထက်ချမ်းသာသူဦးရေ (၃၉) ဦး ရှိတယ်လို့ ဆိုတယ်။ လန်ဒန်မှာတောင် အမေရိကန်ဒေါ်လာ သုံးသန်းတန်တဲ့ အိမ်တွေကို ဗမာပြည်က ဝယ်သူတွေရှိနေတယ်လို့လည်း အဲဒီအစီရင်ခံစာမှာ ပါပါတယ်။ ဗမာပြည်က ဝယ်တာတွေဟာ လန်ဒန် အိမ်ခြံမြေဝယ်ယူမှုတွေရဲ့ ၁% ရှိတယ်တဲ့။ ဟောင်ကောင်နဲ့ဆွစ်ဇာလန်က ဝယ်ယူတဲ့အတိုင်းအတာနဲ့ တူတယ်ဆိုပဲ။ နောက်ပြီးပြည်တွင်း သတင်းဂျာနယ်တစ်စောင်ကတော့ ဗမာပြည်မှာ တစ်ဘီလျံအထက် ချမ်းသာသူ သို့မဟုတ် အစုအဖွဲ့ သုံးဦးမှလေးဦးအထိ ရှိနိုင်တယ်လို့ ခန့်မှန်းပါတယ်။ ဒီစာရင်းတွေကို သူတို့ ဘယ်လိုတွက်သလဲတော့ မသိပါ။

ဒါပေမဲ့ ဒီအချက်အလက်တွေအရ သိသာတာကတော့ ဗမာနိုင်ငံမှာ ချမ်းသာသူဦးရေက အနည်းတကာ့ အနည်းစုသာ ဖြစ်နေတာပါပဲ။ နောက်ပြီး စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ ချမ်းသာကြွယ်ဝမှုကို ဘယ်လိုသိနိုင်မလဲ။ တွေ့နေရတဲ့ သတင်းတွေအရတော့ စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ ချမ်းသာကြွယ်ဝမှုဟာ ကြောက်ခမန်းလိလိပါ။

တုံးအောက်ကဖား ပြားတဲ့ဖားကပြား၊ ဖောင်းတဲ့ဖားက ဖောင်းဆိုတာကို သတိရမိတယ်။ သေချာတာကတော့ ပြားတဲ့ဖားက များနေတာပါပဲ။ အထက်မှာ ပြောသလို ၉၉% က ပြားနေတာ ဖြစ်တယ်။ ဒါကြောင့် ဝေါလမ်းမကို သိမ်းပိုက်ကြအရေးတော်ပုံကြီးက 'ငါတို့ဟာ ၉၉%' လို့ ကြွေးကြော်ခဲ့ကြတာ မဟုတ်လား။ ဖောင်းတဲ့ဖားကတော့ ၁% ပေါ့။ ၉၉% သော ဖားတွေကို ပြားနေအောင် လုပ်ထားနိုင်လို့သာ အဲဒီ ၁% ဖားက ဖောင်းနိုင်နေတာပါပဲ။

---

## လက်တင်အမေရိကား လက်ဝဲယိမ်းအစိုးရများအား ဖြုတ်ချရန် အမေရိကန်ကြံစည်

ကွယ်လွန်သွားတဲ့ လူထုကြိုက် ဗင်နီဇွဲလားသမ္မတ ဟူးဂိုးချားဗစ် နေရာမှာ ရွေးကောက်ပွဲသစ် (မတ် ၂၀၁၃ ) ဖြင့် ပြတ်ပြတ်သားသား အနိုင်ရလာတဲ့ နီကိုလတ်စ် မာဒူရို Nicolas Maduro (ချားဗစ်ရဲ့လူရင်း) အပေါ် မဲမသမာမှု စွဲချက်ဖြင့် အမေရိကန်နိုင်ငံများအဖွဲ့ OAS အထွေထွေအတွင်းရေးမှူး အင်ဆူဇာ Jose Miguel Insulza က မဲအားလုံးပြန်ရေတွက်ဖို့ တောင်းဆိုလိုက်တယ်။ ဒါဟာ ကျိုးကြောင်းမဆီလျော်ဘူး။ နှစ်ဖက်သက်သေများရှေ့မှာ စက်နဲ့ရေတွက်ထားတဲ့ မဲများရဲ့ ၅၄% ကို လက်နဲ့ ပြန်ရေတွက်ခဲ့ပြီး ဖြစ်တယ်။ ထူးထူးခြားခြား ကွာခြားချက်မတွေ့ရဘူး။ အတိုက်အခံများထဲမှ လူအများကလည်း မဲမသမာမှုရှိတယ်လို့ သံသယမရှိဘူး။ အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာက ဗင်နီဇွဲလား ရွေးကောက်ပွဲစနစ်ဟာ 'ကမ္ဘာပေါ်မှာအကောင်းဆုံးပဲ' လို့ ပြောတယ်။ တောင်အမေရိက နိုင်ငံအများအပြားက ဗင်နီဇွဲလားရဲ့ လွတ်လပ်တဲ့ရွေးကောက်ပွဲကို ထောက်ခံကြောင်း ဖော်ပြကြပြီး အမေရိကန်ရဲ့ စွက်ဖက်မှုအပေါ် ရှုတ်ချကြတယ်။

Agencic Publica




သတင်းစာမှ သတင်းသမား Natalia Publica က အကျယ်အပြန့် စုံစမ်းမေးမြန်းမှုများလုပ်ပြီး လွန်ခဲ့တဲ့ ၁၅ နှစ်အတွင်း ရွေးကောက်ပွဲဖြင့် တက်လာတဲ့ တောင်အမေရိကား လက်ဝဲယိမ်းအစိုးရများ ဖြုတ်ချနိုင်ရေးအတွက် အမေရိကန်အစိုးရမှ လျှို့ဝှက်ကြံစည်ခဲ့မှု ထောက်ခံပံ့ပိုးခဲ့မှုတို့ကို ထုတ်ဖော်တင်ပြခဲ့တယ်။ OAS ကို ပြန်ပေးဆွဲပြီး ဟွန်းဒူးရပ်စ် သမ္မတ ဇီလာရာ Manuel Zelara ကို စစ်တပ်ကဖြုတ်ချ အာဏာသိမ်းခဲ့တယ် (၂၀၀၉)။ ပါရာဂွေးသမ္မတ လူဂို Fernando Lugo ကို ဖြုတ်ချရာမှာလည်း ကြိုးကိုင်ခဲ့သူဟာ အမေရိကန်အစိုးရပဲ ဖြစ်တယ် (၂၀၁၂)။ ပြုပြင်ရေးသမား လူဂိုဟာ လက်ဝဲသမား မဟုတ်ပေမယ့် လက်ဝဲအစိုးရများနဲ့ ရင်းနှီးသူဖြစ်လို့ အမေရိကန်က မကြိုက်ဘူး။ ၂၀၀၅ က ဘရာဇီးလ်အလုပ်သမားပါတီ အင်အားချည့်နဲ့စေရန် ဘရာဇီးလ်ဖွဲ့စည်းအုပ်ချုပ်ပုံ ပြင်ဖို့ အမေရိကန်က ငွေကြေးထောက်ပံ့ စည်းရုံးခဲ့တယ်။

ရှေ့လျှောက်လည်း လူထုက ရွေးကောက် တင်မြှောက်လိုက်တဲ့ တိုးတက်တဲ့ လက်ဝဲယိမ်းအစိုးရများကို အန်ကယ်ဆမ် (အမေရိကန်အစိုးရ) က ဖြုတ်ချအာဏာသိမ်းဖို့ ကြံစည်နေဦးမှာပဲ။ လူထုကြီးကလည်း သူတို့ ရွေးကောက် တင်မြှောက်လိုက်တဲ့ အစိုးရများကို လမ်းပေါ်ထွက်ပြီး ကာကွယ်ကြဦးမှာပဲ။ ခေတ်ကိုက လမ်းပေါ်ထွက် လူထုအားပြတဲ့ခေတ် ဖြစ်နေပြီ။

## ဒေဝါလီမြို့တော်

ဒီနှစ် ဇူလိုင် ၁၈ ရက်နေ့က အမေရိကန်နိုင်ငံမှ ဒက်ထရိုက်မြို့ဟာ ကြွေးမြီတွေ ပြန်မဆပ်နိုင်တော့တဲ့အတွက် ဒေဝါလီခံခွင့် လျှောက်ထားလိုက်ပါတယ်။ မြို့တော်မြူနီစပယ်ရဲ့ကြွေးမြီဟာ အမေရိကန်ဒေါ်လာ ၁၈.၅ ဘီလျံ ခန့်ရှိတယ်။ ပင်စင်ပေးဖို့နဲ့ ငွေချေးစာချုပ်တွေ ထုတ်ရောင်းထားတဲ့ ကြွေးမြီတွေ ဖြစ်တယ်။ မီချီဂန်ပြည်နယ်ဖွဲ့စည်းပုံဥပဒေအရ ပင်စင်ခံစားခွင့်တွေကို နစ်နာမှု မဖြစ်စေရပါ။ ဒါကြောင့် အခုလို ဒေဝါလီခံခွင့်လျှောက်ထားတာကို ပြည်နယ်တရားရုံးက ဥပဒေနဲ့မညီဘူးဆိုပြီး ပယ်ချခဲ့တယ်။ အထက်တရားရုံးတွေ အယူခံတက်ရင်တော့ ဘယ်လိုဖြစ်မယ် မပြောနိုင်သေးပါ။

ဒက်ထရိုက်မြို့ဟာ တချိန်က အမေရိကန်မှာ ကားလုပ်ငန်းတွေနဲ့ ထင်ရှားပြီး ချမ်းသာကြွယ်ဝတဲ့ မြို့တမြို့ ဖြစ်ခဲ့တယ်။ ၁၉၅၀ ခုနှစ်တွေတုန်းက မြို့လူဦးရေဟာ နှစ်သန်းနီးပါးရှိခဲ့တယ်။ လူဖြူက အများစု ဖြစ်ပါတယ်။ ၁၉၆၀ ခုနှစ်တုန်းက တနိုင်ငံလုံးမှာ တဦးချင်းဝင်ငွေ အများဆုံးမြို့ ဖြစ်ခဲ့တယ်။ ဒီနောက် နာမည်ကျော် ၁၉၆၇ ခုနှစ် ဒက်ထရိုက် အရေးအခင်းကြီး ဖြစ်ခဲ့တယ်။ လူမည်းတွေကို ပုလိပ်တွေက ရက်ရက်စက်စက် နှိပ်စက်အနိုင်ကျင့်ကြတာကို မခံနိုင်တော့တဲ့အဆုံး လူမည်းတွေက ထကြွကုန်ကြတာ ဖြစ်ပါတယ်။ အဲဒီအရေးအခင်းကို တချို့က အဓိကရုဏ်းလို ပြောကြပြီး တချို့က ထကြွမှုလို့ ဆိုကြပါတယ်။ အဲဒီအရေးအခင်း အပြီးမှာတော့ ဒက်ထရိုက်မြို့ကို လူဖြူတွေဟာ တဖြည်းဖြည်း စွန့်ခွာသွားကြပါတယ်။ တဖက်မှာ လူမည်းတွေက တဖြည်းဖြည်း များလာတယ်။ ၁၉၈၀ ခုနှစ်တွေမှာတော့ အမေရိကန်မှာ လူမည်းရာခိုင်နှုန်းအများဆုံးနေတဲ့ မြို့တမြို့ ဖြစ်လာခဲ့တယ်။

အဲဒီလို လူမည်းရာခိုင်နှုန်းအများဆုံး နေထိုင်တဲ့မြို့ဖြစ်လို့ ပစ်ကွင်းတခုသဖွယ် ဖြစ်ခဲ့ရတယ်လို့ တချို့က ဆိုပါတယ်။ ရော်နယ်ရီဂင်လက်ထက်မှာတော့ အဆိုးဆုံးလို့ ဆိုတယ်။ ဒက်ထရိုက်က ဒီမိုကရက်မြို့ဖြစ်နေတာလည်း တကြောင်းပါတယ်။ ရီဂင်ရဲ့ စီးပွားရေးပေါ်လစီအောက်မှာ ဒက်ထရိုက်မြို့ရဲ့ စီးပွားရေးလည်း ဆုတ်ရုတ်လာခဲ့တယ်။ တဖက်မှာ ဂျပန်ကားလုပ်ငန်းရဲ့ ပြိုင်ဆိုင်မှုကြောင့်လည်း ထိခိုက်မှုပိုဆိုးခဲ့တယ်။




အလုပ်အကိုင်တွေက ဈေးပိုသက်သာတဲ့ ပြည်ပဆီ ရောက်ကုန်တယ်။

အခုတော့ မြို့လူဦးရေက ၈၀၀,၀၀၀ ပဲ ရှိတော့တယ်။ လူမည်းကတော့ အများစုပါ။ မြို့ပေါ်မှာ လူမနေတော့တဲ့ အဆောက်အအုံတွေ များသလို ရာဇဝတ်မှုလည်း ထူပြောလှတယ်။ လမ်းမတ်မီးတွေကလည်း တဝက်လောက် မီးမလင်းတော့ဘူးတဲ့။ ၉၁၁ ရဲကို ခေါ်ရင်လည်း တနာရီကျော်လောက်ကြာမှ ရောက်သတဲ့။ (အမေရိကန်နိုင်ငံရဲ့ ဖျမ်းမျှစံနှုန်းက ၁၁ မိနစ်ဖြစ်တယ်။) တချိန်က စည်ကားကြွယ်ဝခဲ့တဲ့ မြို့ကြီးတမြို့ဟာ တစပြင်လို ဖြစ်ခဲ့ရပြီ။ အခုတော့ ဒေဝါလီခံခွင့် လျှောက်တဲ့အခြေဆိုက်သွားပါပြီ။

ဒက်ထရိုက်မြို့ရဲ့ပုံပြင်က အမေရိကန်နိုင်ငံရဲ့ လူဖြူလူမည်းဆက်ဆံရေး အခြေအနေကို တကွင်းတကွက်ဖော်ပြလိုက်တာလည်း ဖြစ်ပါတယ်။

## ကျေးစေတမန်ခေတ်ဆီ

ရုရှားနိုင်ငံရဲ့ လုံခြုံရေးအေဂျင်စီ (FSO) က လျှပ်စစ်လက်နှိပ်စက်တွေ အမေရိကန်ဒေါ်လာ (၁၄,၈၀၀) ဖိုး ဝယ်ယူမယ့် အမှာစာကို (FSO) ရဲ့ အင်တာနက်စာမျက်နှာမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။

'ဝီကီလိခ်ပေါက်ကြားမှု၊ စနိုဒင် (Snowden) ရဲ့ ဖော်ထုတ်ဖွင့်ချမှုတွေအပြင် ၂၀၀၉ ခုနှစ် လန်ဒန် ထိပ်သီး (၂၀) အစည်းအဝေး (G20) မှာ မက်ဗီဒက်ဗ် (Medvedev) ပြောဆိုတာတွေကို (အခန်း၊ ဖုန်းစတာတွေ) ခိုးနားထောင်ဖို့ ကိရိယာတွေ တပ်ဆင်ခဲ့တဲ့အကြောင်း ပြန်သိလာရတာတွေကြောင့် အခုလို စာရွက်စာတမ်းအသုံးပြုမှုကို ပိုတိုးချဲ့လုပ်သွားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်တယ်' လို့ (FSO) မှ တဦးက ပြောပါတယ်။ နောက်ပြီး အဲဒီ လျှပ်စစ်လက်နှိပ်စက်တွေရဲ့ အားသာချက်တခုက တလုံးချင်းစီမှာ သီးသန့်ထူးခြားချက် ပါရှိတယ်။ လူလက်ရေးလိုပေါ့။ ဒါကြောင့် စာရွက်စာတမ်းတခုချင်းဟာ ဘယ်လက်နှိပ်စက်က ထွက်လာတာလဲဆိုတာကို ပြန်လိုက်လို့ရတယ်။ ပေါက်ကြားမှုဖြစ်ခဲ့ရင် ပေါက်ကြားတဲ့ဇာစ်မြစ်ကိုလိုက်လို့ လွယ်တယ်။

ရုရှားကာကွယ်ရေး ဝန်ကြီးဌာနနဲ့ အရေးပေါ် ဝန်ကြီးဌာနတွေမှာ အဲဒီလက်နှိပ်စက်တွေကို စသုံးနေပြီလို့လည်း ဆိုပါတယ်။ သမ္မတပူတင်ဆီတင်ပြတဲ့ တချို့အစီရင်ခံစာတွေကို အဲဒီလက်နှိပ်စက်နဲ့ ရိုက်ပြီးတင်နေပြီတဲ့။

အမေရိကန်က ကိုယ့်ရန်ဘက်၊ ပြိုင်ဘက်တွေတင်မက မိတ်ဘက်တွေရဲ့ သတင်းတွေကို ခေတ်မီနည်းစနစ်မျိုးစုံသုံးပြီး ထောက်လှမ်းလာတော့ နိုင်ငံတိုင်းက သတင်းလုံခြုံမှုအတွက် မစဉ်းစားမပြင်ဆင်လို့ မရတော့ပါ။ တကမ္ဘာလုံးက ပေးပို့နေတဲ့ အီးမေးလ်တွေ အားလုံးနီးပါးကိုလည်း ကြားဖြတ်ဖမ်းယူသိမ်းဆည်းပြီး စိစစ်နေတယ်လို့ စနိုဒင်ရဲ့ ဖော်ထုတ်မှုအရ သိရတယ်။

အခုလောလောဆယ်တော့ ကွန်ပြူတာသုံးရာက လက်နှိပ်စက်အဆင့်ကို တဆင့်ပြန်ဆုတ်လာပြီ။ နောင်တချိန်မှာ အီးမေးလ်အစား ကျေးစေတမန်တွေ မလွှတ်ဘူးလို့ မဆိုနိုင်ပေဘူး။

## ဆီးရီးယားပြည်တွင်းစစ်နဲ့အတူ

ဆီးရီးယားမှာ ပြည်တွင်းစစ်အရှိန် တက်လာနေတယ်။ သဘာဝကျစွာပဲ အဲဒီအရှိန်နဲ့အတူ လိုက်တက်လာတာ တခုကတော့ လက်နက်အရောင်းအဝယ်ဈေးကွက်ပါပဲ။ နိုင်ငံကြီးတွေက ဆီးရီးယားအရေးမှာ ကိုယ်စီအကျိုးစီးပွားတွေနဲ့ ဝင်ပါလာတာဆိုတော့ ပိုဆိုးတော့တာပေါ့။

လက်နက် အရောင်းအဝယ်မှာ ယေဘုယျ သုံးမျိုးရှိတယ်လို့ ဆိုနိုင်ပါတယ်။ ပထမတမျိုးကတော့ တရားဝင်လက်နက် အရောင်းအဝယ်ပေါ့။ ဒါကတော့ နိုင်ငံတွေချင်း တရားဝင်စာချုပ်စာတမ်းတွေနဲ့ ရောင်းဝယ်ကြတာပါ။



# သတင်းနှင့်မှတ်ချက်

နောက်တမျိုးကတော့ တရားမဝင်တပိုင်း (ဝါ) မီးခိုးရောင် အရောင်းအဝယ် (gray) လို့ ဆိုပါတယ်။ ဒီအရောင်းအဝယ်မှာ နိုင်ငံချင်း ရောင်းဝယ်တာ ဖြစ်ပေမယ့် နောက်ဆုံးအသုံးပြုမယ့်သူက (end-user) စာချုပ်မှာ ချုပ်ဆိုထားတဲ့အတိုင်း မဟုတ်တော့ဘဲ တခြားလူလက်ထဲ ရောက်သွားတာမျိုး ဖြစ်တယ်။ လုပ်ပုံလုပ်နည်းကတော့ လက်နက်ရောင်းမယ့်သူကို လိမ်လည်ပြီးဝယ်တာ၊ ဒါမှမဟုတ် (end-user) အတု စာရွက်စာတမ်းလုပ်တာ၊ (end-user) အဖြစ် နိုင်ငံတခုခုက အရာရှိတွေကို လာဘ်ထိုးပြီးလက်မှတ်ထိုးခိုင်းတာ စတာတွေ ဖြစ်တယ်။ ဒီနည်းတွေနဲ့ ဝယ်ပြီးတော့မှ လက်နက်တွေဟာ စာချုပ်မှာပါတဲ့ သုံးမယ့်သူ (end-user) ဆီ မဟုတ်ဘဲ တခြား တကယ်သုံးမယ့် (end-user) လက်ထဲ ရောက်သွားတာ ဖြစ်တယ်။

နောက်ဆုံးနည်းကတော့ မှောင်ခိုဈေးကွက်ပါ။ ဒီဈေးကွက်မှာတော့ ဘယ်နိုင်ငံဥပဒေနဲ့ နိုင်ငံတကာ့ဥပဒေတွေမှ မရှိပါ။ ဒီဈေးကွက်မှာ တချို့နိုင်ငံတွေလည်း ပါသလို အကြမ်းဖက်အဖွဲ့အစည်း၊ ရာဇဝတ်ဂိုဏ်းနဲ့ လက်နက်မှောင်ခိုရာဇာကြီးတွေ ရောင်းဝယ်ဖောက်ကားနေကြတာ ဖြစ်တယ်။

ဒုတိယနဲ့ တတိယနည်းလမ်းကို နိုင်ငံတွေအနေနဲ့ ပုန်းလျှိုးကွယ်လျှိုး ထောက်ပံ့ချင်တဲ့အခါမျိုးတွေမှာ သုံးကြလေ့ရှိပါတယ်။ ဥပမာ အမေရိကန်ရဲ့ အီရန် ကွန်ထရာ ဖြစ်ရပ်မျိုးပေါ့။

ဆီးရီးယားသမ္မတ အာဆတ်ကိုတော့ ရုရှားက လက်နက်ထောက်ပံ့ပေးတယ်။ သူကတော့ တရားဝင်လမ်းကြောင်းကလို့ ပြောရမယ်။ အီရန်ကလည်း ထောက်ပံ့ပေးနေတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ကုလသမဂ္ဂက အီရန်ကို လက်နက်တင်ပို့မှု ပိတ်ပင်ထားတဲ့အတွက် တရားဝင် တင်ပို့ခွင့်တော့ မရှိပါ။ မှောင်ခိုနည်းနဲ့ပဲ ပို့နေတာ ဖြစ်တယ်။

ဆီးရီးယားမှ အတိုက်အခံအုပ်စုတွေကတော့ အဖွဲ့တွေ များပြားစုံလင်တယ်။ အလားတူပဲ သူတို့ကို လက်နက်ထောက်ပံ့ ပေးနေသူတွေလည်း များတယ်။ အမေရိကန်နဲ့ဥရောပသမဂ္ဂက သူပုန်အဖွဲ့တွေကို တိုက်ရိုက်လက်နက်ထောက်ပံ့တာ မလုပ်ဘူး။ ပုန်းလျှိုးကွယ်လျှိုး ထောက်ပံ့တာပဲ လုပ်တယ်။ ဥပမာ ဘင်ဂါဇီမှာ အမေရိကန်ဟာ လစ်ဗျားလက်နက်တွေ ဆီးရီးယားသူပုန်တွေဆီ ရောက်ရှိစေရေး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးနေတယ်။ တူရကီကလည်း ပူးပေါင်းဆောင်ရွက်တယ်။ ဒီလက်နက်တွေထဲမှာ (SA-7b) ပခုံးထမ်းလေယာဉ်ပစ်ဒုံးတွေ ပါတယ်။

ဆော်ဒီအာရေဗျနဲ့ အာရပ်စော်ဘွားများနိုင်ငံတို့က တရားဝင်ဝယ်ယူထားတဲ့ ဩစတြီးယားနိုင်ငံလုပ် (Steyr Aug) ရိုင်ဖယ်နဲ့ ဆွစ်နိုင်ငံလုပ် လက်ပစ်ဗုံးတွေလည်း ဆီးရီးယားသူပုန်အဖွဲ့တွေဆီ ရောက်ပါတယ်။ မထူးဆန်းပါ။ အိန္ဒိယနိုင်ငံက ဝယ်ယူထားတဲ့ ဆွီဒင်နိုင်ငံလုပ် တင့်ကားဖျက်လောင်ချာ (M3 Carl Gustav) တွေလည်း ဗမာအစိုးရဆီရောက်ပြီး ကချင်ပြည်နယ်ထိုးစစ်မှာ သုံးတာကို တွေ့ခဲ့ရပြီပဲ။ ဘယ်လိုရောက်သွားတာလဲ ဆိုတာကို စုံစမ်းမယ်လို့ ဆိုတယ်။ ဒါပေမဲ့ အခုအချိန်အထိတော့ ဘာသတင်းအစအနမှ ထွက်မလာပါ။ ထွက်လာမယ်လို့လည်း မထင်ပါ။

ဆီးရီးယားမှာ ပဋိပက္ခဖြစ်နေတဲ့ဘက် ၂ ဖက် စလုံးရဲ့ နောက်မှာ ထောက်ခံအားပေးနေတဲ့ နိုင်ငံကြီးငယ်တွေ ရှိနေတာဆိုတော့ အာဖဂန်၊ အီရတ်နဲ့ လစ်ဗျားတို့လို မြန်မြန်နဲ့ပွဲပြတ်မယ့်ပုံ မမြင်ပါ။

## အင်တာနက်တောအလည် ရာဇဝတ်မှုထုပြောလှတယ်




ဗြိတိန်နိုင်ငံအောက်လွှတ်တော် ပြည်တွင်းရေးရာကော်မတီက အင်တာနက်ရာဇဝတ်မှုတွေကို သူတို့မနိုင်တော့ဘူးလို့ ထုတ်ပြောလာခဲ့တယ်။ ဒီလိုဖြစ်ရတာဟာ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ အတတ်ပညာပိုင်းမှာ လိုအပ်မှုရှိနေတာ၊ အင်တာနက်ရာဇဝတ်မှု ကျူးလွန်သူတွေကို ဖမ်းမိခဲ့ရင်လည်း ပြစ်ဒဏ်က နည်းလွန်းတာတွေကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။ ဥပမာ ပေးပဲလ် (Paypal) ကုမ္ပဏီက စတာလင်ပေါင် ၃.၅ သန်း (အမေရိကန်ဒေါ်လာ ၅.၄ သန်းခန့်) ခိုးယူခဲ့တဲ့ အင်တာနက်ရာဇဝတ်သားတွေဟာ ထောင်ဒဏ် ၇ လနဲ့ ၁၈ လအကြားပဲ ပြစ်ဒဏ်ချမှတ်ခံရတယ်။ အပြင်မှာသာ တကယ့်ဘဏ်ကို ဓားပြတိုက်ပြီး အဲဒီငွေပမာဏ ယူသွားတယ်ဆိုရင် ပြစ်ဒဏ်က ဒီထက်မက ကျမှာပါ။

ဗြိတိသျှနိုင်ငံအနေနဲ့ ဆိုက်ဘာတိုက်ခိုက်မှုအန္တရာယ်ဟာ ကြီးမားလွန်းတာကြောင့် နယူကလီးယားတိုက်ခိုက်မှုထက်တောင် ပိုဆိုးမယ်လို့ သတ်မှတ်ရမယ်တဲ့။ ‘ဘဏ်တဘဏ်ကို ဓားပြတိုက်တာထက် အင်တာနက်မှာ ခိုးယူလို့ ရတာက ပိုများနေတယ်။ နိုင်ငံ ၂၅ နိုင်ငံမှ အင်တာနက်ရာဇဝတ်မှု ကျူးလွန်သူတွေဟာ ဗြိတိန်နိုင်ငံကို နံပါတ်တစ်ပစ်မှတ်အဖြစ် သဘောထားနေကြတယ်။ အံ့ဩစရာကောင်းတာက အဲဒီအင်တာနက် ရာဇဝတ်သားတချို့ဟာ ဥရောပသမဂ္ဂနိုင်ငံတွေက ဖြစ်နေတာပါပဲ။ ၂၁ ရာစု ရာဇဝတ်မှုတွေကို ၂၁ ရာစုနည်းနဲ့ မတုံ့ပြန်နိုင်ရင်တော့ သူတို့ကို လက်ရဖမ်းနိုင်မှာ မဟုတ်ဘူး။’ လို့ အဲဒီကော်မတီက ဆိုပါတယ်။

အင်တာနက်ပေါ်က ရာဇဝတ်မှုဟာ မူးယစ်ဆေးဝါးရောင်းဝယ်မှုထက်တောင် တန်ဖိုးအားဖြင့် ပိုကြီးနေပြီ ဖြစ်တယ်။ မူးယစ်ဆေးဝါး ရောင်းဝယ်မှုဟာ နှစ်စဉ် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၈၈ ဘီလျံရှိပြီး အင်တာနက်ပေါ်က ရာဇဝတ်မှုတွေကတော့ အမေရိကန်ဒေါ်လာ ၃၈၈ ဘီလျံရှိပါသတဲ့။

အီးအစိုးရ၊ အီးစီးပွားရေးတွေ ထူထောင်တော့မယ်ဆိုရင် ဒီအန္တရာယ်ကလည်း မသေးပါ။ တဖက်မှာလည်း ဒီအန္တရာယ်ကို အကြောင်းပြပြီး ပြည်သူတွေရဲ့ လွတ်လပ်ခွင့်တွေကို အစိုးရက ကန့်သတ်ချိုးဖောက်လာမှာတွေလည်း ရှိပါတယ်။ အခုကို အမေရိကန်မှာ လုံခြုံရေးအကြောင်းပြပြီး ပြည်သူတွေရဲ့ လွတ်လပ်မှုအခွင့်အရေးတွေကို အစိုးရက ချိုးဖောက်နေတယ် မဟုတ်လား။ ဗမာပြည်မှာလည်း အီလက်ထရောနစ် ပုဒ်မဆိုတာနဲ့ ထောင်ကျခဲ့ရသူတွေ မနည်းပါ။ အခုလည်း ပုံနှိပ်ဥပဒေမူကြမ်းမှာ အီလက်ထရောနစ်ဆိုင်ရာ ကိစ္စတွေ ပါတယ်။ စာနယ်ဇင်းသမားတွေကတော့ ဒါကို ကန့်ကွက်နေကြပါတယ်။ ကိုယ့်အခွင့်အရေးတွေကို ကိုယ်တိုင်ပဲ ကာကွယ်တိုက်ယူရမှာပါ။

## မောင်းသူမဲ့လေယာဉ်နောက်ဝယ်

၂၀၁၃ ခုနှစ် ဇူလိုင် ၂၈ ရက်နေ့က အာဖဂန်နယ်စပ်အနီးရှိ ပါကစ္စတန်နိုင်ငံအတွင်းမှာ အမေရိကန်ရဲ့ မောင်းသူမဲ့လေယာဉ်မှ တိုက်ခိုက်မှုကြောင့် လူ၄ဦး သေဆုံးသွားခဲ့ပါတယ်။ အခုလို အတိုက်အခိုက်ခံနေရတာဟာ အထူးအဆန်း မဟုတ်တော့ပါ။ ၂၀၀၄ ခုနှစ်ကတည်းက အမေရိကန်ဟာ ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းမှာ မောင်းသူမဲ့လေယာဉ်တွေနဲ့ တိုက်ခိုက်မှုတွေ (drone attacks) ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ အခုအချိန်ထိဆိုရင် အကြိမ်ပေါင်းရာချီနေပါပြီ။ ပါကစ္စတန်အစိုးရက ဒီတိုက်ခိုက်မှုတွေကို လူသိရှင်ကြား ကန့်ကွက်ရှုတ်ချလေ့ ရှိပါတယ်။ ဒါပေမဲ့ တချို့တိုက်ခိုက်မှုတွေကို သူကိုယ်တိုင်လည်းကြိုသိပြီး သဘောတူခွင့်ပြုခဲ့တာလို့လည်း ဆိုကြပါတယ်။

# သတင်းနဲ့မှတ်ချက်

စုံစမ်းဖော်ထုတ်စာနယ်ဇင်းဗျူရို (Bureau of Investigative Journalism) ရဲ့ ခန့်မှန်းချက်အရ ၂၀၁၃ ခုနှစ် ဇူလိုင်လအထိ အမေရိကန်ဟာ ပါကစ္စတန်မှာ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုပေါင်း အကြိမ် (၃၃၀) ပြုလုပ်ခဲ့တယ်။ ၅၂ ကြိမ်က သမ္မတဘုရှ်လက်ထက်မှာဖြစ်ပြီး ကျန် ၃၁၈ ကြိမ်က (နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်) သမ္မတအိုဘားမားလက်ထက်မှာ ဖြစ်တယ်။ အဲဒီအဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ သေဆုံးသူပေါင်း (၂,၅၄၈ မှ ၃,၅၄၉) ဖြစ်ပြီး၊ အရပ်သားသေဆုံးသူ (၄၁၁ မှ ၈၉၀) ဖြစ်တယ်။ သေဆုံးသူ ကလေးသူငယ်ပေါင်းက (၁၆၈ မှ ၁၉၇) ဖြစ်တယ်။ ဒဏ်ရာရရှိသူပေါင်းက (၁,၁၇၇ မှ ၁,၄၈၀) ရှိတယ်။ ကျန်တဲ့ အာဖဂန်နစ္စတန်၊ လစ်ဗျား၊ အီရတ်၊ ယီမင်နဲ့ပါကစ္စတန်အပါဆိုရင် ပြီးခဲ့တဲ့ ၅ နှစ်အတွင်း အမေရိကန်ဟာ (drone attacks) ပေါင်း ၁၂၀၀ ကျော် ပြုလုပ်ခဲ့တယ်။

တိုက်ခိုက်သတ်ဖြတ်မှုတွေကို ဘယ်လိုဆောင်ရွက်ကြပါသလဲ။ ဦးစွာအားဖြင့် အမေရိကန်ရဲ့ အကျိုးစီးပွားတွေအပေါ် ခြိမ်းခြောက်အန္တရာယ်ပေးနိုင်သူတွေရဲ့ ကိုယ်ရေးရာဇဝင်တွေကို ပြုစုတယ်။ အဲဒီစာရင်းထဲကို သံသယရှိသူတချို့ကို သက်သေအထောက်အထားအနည်းငယ်မျှလောက်နဲ့တင် ထည့်သွင်းလိုက်ကြပြီး တချို့ဆိုရင် ဘာသက်သေအထောက်အထားမှ မရှိဘဲနဲ့ ထည့်ထားတာလို့ စွပ်စွဲမှုတွေလည်း ပေါ်ထွက်နေတယ်။ နောက်ဆုံးအဆင့်အနေနဲ့ ဒီသတ်ဖြတ်သုတ်သင်ရမယ့်သူစာရင်း (kill lists) ကို အိမ်ဖြူတော်မှာ အပါတ်စဉ် အကြမ်းဖက်ခြောက်လှန့်သတ်ဖြတ်မှု တန်ပြန်တိုက်ခိုက်ရေး (counter-terrorism) အစည်းအဝေးမှာ အပြီးသတ်ဆုံးဖြတ်အတည်ပြုပါတယ်။ အိုဘားမားက အတည်ပြုပေးရတာပါ။ အပါတ်စဉ်သေဒဏ်စာရင်း ထုတ်ပြန်ပေးနေတာဆိုတော့ သုတ်သင်ခံရမယ့်လူ အရေအတွက်က နည်းမှာမဟုတ်ပါ။

အဲဒီမောင်းသူမဲ့လေယာဉ်တွေကို အဝေးကနေ ကွန်ပျူတာမျက်နှာပြင်ပေါ်ကတဆင့် ထိန်းချုပ်မောင်းနှင်ကြတာ ဖြစ်တယ်။ အဲဒီ (drone attacks) တွေကို ထိန်းချုပ်ကိုင်တွယ်ခဲ့သူတဦးက ဗွီဒီယိုဂိမ်းကစားနေရတာနဲ့ အတော်တူပါတယ်လို့ ပြောတယ်။ နောက်ပြီး သူတို့ရည်မှန်းထားတဲ့သူတွေမဟုတ်ဘဲ တခြားမဆိုင်တဲ့သူတွေပါ ထိခိုက်သေဆုံးတာတွေရှိကြောင်းလည်း ဝန်ခံခဲ့တယ်။ အမြန်ဆုံးဖြတ်၊ အမြန်ခလုတ်နှိပ် လုပ်ကြရတာဆိုတော့ ဖြစ်မှာပါ။ ဗွီဒီယိုဂိမ်းဆိုတာက မြန်မြန်ခလုတ်နှိပ်နိုင်မှ အနိုင်ရတာမဟုတ်လား။ ဒါပေမဲ့ အခုဟာက ဗွီဒီယိုဂိမ်းမဟုတ်ဘဲ တကယ့်လူတွေ သေနေကြရတာမို့ ထိတ်လန့်စရာပါ။

သေဒဏ်ချတဲ့စာရင်းကိုလည်း ကိုယ့်သဘောနဲ့ကိုယ်လုပ်၊ ဒါတွေကို အကောင်အထည်ဖော်တဲ့သူတွေကလည်း ဗွီဒီယိုဂိမ်းကစားရသလိုပဲဆိုတော့ တကယ့်အကြမ်းဖက် အန္တရာယ်ဟာ ဘယ်သူလဲဆိုတာ ……။



ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက  ထုတ်ဝေသည်